# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့။ Sunday, 19 January 2025 ၁၁၇၀၇


### လူအပေါင်းချစ်မြတ်နိုး

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



(၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ)ကျင်းပစဉ်။

## (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ)ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ)ဖြေဆိုပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

## ညောင်ရွှေမြို့၌ ဆဋ္ဌမအကြိမ်မြောက် အင်းလေးကန်ဖြတ်စုပေါင်းစက်ဘီးစီးပြိုင်ပွဲ ကျင်းပ




ညောင်ရွှေမြို့၌ ဆဋ္ဌမအကြိမ်မြောက် အင်းလေးကန်ဖြတ်စုပေါင်းစက်ဘီးစီးပြိုင်ပွဲ ကျင်းပစဉ်။
မောင်မောင်သန်း(တောင်ကြီး)

ညောင်ရွှေ ဇန်နဝါရီ ၁၈

ရှမ်းပြည်နယ် အင်းလေးဒေသ ခရီးသွားလုပ်ငန်း မြှင့်တင်ရေး အစီအစဉ်အဖြစ် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနနှင့် အားကစားနှင့်ကာယ ပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ဆဋ္ဌမအကြိမ်မြောက် အင်းလေးကန်ဖြတ် စုပေါင်းစက်ဘီးစီးပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီက ရှမ်းပြည်နယ် ညောင်ရွှေမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း စုရပ်၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၂ သို့ ❖

### ယနေ့ ဖတ်စရာ


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ကျောင်းပြင်ပ ပညာရေးကဏ္ဍ ဆောင်ရွက်ချက်များ
ဆောင်းပါး စာမျက်နှာ » ၆





အာဆီယံ - အိန္ဒိယ မီဒီယာဖလှယ်ရေးခရီးစဉ် အတွေ့အကြုံများ
ဆောင်းပါး စာမျက်နှာ » ၁၀





ကြေးမုံ

# နိုင်ငံတော်၏အနာဂတ်ကောင်းမွန်အောင် ရည်မှန်းချက်အောင်မြင်အောင်ဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမျိုးသားရေးရည်မှန်းချက်မှာ တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးဖြစ်သည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ လိုလားချက်မှာ အေးချမ်းသာယာဝပြောသည့် တိုင်းပြည်အတွင်း စားရေရိက္ခာများအတွက် မပူပင်ရဘဲ ဖူဖူလုံလုံ လောက်လောက်ငငဖြင့် စားသောက်နေထိုင်နိုင်ရေးပင်ဖြစ်သည်။ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြစ်၍ ရည်မှန်းချက်များအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်က ချမှတ်ထားသည့် ဦးတည်ချက်(၉)ရပ်ကို ကြည့်လျှင် အမျိုးသားရေးရည်မှန်းချက်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် ချမှတ်ထားခြင်းဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်သည်။ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်သည် နိုင်ငံတော်၏ရည်မှန်းချက်၊ နိုင်ငံရေးမျှော်မှန်းချက်များဖြစ်သည်ကို တွေ့မြင်နိုင်သည်။ နိုင်ငံတော်အစိုးရ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့သည့် လေးနှစ်တာကာလအတွင်း ရှေ့လုပ်ငန်း စဉ်(၅)ရပ်နှင့်ဦးတည်ချက်(၉)ရပ်ကို အဆင့်လိုက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများ အတိုင်းအတာတစ်ခုအထိရရှိခဲ့ပြီး ယခုအခါ နောက်ဆုံးရည်မှန်းချက်ကိုပင် အကောင်အထည်ဖော်နေပြီဖြစ်သည်။

"မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ခေတ္တဝင်ရောက်တာဝန်ယူရသည့် အစိုးရတစ်ရပ်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းသည် ၎င်းတို့နိုင်ငံတိုးတက်ရေးအတွက် အမြဲတမ်းစဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေကြကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်လည်း နောက်တွင်မကျန်ရစ်ခဲ့စေရန်အတွက် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေရခြင်းဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ထို့ပြင် "နိုင်ငံရေးသည် စီးပွားရေးမဟုတ်သော်လည်း စီးပွားရေးသည် နိုင်ငံရေးနှင့် နိုင်ငံ့အရေးပင်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းမှသာလျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး အဘက်ဘက်မှ အားကောင်းလာမည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားရေးအားကောင်းအောင် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း" ဖြည့်စွက်မှာကြားခဲ့သည်။ မျက်မှောက်ကာလတွင် နိုင်ငံတော်အနေဖြင့် အခက်အခဲ၊ အကျပ်အတည်း အနှောင့်အယှက်အမျိုးမျိုးကြားမှ ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိခဲ့ခြင်းသည် စီးပွားရေးပြန်လည်ဦးမော့လာအောင်၊ တိုးတက်ကောင်းမွန်အောင် တက်ညီလက်ညီ ဆောင်ရွက်နိုင်ခဲ့သောကြောင့်ဖြစ်သည်။

ယခုအခါ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏ နောက်ဆုံးအချက်ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ပေါ်ထွက်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ လွတ်လပ်၍တရားမျှတသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးအတွက် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ ကောက်ခံရရှိသည့်အချက်အလက်များအရ လူဦးရေအနေဖြင့် ကျဆင်းလျက်ရှိပြီး ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းနှင့် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူစဉ်က ရရှိသည့်လူဦးရေထက် လျော့နည်းပြီး လူဦးရေ ၅၁ သန်းကျော်သာရှိသည်ကို တွေ့နိုင်သည်။ အကြောင်းမှာ မွေးဖွားနှုန်းကျဆင်းခြင်း၊ ပြည်ပနိုင်ငံများသို့ ထွက်ခွာသူများလာခြင်း၊ သေဆုံးသူတိုးလာခြင်းတို့ကြောင့်ဖြစ်သည်။

လူဦးရေကျဆင်းခြင်းကြောင့် ပြည်တွင်း၌ လုပ်သားအင်အား ရှားပါးလာခြင်း၊ ရွေးကောက်ပွဲကျင်းပရာ၌ အတိုင်းအတာတစ်ခုအထိ သက်ရောက်မှုရှိခြင်းတို့ကို ကြုံတွေ့နိုင်သည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်၏အန္တိမရည်မှန်းချက်ကို အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ ရွေးကောက်ပွဲကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲကျင်းပနိုင်သည့် အခြေအနေသို့ရောက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များပေါ်ပေါက်လာပြီး ဂုဏ်သိက္ခာရှိသည့် နိုင်ငံရေးအခင်းအကျင်းကို တည်ဆောက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက နိုင်ငံတော်နှင့်ပြည်သူများအပေါ် မှန်ကန်သောစေတနာထားရှိပြီး (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်ကို ခေတ္တတာဝန်ယူဆောင်ရွက်သည့် လေးနှစ်တာကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ခဲ့ခြင်းသည် လက်ရှိကာလနှင့် ဒီမိုကရေစီအစိုးရကာလ နိုင်ငံတော်၏အနာဂတ် အေးချမ်းသာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်လာအောင် မျှော်မှန်းဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

## ကြံခင်းမြို့နယ်၌ သုတဓမ္မဒီပလိုမာနှင့်သုတဓမ္မဂဝေသီ B.A part(1)၊ (2)သင်တန်းဖွင့်

ကြံခင်း ဇန်နဝါရီ ၁၈

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ ရွှေညောင်ပင်ကျောင်း ပညာဆီမီးဓမ္မာရုံ၌ ယနေ့နံနက်ပိုင်းက ၅၂၈ လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောက်တိုင် ကျောင်းတိုက် ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တပညာနန္ဒဦးစီးပြီး သုတဓမ္မဒီပလိုမာနှင့် သုတဓမ္မဂဝေသီ B.A Part (1)၊ (2) သင်တန်းကို ဖွင့်လှစ်ခဲ့သည်။



ဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါယမက သြဝါဒစကား မိန့်ကြားသည်။ ဆက်လက်၍ ၅၂၈ လူငယ်ဖွံ့ဖြိုးရေး ပရဟိတ ကျောက်တိုင် ကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တပညာနန္ဒက သင်တန်းပို့ချသင်ကြားရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ သင်ကြားပို့ချပေးသည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၁၈ ရက် (စနေနေ့) မှစတင်ကာ အပတ်စဉ် (စနေ၊ တနင်္ဂနွေနေ့)များတွင် ကြံခင်းမြို့ ရွှေညောင်ပင်ကျောင်းတိုက် ပညာဆီမီး ဓမ္မာရုံတွင် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ရောဦးသာ**



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ် (၄)ရပ်ကွက် မြို့မဈေးအနီး ရှစ်မျက်နှာစေတီတော်ပရိဝုဏ်ရှိ မဟာဓမ္မရက္ခိတ တန်ဆောင်း၌ ဇန်နဝါရီ ၁၈ ရက် မွန်းလွဲပိုင်းက ရှစ်မျက်နှာစေတီတော်၊ လေးကျွန်းမာရ်အောင်စေတီတော်နှင့် လောကမာရစိန်ဘုရားများတွင် ရွှေသင်္ကန်းကပ်လှူပူဇော်ရန် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

ကိုကျော်(သုံးခွ)

**၁၈ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၄၁၀၀၀၀** ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်နိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၈

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် (သန်လျင်)တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ရေနံချောင်းတက္ကသိုလ် ဘူမိဗေဒဌာနမှ ပါမောက္ခ/ဌာနမှူးနှင့် ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ စွမ်းအင်ဝန်ကြီးဌာနမှ အငြိမ်းစားအရာရှိကြီးများ၊ စွမ်းအင်ဆိုင်ရာ အဖွဲ့အစည်း/ ကုမ္ပဏီများမှ ပညာရှင်များအား ယနေ့တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အောက်မြန်မာပြည်ရုံးခွဲ (စိမ်းလဲ့မေ)၌ တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ကဏ္ဍသည် အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ယခုနှစ်အတွင်း "2025, the Year of Myanmar Energy" ဆောင်ပုဒ်နှင့်အညီ စွမ်းအင်ကဏ္ဍ ခေတ်တစ်ခေတ်ဆန်းသစ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးဆက်သစ်ဘူမိဗေဒပညာရှင်များ၊ ရေနံအင်ဂျင်နီယာများအပါအဝင် စက်မှု၊ ဓာတုအင်ဂျင်နီယာများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် Stakeholder များက ဝိုင်းဝန်းပံ့ပိုး အားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဘာသာရပ်အလိုက် ကျောင်းသား ကျောင်းသူများအား Scholar-ship ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့ ပူးပေါင်း၍ ရေနံချောင်းတက္ကသိုလ်၌ ရေနံဘူမိဗေဒဘာသာရပ်ကို လေးနှစ် ဘွဲ့သင်တန်းအဖြစ် ၂၀၂၅ ခုနှစ် ပညာသင်နှစ်မှစတင်၍ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဘွဲ့များရရှိပြီးချိန်တွင် မိမိတို့ဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်လိုပါက လက်ခံခန့်ထားပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဘူမိဗေဒဘာသာရပ်၊ ရေနံအင်ဂျင်နီယာဘာသာရပ်၊ ဓာတုအင်ဂျင်နီယာဘာသာရပ်နှင့် စက်မှုအင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ သင်ကြားမှုအခြေအနေ၊ လိုအပ်ချက်များနှင့် ပံ့ပိုးဆောင်ရွက်ပေးရမည့် လိုအပ်ချက်များကိုလည်းကောင်း၊ လုပ်ငန်းခွင် အတွေ့အကြုံများနှင့် ဗဟုသုတများအပေါ် အခြေခံကာ ပိုမိုကောင်းမွန်သော သင်ကြားရေးစနစ်ဖြစ်စေရေး အကြံပြုချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ရှိ စွမ်းအင်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းကျောင်း ဖွင့်လှစ်ပြီးပါက တက္ကသိုလ်များမှ ဆရာ ဆရာမများကို Training For Trainer အစီအစဉ်များ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ Stakeholder များပါဝင်သည့် ကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အရေးအကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍတွင် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❂ ရှေ့ဖုံးမှ**

(၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ)ပွဲ၌ အဘိဓမ္မာ(ဒုတိယပိုင်း)တွင် စာရင်းသွင်းသံဃာတော် လေးပါးရှိပြီး ဖြေဆိုသံဃာတော် လေးပါး၊ အဘိဓမ္မာ (ပထမပိုင်း)တွင် စာရင်းသွင်း သံဃာတော် ၁၇ ပါးရှိပြီး ဖြေဆိုသံဃာတော် ၁၅ ပါး၊ ဒီဃနိကာယ်ကျမ်းတွင် စာရင်းသွင်း သံဃာတော် ၃၈ ပါးရှိပြီး ဖြေဆိုသံဃာတော် ၃၅ ပါး၊ ဝိနည်း(ပထမပိုင်း)တွင် စာရင်းသွင်း သံဃာတော် ၁၂၆ ပါးရှိပြီး ဖြေဆိုသံဃာတော် ၁၁၃ ပါးတို့ဖြစ်သည်။

ယနေ့ဖြေဆိုကြသည့် သံဃာတော်များနှင့် ကြီးကြပ်ဆရာတော်များအား နေ့ဆွမ်းအလှူရှင် ဒေါက်တာမျိုးထက်အေးနှင့် ဇနီး မိသားစုများ၊ သာကေတမြို့နယ်မှ ပရဟိတ အကျိုးဆောင်အလှူရှင်များအဖွဲ့ (ရန်ကုန်)နှင့် ဗီယက်နမ်နိုင်ငံ သာသနာပြုကုသိုလ်အဖွဲ့မှ အချိုရည်နှင့် ရဟန်းအသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❖ ညောင်ရွှေမြို့မှ**

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားပြီး အကြီးတန်း ၃၀ ကီလိုမီတာနှင့် အငယ်တန်း ၁၅ ကီလိုမီတာ စက်ဘီးစီးနင်းခြင်းအတွက် သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။

**အားကစားသမား ၅၀၀ ကျော် ပါဝင်ဆင်နွှဲ**

အဆိုပါ စုပေါင်းစက်ဘီးစီးနင်းပွဲအပြီးတွင် ပန်းဝင်သည်အထိ စီးနင်းခဲ့ကြသူများအား ကံစမ်းမဲဖွင့်ဖောက်၍ အမှတ်တရလက်ဆောင်ဆုများ ပေးအပ်ချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ တာဝန်ရှိသူများက ဆုရရှိကြသူများအား အမှတ်တရဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်းနှင့် စုပေါင်းစက်ဘီးစီးနင်းပွဲသို့ စက်ဘီးစီးအားကစားသမား စုစုပေါင်း ၅၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**




ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ဆဋ္ဌမအကြိမ်မြောက် အင်လေးကန်ဖြတ် စက်ဘီးစီးပြိုင်ပွဲကို သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးစဉ်။ ဓာတ်ပုံ- မောင်မောင်သန်း(တောင်ကြီး)

**တစ်လှေတည်းစီး တစ်ခရီးတည်းသွား**
**တစ်စိတ်တည်းတစ်ဝမ်းတည်းမကွဲပြား ပြည်ထောင်စုရဲ့ နှလုံးသား**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ MSME များ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၁၈

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျောက်ပုံကုန်းကျေးရွာရှိ UK ကြက်သွန်ကြော် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကုန်ကြမ်းသေချာမှုရှိသည့် စိုက်ပျိုးရေး ထွက်ကုန်များကိုအသုံးပြု၍ တန်ဖိုးမြှင့်ထုတ်ကုန် ကုန်ချောများဖြစ်အောင် ဆောင်ရွက်ကြရန် လမ်းညွှန်မှုပြုထားကြောင်း၊ UK ကြက်သွန်ကြော် လုပ်ငန်းသည် စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်၍ အောင်မြင်အောင် ကြိုးစားကြစေလိုကြောင်း၊ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးအတွက်လည်း ဦးစားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေတစ်ရပ်ထူထောင်၍ လုပ်ငန်းရှင်များကို ချေးငွေများထုတ်ချေးပေးလျက်ရှိကြောင်း၊ ချေးငွေရရှိပြီးသော လုပ်ငန်းရှင်များအနေဖြင့် ရရှိသောချေးငွေများကို MSME များတွင်သာ မှန်မှန်ကန်ကန် ရင်းနှီးမြှုပ်နှံကြစေလိုကြောင်း ပြောကြားပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် သာစည်မြို့နယ် ကူဖြူကျေးရွာရှိ တောင်သူ ဒေါ်မွန်မွန်ဌေး စိုက်ပျိုးထားသည့် ဖြစ်ထွန်းအောင်မြင်နေသော ကြက်သွန်နီစိုက်ခင်းအား သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)၌ မြန်မာ့ရိုးရာ သိုင်းသင်တန်းဆင်းပွဲကျင်းပ

စစ်ကိုင်း ဇန်နဝါရီ ၁၈

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)တွင် မြန်မာ့ရိုးရာ(အခြေခံ၊ အဆင့်မြင့်)သိုင်းပညာသင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျောင်းရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း) ကျောင်းအုပ်ကြီး ဦးစိုးကြည်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအေးကိုကိုက အားကစားနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပြီး ကျောင်းအတွက် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းတွင် ဆုရရှိကြသော သင်တန်းသား သင်တန်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး မြန်မာ့သိုင်းစွမ်းရည်များ သရုပ်ပြသကြသည်။

အဆိုပါ မြန်မာ့ရိုးရာ(အခြေခံ၊ အဆင့်မြင့်)သိုင်းပညာသင်တန်းကို ဇန်နဝါရီ ၂ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသား သင်တန်းသူ ၄၆၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**

## တိုက်ကြီးမြို့နယ်၌ Grade-9 သင်ယူပြီးမြောက်သည့် ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများဆိုင်ရာ အသိပညာပေးဟောပြော

တိုက်ကြီး ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့၌ အခြေခံပညာအလယ်တန်းဆင့် Grade-9 သင်ယူပြီးမြောက်သည့် ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက်၁ဝနာရီက အခြေခံပညာအထက်တန်းကျောင်း(အဖျောက်) ငုချယ်ရီခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါ်စန္ဒာဦးက အမှာစကား ပြောကြားသည်။ ဆက်လက်၍ အစိုးရနည်းပညာကျောင်း(ရွာမ) ကျောင်းအုပ်ကြီး ဦးဇေယျအောင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ သိမ့်သဥ္စာရွှေ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်



တို့က စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေးနည်းပညာ၊ အတတ်ပညာဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

## ဆဋ္ဌမအကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာပညာရေးပြပွဲ ၂၀၂၅ (ရန်ကုန်)ကျင်းပ




ရန်ကုန် ဇန်နဝါရီ ၁၈

ဆဋ္ဌမအကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာပညာရေးပြပွဲ ၂၀၂၅(ရန်ကုန်)ကို ယနေ့နံနက်ပိုင်းတွင် The Eravati Sule Grand Yangon Hotel ၌ ကျင်းပသည်။

ဦးစွာ ဆဋ္ဌမအကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ ပညာရေးပြပွဲ ၂၀၂၅(ရန်ကုန်)ဖွင့်ပွဲကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အခမ်းအနား တက်ရောက်လာကြသူများက ခန်းမအတွင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါပွဲတော်တွင် ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကနေဒါနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့မှ တက္ကသိုလ်နှင့်ကောလိပ်များ၊ ပြည်တွင်း၊ ပြည်ပမှ တက္ကသိုလ်နှင့် ကောလိပ်များ၊ ပြည်တွင်းမှ ပုဂ္ဂလိကပညာရေးသင်တန်းကျောင်းများ၊ အိုင်တီသင်တန်းကျောင်းများ၊ နိုင်ငံခြားဘာသာနှင့် နိုင်ငံခြားတက္ကသိုလ်များ၊ နိုင်ငံခြားသင်ရိုးညွှန်းတမ်းများကို ခင်းကျင်းပြသထားသည့် ကျောင်းများ၊ ကျောင်းနေအရွယ်မှစ၍ ပညာသင်ကြားနိုင်သော နိုင်ငံတကာကျောင်းများ ပါဝင်ပြသထားကြောင်း သိရသည်။

ပြပွဲရက်အတွင်း လာရောက်လေ့လာသူများ၊ ကျောင်းသားလူငယ်များကို သက်ဆိုင်ရာကျောင်းများမှ ပညာရှင်များက ဆွေးနွေးဟောပြောမည်ဖြစ်ပြီး ကျွမ်းကျင်မှုနှင့်ပညာရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောကြမည်ဖြစ်သည်။

အဆိုပါပြပွဲကို ဇန်နဝါရီ ၁၈ ရက်မှ ၁၉ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

## မုဒုံမြို့၌ စာဖတ်ရိုက်မြင့်မားရေး လူငယ်စကားဝိုင်း ကျင်းပ

မုဒုံ ဇန်နဝါရီ ၁၈

စာဖတ်ရိုက်မြင့်မားစေရန်အတွက် မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယမန်နေ့က အထက(ခွဲ) ကော့ခပုံကျောင်း၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထားထားဝေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုးမိုးစန္ဒာထွန်းက လူငယ်စကားဝိုင်း ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်လူငယ်စကားဝိုင်းတွင် Grade -10 နှင့် Grade-11 မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့် ယဉ်ကျေးမှုတန်ဖိုး၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် ယဉ်ကျေးသွင်ပြင် ဝတ်စားဆင်၊ လူငယ်နှင့် ကြီးပွားရေးစသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## ပေါင်းတည်မြို့နယ်၌ အသက် ၈၅နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ပေးအပ်

ပေါင်းတည် ဇန်နဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုဘိုးဘွားများအား လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုရေးပင်စင်ပေးအပ်ခြင်းကို ပေါင်းတည် မြန်မာ့စီးပွားရေးဘဏ်၌ ဇန်နဝါရီ ၁၅ ရက်မှ စတင်ထုတ်ပေးလျက်ရှိသည်။

ထိုသို့ နိုင်ငံတော်မှ သက်ကြီးရွယ်အိုများအား ကြည့်ရှုစောင့်ရှောက်ပံ့ပိုးမှု လုပ်ငန်းတစ်ရပ်ဖြစ်သော လူမှုရေးပင်စင်ထုတ်ပေးရာတွင် သက်ဆိုင်ရာမြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုဘိုးဘွားများအား စာရင်းကောက်ယူသည့်အချိန်၊ စာရင်းထည့်သွင်းထားသော ငွေထုတ်မည့်သူအမည်ဖြင့် မြန်မာ့စီးပွားရေးဘဏ်တွင် လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။ **ရွှေသား(ပြန်/ဆက်)**

# အထပ်မြင့်အဆောက်အအုံ မီးငြှိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သဏ္ဍာန်တူသရုပ်ပြ

**ဘားအံ ဇန်နဝါရီ ၁၈**

ကရင်ပြည်နယ် မီးသတ်ဦးစီးဌာနမှ အထပ်မြင့်အဆောက်အအုံ မီးငြှိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သဏ္ဍာန်တူသရုပ်ပြလေ့ကျင့်မှုကို ယနေ့နံနက်၈ နာရီက ဘားအံမြို့ လှာကမြင်ကွက်သစ် အားကစားသမားတည်းခိုဆောင် (၅)ထပ်အဆောက်အအုံ၌ ကျင်းပသည်။



**ကြည့်ရှုအားပေး**

ဦးစွာ ကရင်ပြည်နယ် မီးသတ်ဦးစီးမှူးရုံး ဘားအံခရိုင် မီးသတ်စခန်း၊ ဘားအံမြို့နယ် မီးသတ်စခန်းတို့မှ မီးသတ်တပ်ဖွဲ့ဝင် ၄၀ ၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအသင်း ၂၀၊ မီးငြှိမ်းသတ်ယာဉ် ခြောက်စီး၊ မီးသတ်ရေသယ်ယာဉ် သုံးစီး၊ နိုင်ငံတကာအဆင့်မီ Hydraulic Platform Vehicle 48 meter အထပ်မြင့်မီးငြှိမ်းသတ်ရေးယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ် တစ်စီး၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအသင်းမှ လူနာတင်ယာဉ်နှစ်စီး စုစုပေါင်းယာဉ်/စက် ၁၃ စီးတို့ဖြင့် မီးလောင်မှုသတင်းကို ရရှိသည်နှင့် ယာဉ်အုပ်စုများထွက်ခွာ၍ မီးငြှိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပိတ်မိသူများအား ဝင်ရောက်ရှာဖွေကယ်ဆယ်၍ အနီးစပ်ဆုံးဆေးရုံသို့ပို့ဆောင်ပေးခြင်း၊ မီးကိုအပြီးသတ်ငြှိမ်းသတ်နိုင်ရေးအတွက် အဆောက်အအုံအတွင်းဝင်ရောက်၍ အထပ်အလိုက် မီးငြှိမ်းသတ်ခြင်း၊ သက်ဆိုင်ရာယာဉ်အုပ်စုများက မီးကိုအပြီးသတ်ငြှိမ်းသတ်ပြီးနောက် မီးလောင်မှုအကြောင်းအရင်းရှာဖွေခြင်း၊ မီးလောင်ဆုံးရှုံးမှုများကို တွက်ချက်ခြင်း၊ မီးသတ်ပစ္စည်းကိရိယာများ ပြန်လည်စုစည်း၍ တပ်ဖွဲ့ဝင်များအား ပြန်လည်စိစစ်ခြင်းများကို သဏ္ဍာန်တူသရုပ်ပြလေ့ကျင့်ခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ခေတ်မီမီးငြှိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများကို ဘဏ္ဍာနှစ်အလိုက် နှစ်စဉ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး အကျိုးရှိရှိ ထိရောက်စွာအသုံးပြုနိုင်ရေး အမြဲလေ့ကျင့်ဆောင်ရွက်နေရမည် ဖြစ်ကြောင်း၊ မီးသတ်သမားကောင်းတစ်ယောက်တွင် ရှိရမည့် ခိုင်မာတည်ကြည်သော စိတ်ဓာတ်၊ လုပ်ငန်းစွမ်းဆောင်ရည်နှင့် အတွေ့အကြုံ၊ နည်းပညာကျွမ်းဝမှုတို့နှင့်အတူ ပြည်သူကိုဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ပြီး ရှာဖွေကယ်ဆယ်ရေးနည်းပညာများကို စဉ်ဆက်မပြတ်လေ့လာဆည်းပူး၍ မိမိနိုင်ငံအတွက်အသုံးချနိုင်ရန် အားထုတ်ကြိုးပမ်းကာ ပြည်သူမှအားကိုးယုံကြည်ရသော မီးသတ်သမားကောင်းများဖြစ်ရန် ကြိုးစားလေ့ကျင့်သွားကြစေလိုကြောင်း ပြောကြားကာ သဏ္ဍာန်တူသရုပ်ပြလေ့ကျင့်ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအသင်းဝင်များအတွက် ငွေကျပ် ၁၀ သိန်းကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း) လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၆ ရက်က ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်ရှိ ဝဲကြီးရေလှောင်တမံ၏ လက်ယာတူးမြောင်းမကြီးနှင့် တူးမြောင်းလက်တံ အမှတ်(၁၀-က) တို့မှ စိုက်ပျိုးရေပေးဝေနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေ ပေးဝေရာတွင် အလေအလွင့်နည်းပါးစွာ စနစ်တကျ ပေးဝေနိုင်ရေး၊ ရေလှည့်စနစ်ဖြင့် ပေးဝေနိုင်ရေး၊ ရေသောက်ဧရိယာအတွင်း ကုန်းမြင့်စိုက်ပျိုးမြေများတွင် ဆိုလာရေတင်စနစ်ဖြင့်လည်းကောင်း၊ အလိုအလျောက်ရေတင်စနစ် (Water Turbine Pump)ဖြင့် လည်းကောင်း ရေပေးဝေနိုင်ရေး စီမံဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ကြူတောကန်အုပ်စု နတ်ပုတီးကျေးရွာရှိ တောင်သူဦးကျော်နိုင်၏ ဘဲကောင်ရေ ၅၀၀၀ မွေးမြူရေးခြံကို သွားရောက်ကြည့်ရှုအားပေးပြီး ဝဲကြီးဆည်ရေသောက်စနစ် သုံးသီးစိုက်ဧရိယာအတွင်း၌ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော ဆောင်းမတ်ပဲ ဧက ၁၅၀ စံပြကွက် ရွက်ဖျန်းမြေဩဇာပက်ဖျန်းနေမှုကို ကြည့်ရှုအားပေးကာ တောင်သူအသိပညာပေးလုပ်ငန်းများ ကျယ်ပြန့်ထိရောက်စွာ လုပ်ဆောင်ကြရန်၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြရန်၊ စိုက်ပျိုးရေပေးဝေရန်၊ လိုအပ်သည့်နေရာများတွင် အခိုင်အမာ ဆောင်ရွက်ရန် အခက်အခဲများရှိပါက ယာယီအစီအစဉ်ဖြင့် ရေပေးဝေနိုင်ရေး စီမံဆောင်ရွက်ပြီး ရေပေးရာသီပြီးဆုံးချိန်တွင် သတ်မှတ် စံချိန်စံညွှန်းအတိုင်း အခိုင်အမာ ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားပြီး တောင်သူများ၏ အခက်အခဲများကို သက်ဆိုင်ရာဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေး၍ ဆောင်းမတ်ပဲ စံပြကွက် စိုက်ပျိုးသည့်တောင်သူများအားသွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်မြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၂) အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သုံးသီးစိုက်ဧကများ ပိုမိုစိုက်ပျိုးနိုင်ရေးနှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာ တာဝန်ခံများနှင့် ဒေသခံတောင်သူများ အတူတကွ ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ရေး၊ ရေသောက်ဧရိယာနှင့် ဆက်စပ်ဧရိယာများကို စိုက်ပျိုးရေ တိုးချဲ့ပေးဝေနိုင်ရေးအတွက် ရေရှိရေး နည်းလမ်းပေါင်းစုံဖြင့် တီထွင်ကြံဆ စီမံဆောင်ရွက်သွားရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟင်္သာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စုရှိ ကျေးရွာများနှင့် ရေကာတာများ ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ဟင်္သာတ ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၁၀ နာရီက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီးရုံးမှ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဟင်္သာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စုရှိ ကျေးရွာများနှင့်ရေကြီးရေလျှံမှုကာကွယ်ရေး တာများ ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ လုပ်ငန်းခွင်ရှင်းလင်းဆောင်တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထက်ဇော်ဦးက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဟင်္သာတမြို့ အိပ်ပျက်ကျေးရွာ ဧရာဝတီမြစ်ကမ်းပါးတွင် Geotexitle ကမ်းထိန်းတမံ အလျား ပေ ၅၀၀ နှင့် ဦးပါရဲဘုရား ရေပေါက်အတွင်း နုန်းဖမ်းကွန်ကရစ်ဆူးတောင်ချထားခြင်း ယူနစ် အခု ၂၀၀၀ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် သောင်တူးဖော်ခြင်း အလျား ၄၃၅ မီတာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့ဝင်များသည် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရေယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



**ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ကျောင်းပြင်ပပညာရေးကဏ္ဍ ဆောင်ရွက်ချက်များ

ကျော်ဝင်း(ပညာရေး)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၂၈ (က) တွင် **နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေး တိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်** ဆိုသည့် ပြဋ္ဌာန်းချက်နှင့် အမျိုးသားပညာရေးဥပဒေ အခန်း(၅)၊ အမျိုးသားပညာရေးစနစ်၊ ပုဒ်မ ၁၁ တွင် **နိုင်ငံတော်သည် အမျိုးသားပညာရေးစနစ် အကောင်အထည်ဖော်ရာတွင် ပညာရယူနည်းများဖြစ်သော (က) ကျောင်းပညာရေး (ခ) ကျောင်းပြင်ပပညာရေး (ဂ) ကိုယ်တိုင်သင်ယူပညာရေးတို့ ကျင့်သုံး၍ ယင်းတို့ကို တစ်ခုနှင့်တစ်ခု ဆက်စပ်ဆောင်ရွက်ရမည်**ဟု ဖော်ပြပါရှိပါသည်။

ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေးစနစ်၏ ပညာရယူနည်း သုံးနည်းဖြင့် အကောင်အထည်ဖော်ရန် ပြဋ္ဌာန်းချက်အရလည်းကောင်း၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းပါ လုပ်ငန်းစဉ်များအရလည်းကောင်း ကျောင်းပြင်ပပညာရေးလုပ်ငန်းကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနအောက်တွင် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနကို ၂၀၁၆ ခုနှစ်အတွင်း ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီလက်ထက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အစည်းအဝေးများ၊ တွေ့ဆုံပွဲများနှင့် နိုင်ငံတော်၏ နေ့ထူးနေ့မြတ်အခမ်းအနားများတွင် ပေးပို့သော သဝဏ်လွှာတို့၌ **ကျေးလက်ဒေသအစွန်အဖျားနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက် အလေးထားဆောင်ရွက်သွားရန်** လမ်းညွှန်ချက်များအရလည်းကောင်း၊ နိုင်ငံတော်ကကောက်ယူခဲ့သည့် ၂၀၁၄ ခုနှစ် ပြည်ထောင်စုလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေနိုင်သည့် ကျောင်းပြင်ပရောက် ကလေး ၂ ဒသမ ၇ သန်းခန့်ရှိနေကြောင်းနှင့် အသက် ၁၅ နှစ်နှင့်အထက် လူငယ်နှင့် သက်ကြီးပိုင်းအရွယ် စာမတတ်သူ ၄ ဒသမ ၁ သန်းရှိကြောင်းကို ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ထုတ်ပြန်ချက်များအရလည်းကောင်း၊ ကျောင်းပညာရေးနည်းလမ်းနှင့် လက်လှမ်းမမီသူများအတွက် ပညာရေးဝန်ကြီးဌာနသည် ဆက်စပ်ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ ကျောင်းပြင်ပ ပညာရေးကဏ္ဍများဖြစ်သည့် အခြေခံစာတတ်မြောက်ရေး၊ စဉ်ဆက်ပညာရေးနှင့် တန်းညှိပညာရေး အစီအစဉ်ဖြစ်သော ကျောင်းပြင်ပမူလတန်းပညာရေး အစီအစဉ်နှင့် ကျောင်းပြင်ပအလယ်တန်းပညာရေးအစီအစဉ်များကို နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်နိုင်သည့်အချိန်မှစ၍ ဆောင်ရွက်ခဲ့မှုများနှင့် မြန်မာ့ပညာရေးရုပ်သံလိုင်း ထုတ်လွှင့်နေမှုများကိုပါ အဓိကထား၍ ကဏ္ဍအလိုက် ဖော်ပြသွားမည်ဖြစ်ပါသည်။

**အခြေခံစာတတ်မြောက်ရေး (Basic Literacy)**

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ စာမတတ်သူများ၊ အကြောင်းအမျိုးမျိုးကြောင့် ရပ်ရွာဒေသများအတွင်း ကျောင်းမနေခဲ့ရသူများနှင့် မူလတန်းပညာ မသင်ကြားခဲ့ရသူများ၊ တစ်နည်းအားဖြင့်(စာမတတ်သူများ)နှင့် ရှုံးသုံးစာဖြစ်သည့် မြန်မာစာနှင့် အတွက်အချက်သင်ကြားပေးသည့် အခြေခံသင်္ချာတို့ကို မသင်ကြားခဲ့ရသူများအား သင်ကြားပေးသည့် အစီအစဉ်ဖြစ်သည်။

ပညာရေးဝန်ကြီးဌာနသည် ဆက်စပ်ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်နိုင်သည့် ၂၀၂၂ ခုနှစ်မှစ၍ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းအစီအစဉ်(SOP)များအတိုင်း စာတတ်မြောက်ရေးလုပ်ငန်းကို နှစ်အလိုက် တိုးချဲ့ဆောင်ရွက်နိုင်ရေးကို ပြင်ဆင်လုပ်ဆောင်ခဲ့ပါသည်။ ဝန်ကြီးဌာနအနေဖြင့် နည်းပညာပံ့ပိုးမှု၊ ထောက်ပံ့ပစ္စည်းများ ပေးအပ်မှုနှင့် အဓိကကျသည့်ကဏ္ဍများအတွက် ကုန်ကျငွေများ ကျခံသုံးစွဲမှုတို့ ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အနီးကပ်စီမံ၊ ပံ့ပိုးပေးမှုတို့ဖြင့် ဆောင်ရွက်နိုင်ရန်တို့အတွက် အကြံညှိနှိုင်းခြင်း၊ စာရင်းကောက်ယူရေးအတွက် ဆောင်ရွက်ခြင်း၊ နည်းပြသင်တန်းများပေးခြင်း၊ စာတတ်မြောက်ရေးလုပ်ငန်း ဖွင့်ပွဲများကျင်းပခြင်း၊ သင်ကြားသင်ယူမှုအစီအစဉ်များကို မြေပြင်တွင် သွားရောက်လေ့လာဆန်းစစ်အကဲဖြတ်ချက်များအား ကွင်းဆင်းဆောင်ရွက်ခြင်း၊ သင်ယူပြီးမြောက်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုပွဲများ ကျင်းပခြင်းနှင့် စာတတ်မြောက်ရေးဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာများ ထုတ်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့သည့်အပြင် ၂၀၂၄ ခုနှစ်အတွင်း စာတတ်မြောက်ရေးသင်ကြားရာ၌ ပုံမှန်သင်ကြားခြင်းအပြင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် Mobile Application အသုံးပြု၍ မည်သည့်ဒေသရောက်ရှိနေသည်ဖြစ်စေ မိမိတို့၏ လက်ကိုင်ဖုန်းများဖြင့် အခြေခံစာတတ်မြောက်ရေး သင်ကြားခြင်းအစီအစဉ်များကို တွဲဖက်လုပ်ဆောင်နိုင်ခဲ့ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ခဲ့သည့် ကျောင်းပြင်ပပညာရေးကဏ္ဍ၏ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုတို့ကို အောက်ပါဇယားဖြင့် စုစည်းဖော်ပြအပ်ပါသည် -



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုအရ ကျောင်းပြင်ပပညာရေးကဏ္ဍ၏ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များ**

| စဉ် | နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ် | လုပ်ငန်းဆောင်ရွက်ခဲ့သည့် ကာလ | စာသင်ဝိုင်း | ကြီးကြပ်/ နည်းပြဦးရေ | သင်ယူသူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ရှမ်းပြည်နယ်(တောင်ပိုင်း) (တောင်ကြီး၊ ကလောနှင့် ဟိုပုံး) မြို့နယ်များ | ၂၂၊ ၁၊ ၂၀၂၃ မှ ၂၊ ၃၊ ၂၀၂၃ | ၄၃ | ၉၅ | ၄၀၆ | ဆောင်ရွက်ပြီး |
| ၂ | ရှမ်းပြည်နယ်အတွင်းရှိ (တောင်ကြီး၊ ညောင်ရွှေ၊ လားရှိုး၊ သီပေါ၊ ကျိုင်းတုံ) အချုပ်ထောင်၊ အကျဉ်းထောင် (၅)ခု | ၂၀၂၃ ခုနှစ် မတ်လမှ မေလထိ | ၁၁၉ | ၉၀ | ၁၁၈၈ | ဆောင်ရွက်ပြီး |
| ၃ | ရွှေ့ပြေးဆောင်ရွက်မှုဖြစ်သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) (ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းယု)မြို့နယ်များ | ၂၀၊ ၁၂၊ ၂၀၂၃ မှ ၂၈၊ ၁၊ ၂၀၂၄ | ၁၃၀ | ၂၇၃ | ၁၆၄၃ | ဆောင်ရွက်ပြီး |
| | ဧရာဝတီတိုင်းဒေသကြီး (ပုသိမ်၊ ဟသ်ာတ၊ မအူပင်၊ မြောင်းမြနှင့် ဘိုကလေး) မြို့နယ်များ | ၂၄၊ ၁၂၊ ၂၀၂၃ မှ ၁၊ ၂၊ ၂၀၂၄ | ၄၇၉ | ၁၀၀၇ | ၄၉၆၁ | ဆောင်ရွက်ပြီး |
| | ပြည်ထောင်စုနယ်မြေ နေပြည်တော် (လယ်ဝေး၊ ဒက္ခိဏာသီရိ၊ ပျဉ်းမနား၊ ဇမ္ဗူသီရိ၊ ဥတ္တရသီရိ၊ တပ်ကုန်း၊ ဇေယျာသီရိနှင့် ပုဗ္ဗသီရိ) မြို့နယ်များ | ၂၃၊ ၁၂၊ ၂၀၂၃ မှ ၃၁၊ ၁၊ ၂၀၂၄ | ၄၆ | ၁၀၇ | ၅၄၂ | ဆောင်ရွက်ပြီး |
| ၄ | အမျိုးသားရေး လှုပ်ရှားမှုအသွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ | ၂၀၂၄ ခုနှစ်၊ ဧပြီလနှင့် မေလအတွင်း | ၄၈၆၄ | ၆၂၆၈ | ၆၉၆၅၇ | ဆောင်ရွက်ပြီး |
| | စုစုပေါင်း | | ၅၆၈၁ | ၇၈၄၀ | ၇၈၃၉၇ | |

စာရေးသူတင်ပြလိုသည်မှာ အခြေခံစာတတ်မြောက်ရေး(အ သုံးလုံး) သင်ကြားရာတွင် ယခင်အချိန် ကာလများကဲ့သို့ အခြေခံမြန်မာစာအရေး၊ အဖတ် စွမ်းရည်နှင့် အခြေခံသင်္ချာတို့ကို တွက်ချက်တတ်ရုံကိုသာ သင်ကြားပေးခြင်းမဟုတ်ဘဲ နည်းပညာခေတ်ဖြစ်သော မျက်မှောက်ကာလတွင် Mobile Application ကိုအသုံးပြု၍ သင်ကြားပေးခြင်းအပြင် စာသင်သားပြည်သူများ၏ လူနေမှုဘဝ မြင့်မားရေးဆိုင်ရာအစီအစဉ်များကို ထည့်သွင်းအသိပညာပေးခြင်းတို့ဖြင့် နေ့စဉ် စားဝတ်နေရေး စိန်ခေါ်မှုများ ဖြေရှင်းရာတွင် အထောက်အကူပြုနိုင်ရေး၊ ကျန်းမာရေးဆိုင်ရာ လိုက်နာရန်လိုအပ်သည့် အစာသန့်၊ လက်သန့်၊ အိမ်သာသန့်နှင့် ရေကောင်းရေသန့် သုံးစွဲနိုင်ရေးတို့အတွက် သန့်လေးသန့်ဆိုင်ရာ အသိပညာပေးခြင်း၊ ကူးစက်တတ်သောရောဂါများနှင့် မကူးစက်တတ်သောရောဂါများ ကြိုတင်ကာကွယ်ရေးတို့အတွက်ပါ ထည့်သွင်းအသိပညာပေးခြင်း စသည့်လူမှုဘဝ မြင့်မားရေးအစီအစဉ်များကို သင်ကြားပေးလျက်ရှိသည်။

**စဉ်ဆက်ပညာရေး (Continuing Education)**

အခြေခံစာတတ်မြောက်ရေးလုပ်ငန်း သင်ကြားပြီးသူများ၊ ငယ်စဉ်က မူလတန်းပညာအဆင့် သင်ကြားပြီးသူများနှင့် မူလတန်းပညာကို တစ်ပိုင်းတစ်စသင်ယူခဲ့သူများ (အသက်အားဖြင့် ၁၅ နှစ်နှင့်အထက် လူငယ်နှင့် သက်ကြီးပိုင်းအရွယ်များ)ကို ၎င်းတို့၏ လိုအပ်ချက် သို့မဟုတ် ဆန္ဒအရ ပညာရေးအခွင့်အလမ်းများ **စာမျက်နှာ ၇ သို့** ❖

**❝နည်းပညာခေတ်ဖြစ်သော မျက်မှောက်ကာလတွင်** Mobile Application **ကို အသုံးပြု၍ သင်ကြားပေးခြင်းအပြင် စာသင်သားပြည်သူများ၏ လူနေမှုဘဝ မြင့်မားရေးဆိုင်ရာအစီအစဉ်များကို ထည့်သွင်းအသိပညာပေးခြင်းတို့ဖြင့် နေ့စဉ် စားဝတ်နေရေး စိန်ခေါ်မှုများဖြေရှင်းရာတွင် အထောက်အကူပြုနိုင်ရေး၊ ကျန်းမာရေးဆိုင်ရာ လိုက်နာရန်လိုအပ်သည့် အစာသန့်၊ လက်သန့်၊ အိမ်သာသန့်နှင့် ရေကောင်းရေသန့် သုံးစွဲနိုင်ရေးတို့အတွက် သန့်လေးသန့်ဆိုင်ရာ အသိပညာပေးခြင်း၊ ကူးစက်တတ်သော ရောဂါများနှင့် မကူးစက်တတ်သောရောဂါများ ကြိုတင်ကာကွယ်ရေးတို့အတွက်ပါ ထည့်သွင်းအသိပညာပေးခြင်း စသည့် လူမှုဘဝမြင့်မားရေးအစီအစဉ်များကို သင်ကြားပေးလျက်ရှိ❞**

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉/ ၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံအားပေး



**နေပြည်တော် ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၉/၂၀၂၄) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်နယ်အားကစားရုံ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် စိုးကျော်ထက်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ပစ္စည်းများ ဂုဏ်ပြုပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် စိုးကျော်ထက်တို့ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉/၂၀၂၄) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။



# မိုင်းယောင်းမြို့၌ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ် (ဒုတိယနေ့)ဖျော်ဖြေတင်ဆက်

**မိုင်းယောင်း ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ယမန်နေ့ညပိုင်းက နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ (ကျောပိုးအိတ်)မှ (ဒုတိယနေ့) ဖျော်ဖြေတင်ဆက်မှုကို ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများနှင့် မိသားစုများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ မြို့ပေါ်လုံခြုံရေးအဖွဲ့များ၊ ပြည်သူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖ စာမျက်နှာ ၆ မှ

ဖန်တီးပေးသည့်အစီအစဉ်ဖြစ်သည်။

စဉ်ဆက်ပညာရေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် သင်ယူသူများ၏ စာရေး၊ စာဖတ်စွမ်းရည် ပိုမိုတိုးတက်လာစေပြီး ကျွမ်းကျင်ပိုင်နိုင်လာမည်ဖြစ်ပါသည်။ စာဖတ်စွမ်းရည် မြင့်တက်လာမှုနှင့်အတူ နိုင်ငံ့သားကောင်း စိတ်ဓာတ်များဖွံ့ဖြိုးလာပြီး မိသားစု လူမှုစီးပွားဘဝများ ယခင်ကထက် ကျယ်ပြန့်စွာ တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်သည်။ စဉ်ဆက်ပညာရေးမှသည် ဘဝတစ်သက်တာ သင်ယူသူများအဖြစ်လည်း ဧကန်မလွဲဖြစ်လာနိုင်မည်ဖြစ်သည်။

စဉ်ဆက်ပညာရေးတွင် (က) စာဖတ်ရှိန်မြှင့်တင်ပေးခြင်းအစီအစဉ် (ခ) ဝင်ငွေတိုးပွားရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းအစီအစဉ်နှင့် (ဂ) ဘဝသာယာရေးအတွက် အသိပညာပေးခြင်းအစီအစဉ် စသည့်အစီအစဉ် (၃)ရပ်တို့ ပါဝင်သည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ဆက်စပ်ဝန်ကြီးဌာနများအောက်ရှိ ဌာနဆိုင်ရာများ၊ မိတ်ဖက်လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့်ပူးပေါင်း၍ စဉ်ဆက်ပညာရေး ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်သွားမည့်အစီအစဉ်များကို အောက်ပါဇယားတွင် စုစည်းဖော်ပြအပ်ပါသည်-

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုအရ ကျောင်းပြင်ပပညာရေးကဏ္ဍ၏ စဉ်ဆက်ပညာရေးလုပ်ငန်း ဆောင်ရွက်ချက်များ**

| စဉ် | နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ် | လုပ်ငန်းဆောင်ရွက်ခဲ့သည့်ကာလ | စာသင်ဝိုင်း | ကြီးကြပ်/ နည်းပြဦးရေ | သင်ယူသူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ရှမ်းပြည်နယ်(တောင်ပိုင်း) (တောင်ကြီး၊ ကလောနှင့် ဟိုပုံး) မြို့နယ်များ | ၂၁၊ ၁၂၊ ၂၀၂၃ မှ ၁၉၊ ၃၊ ၂၀၂၄ | ၄၀ | ၉၈ | ၄၂၇ | ဆောင်ရွက်ပြီး |
| ၂ | ဧရာဝတီတိုင်းဒေသကြီး (ပုသိမ်၊ ဟင်္သာတ၊ မအူပင်၊ မြောင်းမြနှင့် ဘိုကလေး) မြို့နယ်များ | ၈၊ ၁၀၊ ၂၀၂၄ မှ ၅၊ ၁၊ ၂၀၂၅ | ၄၇၉ | ၁၀၀၇ | ၄၉၆၁ | ဆောင်ရွက်ပြီး |
| ၃ | ပြည်ထောင်စုနယ်မြေ နေပြည်တော် (လယ်ဝေး၊ ဒက္ခိဏသီရိ၊ ပျဉ်းမနား၊ ဇမ္ဗူသီရိ၊ ဥတ္တရသီရိ၊ တပ်ကုန်း၊ ဇေယျာသီရိနှင့် ပုဗ္ဗသီရိ) မြို့နယ်များ | ၂၁၊ ၁၀၊ ၂၀၂၄ မှ ၁၈၊ ၁၊ ၂၀၂၅ | ၄၅ | ၁၀၇ | ၄၄၉ | ဆောင်ရွက်ဆဲ |
| ၄ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) (ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းယု) မြို့နယ်များ | ၈၊ ၁၁၊ ၂၀၂၄ မှ ၅၊ ၂၊ ၂၀၂၅ | ၁၂၆ | ၂၇၂ | ၁၅၉၇ | ဆောင်ရွက်ဆဲ |
| | စုစုပေါင်း | | ၆၉၀ | ၁၄၈၄ | ၇၄၃၄ | |

**(တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမျိုးသားရေးလှုပ်ရှားမှုအသွင် ဆောင်ရွက်ခဲ့သည့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် သင်ကြားပြီးခဲ့သူများအပါအဝင် ဦးတည်အုပ်စုနှင့် ကိုက်ညီသူများအား စဉ်ဆက်ပညာရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။)**




အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၃၂(က) တွင် **ဝန်ကြီးဌာနသည် ကျောင်းပြင်ပပညာရေးနှင့် စပ်လျဉ်း၍ အခြေခံစာတတ်မြောက်ရေးနှင့် ယင်း၏ နောက်ဆက်တွဲလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်** ဟု ပြဋ္ဌာန်းထားသည့်အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုများနှင့်အညီ ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးနှင့် နောက်ဆက်တွဲလုပ်ငန်းတစ်ခုဖြစ်သည့် စဉ်ဆက်ပညာရေးကို ပြန်လည်ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ဦးတည်အုပ်စုနှင့် ကိုက်ညီသူ ပြည်သူများအတွက် များစွာအကျိုးရှိလှပါသည်။

စဉ်ဆက်ပညာရေး၏ အစီအစဉ် (၃)ရပ်သည် စာသင်သားပြည်သူများအတွက် အကျိုးကျေးဇူးများစွာရသကဲ့သို့ အစဉ်လေ့လာသင်ယူနေသည့် လူ့အဖွဲ့အစည်းဖြစ်လာစေရန် ရည်ညွှန်းလျက် မိမိ၏ရပ်ရွာဒေသရှိလုပ်ငန်းများကို လိုက်လျောညီညွတ်စွာ ပူးပေါင်းအကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။ ဤသို့ ပြုစုပျိုးထောင်ပေးခြင်းဖြင့် တာဝန်ကျေပွန်သည့် နိုင်ငံ့သားကောင်းတစ်ဦးဖြစ်လာနိုင်ပေမည်။ ထို့အပြင် ပြည်သူများအနေဖြင့် အသိပညာ၊ ကျွမ်းကျင်မှုများနှင့် ပြည်သူ့ဝန်ဆောင်မှုများပေးလျက်ရှိသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများအပြင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ နည်းပညာဆိုင်ရာ အထက်တန်းကျောင်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ဝင်ငွေတိုးပွားရေးအတွက် အခမဲ့ဖွင့်လှစ်သည့်အစီအစဉ်များ၊ ဘဝသာယာရေးအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများနှင့် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများသို့ ချိတ်ဆက်အကူအညီရယူနိုင်ရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ကြမည်ဖြစ်သည်။

ဤကဲ့သို့ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ပြည်သူများ သိသင့်သိထိုက်သည့် လူမှုဘဝလုံခြုံမှုဆိုင်ရာ သတင်းအချက်အလက်များကို အသိပညာပေးနိုင်ခြင်း၊ ဌာနဆိုင်ရာများထံမှ အကူအညီရယူနိုင်ခြင်းတို့သည် မိသားစုဝင်များနှင့် ရပ်ရွာနေပြည်သူများအတွက် အကျိုးရှိသည့်သတင်းအချက်အလက်များပင်ဖြစ်ပါသည်။ **(ဆက်လက်ဖော်ပြပါမည်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ကျောင်းအကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး



**မော်လမြိုင် ဇန်နဝါရီ ၁၈**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်း ကျောင်းဝင်းအတွင်းနှင့် ဘေးပတ်ဝန်းကျင်ရှိ ချုံနွယ်များ၊ မြက်များ၊ အမှိုက်များအား ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက စာသင်ကျောင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ကျောင်းအကျိုးပြုစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးနေမှုအပေါ် ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က စာသင်ကျောင်းဝင်းအတွင်း၊ အပြင် သန့်ရှင်းရေးဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကျောင်းအင်္ဂါရပ်နှင့် ကိုက်ညီမှုရှိစေရေး၊ ဥပမိရပ် ကောင်းမွန်စေရေးနှင့် ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်၍ သန့်ရှင်းသာယာမှုရှိစေရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်ပြည်နယ်အတွင်း မြို့နယ်များရှိအခြေခံပညာ စာသင်ကျောင်းများတွင် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ကျောင်းအကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို အပတ်စဉ် ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မုံရွာ ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ခံတောရပ်ကွက် အမှတ် (၅၃) အခြေခံပညာ မူလတန်းကျောင်းဝင်းအတွင်း၌ ယနေ့နံနက်ပိုင်းတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စုပေါင်းသန့်ရှင်းရေး လုပ်ငန်း ဆောင်ရွက်နေသူများ၊ ရပ်ကွက်နေပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား



ကျောင်းသူများအား တန်ဖိုးသင့် စားသောက်ကုန်များ၊ ဟင်းသီး ဟင်းရွက်များနှင့် စားသုံးဆီများ အား ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ က ကြည့်ရှုအားပေးသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင် ၁၃ ခရိုင်၊ မြို့နယ် ကိုးမြို့နယ်တို့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ နှင့် စည်ပင်သာယာရေးအဖွဲ့ များ စုစုပေါင်း ၁၁၀၀ ကျော်ဖြင့် အခြေခံပညာကျောင်းများနှင့် မြို့ သန့်ရှင်းသာယာလှပရေး လုပ်ငန်း များ စုပေါင်းဆောင်ရွက်ကြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ သည် မုံရွာမြို့ မြို့သစ်ရပ်ကွက်ရှိ ဗန္ဓုလဈေးသို့ ရောက်ရှိရာ တိုင်း ဒေသကြီးစည်ပင်သာယာရေးအဖွဲ့ မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်အောင်က အလျား ၁၂ ပေ၊ အနံ ၁၀ ပေရှိ ဈေးဆိုင်ခန်းပေါင်း ၄၄ ခန်း ပါဝင်သည့် အလျား ၂၇၉ ပေ၊ အနံ ၂၄ ပေ အာရ်စီ နှစ်ထပ် အဆောက်အအုံသစ် တည်ဆောက်နေမှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တည်ဆောက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက် ပေးကာ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများ ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ သည် ဇန်နဝါရီ ၁၇ ရက် ည ၈ နာရီ တွင် ပျံလွန်တော်မူခဲ့သည့် မုံရွာမြို့ အေးသာယာရပ်ကွက် ဇောင်ကြမ်း ပင် ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တ ကုမာရသီရိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ သက်တော်(၆၇)နှစ် သိက္ခာတော်(၄၇)ဝါ မဟာထေရ် မြတ်ကြီး၏ ရုပ်ကလာပ်တော်အား သွားရောက်ဖူးမြော် ကြည်ညိုကြ ပြီး တာဝန်ရှိသူများနှင့်အတူ ဈာပန အခမ်းအနားအတွက် အလှူငွေကျပ် သိန်း ၃၀ အား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရ သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရေ၏အရေးပါပုံ၊ ရေဆိုးစွန့်ပစ်မှုဆိုင်ရာများနှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)၏ စီစဉ်ကြီးကြပ်မှုဖြင့် ရေ၏အရေးပါပုံ၊ ရေ၏တန်ဖိုး၊ ရေပေးဝေမှုဆိုင်ရာ၊ ရေဆိုးစွန့်ပစ်မှုဆိုင်ရာများနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူများ ဗဟုသုတရရှိစေရန် အသိပညာပေးဆွေးနွေးပွဲကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ယနေ့မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

အသိပညာပေးဆွေးနွေးပွဲတွင် အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးဝတ်ရည်သင်းက အမှာစကားပြောကြားပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ ဌာနခွဲမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဒေါ်သီတာက ရေပေးဝေရေးသမိုင်းကြောင်း၊ ရေသံသရာလည်ပုံ၊ ရေသန့်စင်စနစ်နှင့် ရေဆိုးစွန့်ပစ်မှုဆိုင်ရာများအား ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှင်းလင်းဆွေးနွေးမှုများနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး ရေသန့်စင်မှုအဆင့်ဆင့်ကို လက်တွေ့စမ်းသပ်သရုပ်ဖော်ပြသခဲ့ပြီး ကျောင်းစာကြည့်တိုက်အတွက် “ရေကြည်တစ်ပေါက်” စာအုပ်နှင့် ကျောင်းသား ကျောင်းသူများအတွက် စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုထက်**

# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၈**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်း သာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အပါအဝင် မြို့နယ် ၁၇ မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ လည်းကောင်း စာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်းများအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်းနှင့် ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ပြည်သူ့ဆေးရုံ၌ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကယားပြည်နယ်ဝန်ကြီးချုပ် မြို့သန့်ရှင်းသာယာလှပရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဇန်နဝါရီ ၁၈**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ နောင်ယားကန် သန့်ရှင်းသာယာလှပရေးနှင့် ဌာနဆိုင်ရာရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရန် ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ နောင်ယားကန်နှင့် ကန်ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး တပ်ရင်းတပ်ဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် အကြမ်းဖက်မှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တိုင်းရင်းသားရေးရာဌာနများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ ရုံးအဆောက်အအုံများနှင့် ကော်မတီရုံးခန်းများ ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများအနေဖြင့် သက်ဆိုင်ရာရုံးခန်းများတွင် ရုံးများပြန်လည်ဖွင့်လှစ်ကာ ပြည်နယ်အတွင်း တိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးရန် မှာကြားသည်။



ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရုံးအဆောက်အအုံ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး အလေးထားကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဝန်ထမ်းများအား အခြေခံစားကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကြည့်ရှုအားပေး



**စစ်တွေ ဇန်နဝါရီ ၁၈**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဝန်ထမ်းများအား အခြေခံစားကုန်နှင့် သား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်း၌ ဈေးနှုန်းသက်သာစွာရောင်းချပေးလျက်ရှိရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်အဖွဲ့သည် ဝန်ထမ်းများအား ရောင်းချပေးမည့် အခြေခံစားကုန်နှင့် သား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ ခင်းကျင်းထားရှိမှုကို ကြည့်ရှုအားပေးပြီး ဈေးဝယ်ရန်ရောက်ရှိလာကြသည့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့သည်။ အလားတူ ပြည်နယ်ဝန်ကြီးချုပ်က အခြေခံစားသုံးကုန်များနှင့် သား၊ ငါးများပြတ်လပ်မှုမရှိစေရေးနှင့် ဈေးနှုန်းမြင့်တင်ရောင်းချခြင်းမရှိစေရေးတို့ကို စိစစ်ကြပ်မတ်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဝန်ထမ်းများအား သက်သာသောဈေးနှုန်းဖြင့် ဈေးရောင်းချပေးရာတွင် အခြေခံစားသုံးကုန်များဖြစ်သည့် ဆီ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်သီးခြောက်၊ မုန်လာဥ၊ ငရုတ်သီးစိမ်း၊ ကြက်ဟင်းခါးသီး၊ မြေထောက်ပဲ၊ ကန်စွန်းဥ၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ ပဲသီး၊ နံနံ၊ ပန်းဂေါ်ဖီ၊ ချဉ်ပေါင်၊ ကြက်ဥ၊ ဘူးသီးနှင့် ပြောင်းဖူး စသည့်ဟင်းသီးဟင်းရွက်များနှင့် ကြက်သား၊ ဝက်သား၊ ငါးနှင့် ပုစွန်တို့ကို ဈေးနှုန်းသက်သာစွာရောင်းချပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# (၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေအား ကြည့်ရှုစစ်ဆေး

**ဟားခါး ဇန်နဝါရီ ၁၈**

ချင်းပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပမည့် (၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေကို ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက (၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးဝင်းဇော်ဦးနှင့် ပြည်နယ်အတွင်းရေးမှူး ဦးအောင်ချိုတို့က သွားရောက် ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ သွားရောက်ကြည့်ရှုရာတွင် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ ဖြစ်ကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက မုခ်ဦး၊ စတိတ်စင်၊ ယာယီမဏ္ဍပ်၊ ဌာနဆိုင်ရာပြခန်း၊ ရိုးရာအစားအစာအရောင်းဆိုင်များ ဆောက်လုပ်မည့်နေရာနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသကြရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် ပြည်နယ်အတွင်းရေးမှူးတို့က လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပေါင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြော

**ပေါင် ဇန်နဝါရီ ၁၈**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်း နံရံကပ်စာစောင်ပြသခြင်းကို ယနေ့နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက စာများများဖတ်ကြရေး၊ အရွယ်မရောက်သေးသည့် ကလေးငယ်များအား မတရားအလုပ်စေခိုင်းမှုမှ ကာကွယ်ရေး၊ လူကုန်ကူးမှု၏ဆိုးကျိုးများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ မူးယစ်ဆေးဝါး၏ဆိုးကျိုးများ စသည့်အကြောင်းအရာများကို ဟောပြောသည်။

ထို့ပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့်ကလေးများအသိပညာတိုးပွားရေး စာအုပ်စာပေများ၊ စာဖတ်ရှိန်မြှင့်တင်ရေးတို့နှင့်ပတ်သက်သည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း သိမှတ်ဖွယ်ရာများ စသည့်အသိပညာပေး နံရံကပ်စာစောင်များ၊ ဓာတ်ပုံများကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**



**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အာဆီယံ - အိန္ဒိယ မီဒီယာဖလှယ်ရေးခရီးစဉ် အတွေ့အကြုံများ

**ရန်ကုန်မြို့ အိန္ဒိယနိုင်ငံသံရုံးက အာဆီယံ – အိန္ဒိယ မီဒီယာဖလှယ်မှု ချစ်ကြည်ရေးခရီးစဉ်အဖြစ် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့နှင့် မွမ်ဘိုင်းမြို့တို့သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ သွားရောက်လေ့လာရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သတင်းမီဒီယာသမားများအား ဖိတ်ခေါ်ခဲ့ပါသည်။ အဆိုပါခရီးစဉ်ကို စာရေးသူအပါအဝင် မြန်မာနိုင်ငံမှ သတင်းမီဒီယာသမားနှစ်ဦး ပါဝင်တက်ရောက်ခွင့် ရရှိခဲ့ပါသည်။**

**မောင်သာယာ**

အာဆီယံ – အိန္ဒိယ မီဒီယာဖလှယ်မှု ချစ်ကြည်ရေးခရီးစဉ် (ASEAN–India Media Exchange Visits 2018–2024 ) သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့အကြား သတင်းမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးတက်စေရန်၊ ဒေသတွင်းစီးပွားရေး၊ ယဉ်ကျေးမှုနှင့် နည်းပညာတိုးတက်မှုများအပေါ် နားလည်မှုများရရှိစေရန်နှင့် အာဆီယံနှင့် အိန္ဒိယတို့၏ ရင်းနှီးချစ်ကြည်သောဆက်ဆံရေးကို ပိုမိုတိုးတက်စေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပါသည်။ ယခုခရီးစဉ်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သတင်းမီဒီယာသမားများ အိန္ဒိယနိုင်ငံသို့ သွားရောက်လေ့လာသည့်ခရီးစဉ်ဖြစ်ပြီး အပြန်အလှန်အားဖြင့် အိန္ဒိယနိုင်ငံမှ သတင်းမီဒီယာသမားများသည်လည်း ၂၀၁၈ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း စင်ကာပူနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သို့ သွားရောက်လေ့လာခဲ့ကြောင်း သိရှိရပါသည်။



အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သတင်းမီဒီယာကိုယ်စားလှယ်အဖွဲ့ အာရှသတင်းအင်တာနေရှင်နယ် (ANI)သို့ သွားရောက်လေ့လာကြစဉ်။

ယခုနှစ် အာဆီယံ–အိန္ဒိယ မီဒီယာဖလှယ်ရေးခရီးစဉ်သို့ ကမ္ဘောဒီးယားနိုင်ငံမှ သတင်းမီဒီယာသမား နှစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ နှစ်ဦး၊ မလေးရှားနိုင်ငံမှ နှစ်ဦး၊ မြန်မာနိုင်ငံမှ နှစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံမှ နှစ်ဦး၊ ဗီယက်နမ်နိုင်ငံမှ နှစ်ဦးနှင့် စင်ကာပူနိုင်ငံမှတစ်ဦး စုစုပေါင်း သတင်းမီဒီယာသမား ၁၃ ဦး ပူးပေါင်းပါဝင်ခဲ့ကြသည်။ ခရီးစဉ်သည် နယူးဒေလီမြို့တွင် သုံးရက်၊ မွမ်ဘိုင်းမြို့တွင် သုံးရက် စုစုပေါင်း ခြောက်ရက် ကြာမြင့်ခဲ့ပါသည်။

**ခေတ်ဟောင်းနှင့် ခေတ်သစ် ပေါင်းစပ်ထားသည့် နယူးဒေလီ**

စာရေးသူတို့အဖွဲ့သည် နိုဝင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် နယူးဒေလီမြို့ အင်ဒီရာဂန္ဒီလေဆိပ်သို့ ရောက်ရှိခဲ့ကြသည်။ နယူးဒေလီမြို့သည် အိန္ဒိယနိုင်ငံ၏ ချမ်းသာကြွယ်ဝခဲ့သော အတိတ်နှင့် တိုးတက်မှု အလားအလာကောင်းများ ပိုင်ဆိုင်ထားသော ပစ္စုပ္ပန်၏ သင်္ကေတဖြစ်သည်။ နယူးဒေလီမြို့သည် ခေတ်ဟောင်းနှင့် ခေတ်သစ်ကို အချိုးကျကျပေါင်းစပ်ပြီး ဖွံ့ဖြိုးတိုးတက်နေသည့် မြို့လည်းဖြစ်သည်။

နယူးဒေလီမြို့တွင် ရှေးဘုရင်များဖန်တီးခဲ့သည့် သမိုင်းဝင်အဆောက်အအုံများစွာရှိသည်။ အိန္ဒိယသမ္မတအိမ်တော်၊ ပါလီမန်အဆောက်အအုံနှင့် အိန္ဒိယဂိတ်တို့အပါအဝင် ဗြိတိသျှအုပ်ချုပ်ရေးခေတ် အဆောက်အအုံများကို မြင်တွေ့ရသည်မှာ ကိုလိုနီခေတ်၏ အငွေ့အသက်များကို ခံစားရစေသည်။ India Gate (အိန္ဒိယဂိတ်)သည် ပထမကမ္ဘာစစ်ပွဲ၊ အင်္ဂလိပ်–အာဖဂန်စစ်ပွဲများတွင်ကျဆုံးသွားသည့် သူရဲကောင်းစစ်သည်များကို ဂုဏ်ပြုသည့်အနေဖြင့် တည်ဆောက်ခဲ့သော အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။

**ပြည်ပရေးရာဝန်ကြီးဌာနနှင့် အာရှသတင်းအင်တာနေရှင်နယ်**

သတင်းမီဒီယာသမားများသည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ လေ့လာရေးခရီးစဉ် ပထမဆုံးနေ့ဖြစ်သည့် နိုဝင်ဘာ ၂၈ ရက်နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနသို့ သွားရောက်ခဲ့ကြသည်။ အခြားသောနိုင်ငံများတွင် နိုင်ငံခြားရေးဝန်ကြီးဌာနဟု ခေါ်ဆိုသုံးနှုန်းသော်လည်း အိန္ဒိယနိုင်ငံတွင် နိုင်ငံခြားရေးဝန်ကြီးဌာနကို ပြည်ပရေးရာဝန်ကြီးဌာနဟု ခေါ်ဆိုသည်။

သတင်း မီဒီယာကိုယ်စားလှယ်အဖွဲ့အား ပြည်ပရေးရာဝန်ကြီးဌာနမှ အရှေ့ပိုင်းရေးရာဌာန အကြီးတန်းအရာရှိနှင့် တာဝန်ရှိသူများက လက်ခံတွေ့ဆုံသည်။ တွေ့ဆုံစဉ် အရှေ့ပိုင်းရေးရာဌာန အကြီးတန်းအရာရှိက အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့အကြား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှု စသည့်နယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် အနာဂတ်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာသမားများ၏ မေးမြန်းမှုများကိုလည်း ပြန်လည်ဖြေကြားပေးခဲ့သည်။

ထို့နောက်အိန္ဒိယနိုင်ငံရှိသတင်းဌာနများအတွက် သတင်းမီဒီယာလှုပ်ရှားမှုများ ဝန်ဆောင်မှုပေးလျက်ရှိသည့် Asian News International (ANI) (အာရှသတင်းအင်တာနေရှင်နယ် သတင်းအေဂျင်စီ)သို့ သွားရောက်လေ့လာကြသည်။ ANI သတင်းအေဂျင်စီကို ၁၉၇၁ ခုနှစ်တွင် စတင်တည်ထောင်ပြီး အိန္ဒိယနိုင်ငံတွင် ဗီဒီယိုသတင်းများကို သတင်းဌာနများသို့ ပထမဆုံးပေးပို့နိုင်ခဲ့သည့် သတင်းအေဂျင်စီဖြစ်သည်။ ANI သတင်းအေဂျင်စီသည် အိန္ဒိယအစိုးရနှင့် ကောင်းမွန်သည့်ဆက်ဆံရေးကို အသုံးချကာ ၂၀၀၀ပြည့်နှစ်အစောပိုင်းကာလများတွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ အကြီးမားဆုံး ရုပ်သံသတင်းအေဂျင်စီအဖြစ် ထူထောင်နိုင်ပြီး ၂၀၂၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ အကြီးမားဆုံးသော သတင်းမီဒီယာဝန်ဆောင်မှု လုပ်ငန်းအဖြစ် ရပ်တည်လျက်ရှိကြောင်း လေ့လာသိရှိရသည်။

သတင်းမီဒီယာကိုယ်စားလှယ်အဖွဲ့အား ANI သတင်းအေဂျင်စီမှ တာဝန်ရှိသူများက ANI သတင်းအေဂျင်စီ၏ သမိုင်းမှတ်တမ်းဗီဒီယိုကိုပြသပြီး သတင်းများရယူမှု၊ သတင်းထုတ်လွှင့်မှုနှင့် သတင်းခန်း ဝန်ဆောင်မှုလုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသို့ ရောက်ရှိရာ တာဝန်ရှိသူများက အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့အကြား စီးပွားရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးနှင့် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**ခေတ်သစ်အနုပညာပြခန်းနှင့် သိပ္ပံနှင့် နည်းပညာဌာန**

ထို့နောက် နယူးဒေလီမြို့ရှိ အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ အထင်ကရ အနုပညာပြတိုက်ဖြစ်သည့် ခေတ်သစ်အနုပညာပြခန်း (National Gallery of Modern Art – NGMA) သို့လည်း သွားရောက်လေ့လာကြသည်။ အဓိကပြတိုက်သည် နယူးဒေလီမြို့ Jaipur House တွင်တည်ရှိပြီး ၁၉၅၄ ခုနှစ် မတ် ၂၉ ရက်တွင် အိန္ဒိယအစိုးရက စတင်တည်ထောင်ခဲ့သည်။ ထို့ပြင် မွမ်ဘိုင်းမြို့နှင့် အိန္ဒိယနိုင်ငံတောင်ပိုင်း ဘင်္ဂလောမြို့တို့တွင် ပြတိုက်ခွဲများတည်ရှိသည်။ NGMA တွင် အနုပညာရှင် ၂၀၀၀ ကျော်၏ အနုပညာလက်ရာ ၁၇၀၀၀ ကျော်ကို စုဆောင်းထားပြီး အိန္ဒိယပန်းချီကျော် အနုပညာရှင်များနှင့် နိုင်ငံခြားအနုပညာရှင်များ၏လက်ရာများကို ပြသထားသည်။ ဤပြတိုက်သည် ကမ္ဘာပေါ်ရှိ အကြီးမားဆုံး အနုပညာပြတိုက်များတွင် တစ်ခုအပါအဝင်ဖြစ်ခြင်းကြောင့် အနုပညာကို ချစ်မြတ်နိုးသူများအတွက် လေ့လာလည်ပတ်ချင်စရာနေရာတစ်ခုဖြစ်သည်။

ညနေပိုင်းတွင် အိန္ဒိယနိုင်ငံ၏ သိပ္ပံနည်းပညာနှင့်ဆိုင်သော လုပ်ငန်းများကို တိုးတက်စေရန် အဓိကတာဝန်ယူထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော သိပ္ပံနှင့် နည်းပညာဌာန (Department of Science and Technology – DST) သို့ သွားရောက်လေ့လာကြသည်။

သိပ္ပံနှင့် နည်းပညာဌာနသည် အိန္ဒိယနိုင်ငံအတွင်း သုတေသနလုပ်ငန်းများ ဆောင်ရွက်ပြီး သိပ္ပံနှင့် နည်းပညာများကို စီးပွားရေးနှင့် နေ့စဉ်အသုံးချနိုင်သော နည်းပညာများဖြစ်လာအောင် ဆောင်ရွက်လျက်ရှိသည်။ ပညာရေးနှင့် သုတေသနကူညီမှုအနေဖြင့် သိပ္ပံနှင့်ပတ်သက်သည့် စိတ်ဝင်စားမှုကို တိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် သုတေသနအတိုင်ပင်ခံအဖွဲ့များကို အစိုးရအနေဖြင့် မျှဝေပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ နေရောင်ခြည်စွမ်းအင်၊ အာကာသသိပ္ပံနှင့် ပတ်သက်သည့် နည်းပညာများကိုလည်း တိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။

သိပ္ပံနှင့် နည်းပညာဌာနသည် အိန္ဒိယနိုင်ငံ၏ သိပ္ပံနည်းပညာဆိုင်ရာ လုပ်ငန်းစဉ်များ၊ စီမံကိန်းများ၊ သုတေသနများအားလုံးကို ရှေးရှုဆောင်ရွက်သည့်အဖွဲ့ဖြစ်သောကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးတိုးတက်မှုတို့အတွက် အထောက်အကူပြုလျက်ရှိသည်။ သိပ္ပံနှင့် နည်းပညာဌာနကို ၁၉၇၁ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ယနေ့အထိ အိန္ဒိယနိုင်ငံ၏ သိပ္ပံနည်းပညာ တိုးတက်ရေးအတွက် ရှေ့ဆောင်လမ်းပြဖြစ်ကြောင်း လေ့လာသိရှိခဲ့ရသည်။

**အာဆီယံ–အိန္ဒိယ Startup ပွဲတော်**

ခရီးစဉ်ဒုတိယနေ့တွင် အာဆီယံ–အိန္ဒိယ Startup ပွဲတော် ၂၀၂၄ ကျင်းပသည့် နေရာသို့သွားရောက်၍ သတင်းယူခွင့်ရရှိခဲ့ပါသည်။ အာဆီယံ–အိန္ဒိယ Startup ပွဲတော် ၂၀၂၄ (ASEAN–India Startup Festival 2024) ကို နယူးဒေလီမြို့ Dwarka မြို့နယ်ရှိ Taj Vivanta ၌ ကျင်းပခဲ့သည်။ အာဆီယံ–အိန္ဒိယ Startup ပွဲတော်ကျင်းပရသည့် ရည်ရွယ်ချက်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့အကြား စီးပွားရေးနှင့် နည်းပညာပံ့ပိုးရေး ပူးပေါင်းမှုကို စတင်သည့် အစီအစဉ်တစ်ခုဖြစ်သည်။

**စာမျက်နှာ ၁၁ သို့** ❑

**❛ နယူးဒေလီမြို့သည် အိန္ဒိယနိုင်ငံ၏ ချမ်းသာကြွယ်ဝခဲ့သောအတိတ်နှင့် တိုးတက်မှုအလားအလာကောင်းများ ပိုင်ဆိုင်ထားသော ပစ္စုပ္ပန်၏သင်္ကေတဖြစ်သည်။ နယူးဒေလီမြို့သည် ခေတ်ဟောင်းနှင့် ခေတ်သစ်ကို အချိုးကျကျပေါင်းစပ်ပြီး ဖွံ့ဖြိုးတိုးတက်နေသည့် မြို့လည်းဖြစ်သည်။ နယူးဒေလီမြို့တွင် ရှေးဘုရင်များဖန်တီးခဲ့သည့် သမိုင်းဝင်အဆောက်အအုံများစွာရှိသည်။ အိန္ဒိယသမ္မတအိမ်တော်၊ ပါလီမန်အဆောက်အအုံနှင့် အိန္ဒိယဂိတ်တို့အပါအဝင် ဗြိတိသျှအုပ်ချုပ်ရေးခေတ် အဆောက်အအုံများကို မြင်တွေ့ရသည်မှာ ကိုလိုနီခေတ်၏အငွေ့အသက်များကို ခံစားရစေသည် ❜**

❏ စာမျက်နှာ ၁၀ မှ

ဤအထိမ်းအမှတ်ပွဲကို နိုဝင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သည်။ အိန္ဒိယနှင့် အာဆီယံ ၁၀ နိုင်ငံမှ လုပ်ငန်းရှင်များနှင့် နည်းပညာတီထွင်သူများကို စုပေါင်းပြီး နယ်စပ်များကို ကျော်လွှားကာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်နှင့် တီထွင်ဆန်းသစ်မှုများကို တွန်းအားပေးရန် ရည်ရွယ်ထားသည်။ ပွဲတော်တွင် အိန္ဒိယ Startups ၆၀ နှင့် အာဆီယံ Startups ၄၀ က လှုပ်ရှားမှုများနှင့် နည်းပညာနှင့် ရေရှည်တည်တံ့သော ဆန်းသစ်မှုများကို အထူးအလေးထား သရုပ်ပြခဲ့ကြသည်။ ဤဆန်းသစ်မှုများသည် ဒေသဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့် လူမှုစီးပွားတိုးတက်မှုကို အားပေးရန်ရည်ရွယ်ထားပြီး အဆင့်မြင့် နည်းပညာနှင့် တာရှည်တည်တံ့မှုဆိုင်ရာကို အထူးအလေးပေးထားသည်။

သုံးရက်တာအစီအစဉ်တွင် ဆွေးနွေးပွဲများ၊ Startups များ၏ နမူနာပြပွဲများ၊ Startups များ၏ အပြိုင်အဆိုင်ကတိပြုမှုများနှင့် တွေ့ဆုံပွဲများပါဝင်ပြီး စီးပွားရေးလုပ်ငန်းရှင်များနှင့် အစိုးရအကြား ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်စေရန် ရည်ရွယ်ထားသည်။ အဆိုပါအစီအစဉ်တွင် နည်းပညာဆန်းသစ်မှု၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရေးစသည့်အချက်များကို ဦးစားပေးပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် မျှော်လင့်ထားသည်။ Startup ပွဲတော်တွင် အာဆီယံနိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့မှ စွမ်းဆောင်ရည်ရှိသော လုပ်ငန်းရှင်များကိုချိတ်ဆက်ပေးခြင်း၊ AI၊ FinTech၊ HealthTech၊ AgriTech စသည့် နည်းပညာအကျိုးဝင်သော စွမ်းဆောင်ရည်များ တိုးတက်စေရန် ကူညီမှုပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူစွာရရှိစေရန် အခွင့်အလမ်းများ ဖော်ဆောင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် စီးပွားရေးထိခိုက်မှုလျှော့ချခြင်းများကိုပါ ဦးစားပေးဖော်ဆောင်လျက်ရှိကြောင်း လေ့လာသိရှိခဲ့ရသည်။

မြန်မာသတင်းမီဒီယာ ကိုယ်စားလှယ်အဖွဲ့သည် အာဆီယံ-အိန္ဒိယ Startup ပွဲတော်တွင် လာရောက်ပူးပေါင်းပြသလျက်ရှိသည့် မြန်မာနိုင်ငံမှ ဟိန်းရွှေအောင်ကုမ္ပဏီ ခနိဖူးထုတ်လုပ်ရေးလုပ်ငန်းပြခန်း၊ စော်ဘွားကော်ဖီပြခန်း၊ Hturu သဘာဝဆိုးဆေးလုပ်ငန်းပြခန်းနှင့် Origin Business Solution Company Limited ပြခန်းတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ပြီး သတင်းထုတ်ပြန်ခြင်းများဆောင်ရွက်ခဲ့ပါသည်။



အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သတင်းမီဒီယာကိုယ်စားလှယ်အဖွဲ့ နိုင်ငံတကာနေစွမ်းအင်မဟာမိတ်သို့ သွားရောက်လေ့လာကြစဉ်။

**နိုင်ငံတကာနေစွမ်းအင် မဟာမိတ်**

မွန်းလွဲပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှသတင်းမီဒီယာကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတကာနေစွမ်းအင် မဟာမိတ် (International Solar Alliance – ISA) သို့ သွားရောက်လေ့လာကြသည်။ ISA သည် နေစွမ်းအင်အသုံးချမှု တိုးတက်စေရန်ရည်ရွယ်ပြီး ၂၀၁၅ ခုနှစ်တွင် အိန္ဒိယနှင့် ပြင်သစ်တို့၏ ဦးဆောင်မှုဖြင့် စတင်တည်ထောင်ခဲ့သည်။ ISA သည် လက်မှတ်ရေးထိုးထားသည့် နိုင်ငံ ၁၂၀ ကျော်ပါဝင်သည့် မဟာမိတ်အဖွဲ့ဖြစ်သည်။ မိတ်ဖက်နိုင်ငံအများစုမှာ နေရောင်ခြည် အလွန်ထွန်းကားသည့် နိုင်ငံများဖြစ်ကာ အများအားဖြင့် အပူပိုင်းဒေသနိုင်ငံများဖြစ်သည်။

အဓိကရည်မှန်းချက်မှာ ကမ္ဘာတစ်ဝန်း နေစွမ်းအင်အသုံးချမှုကို တိုးမြှင့်ခြင်း၊ စွမ်းအင်အသုံးပြုမှုများ သဘာဝကျစေရန်နှင့် Paris Agreement ၏အကျိုးများ ပြည့်မီစေရန်အတွက် လှုံ့ဆော်ခြင်းဖြစ်သည်။ နိုင်ငံတကာ နေစွမ်းအင် မဟာမိတ်အဖွဲ့၏ ရည်ရွယ်ချက်များမှာ နေစွမ်းအင်ကို ထိရောက်စွာအသုံးပြုရန်လုပ်ဆောင်ခြင်းဖြင့် ရုပ်ကြွင်းလောင်စာ ဓာတ်ငွေ့များအပေါ် မှီခိုနေရမှုကို လျှော့နည်းစေရန်၊ နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် မူဝါဒဆိုင်ရာကူညီမှုများဖြင့် ကမ္ဘာတစ်ဝန်း နေစွမ်းအင်အသုံးချမှု တိုးတက်စေရန်၊ နိုင်ငံအများအပြားအကြား စွမ်းအင်ကွန်ရက်ဆက်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်စေရန်၊ နေစွမ်းအင်ပစ္စည်းများကို ဈေးနှုန်းချိုသာစေရန်၊ နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ထူထောင်ခဲ့ခြင်းဖြစ်သည်။

ဤအစီအစဉ်ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် Wembley အားကစားကွင်း၌ ပြောကြားခဲ့သည့် အိန္ဒိယသမ္မတနာရင်ဒရာမိုဒီ၏ မိန့်ခွန်းတစ်ခုတွင် စတင်ထုတ်ဖော်ခဲ့ပြီး နေရောင်ခြည် ကောင်းစွာရရှိသော နိုင်ငံများကို **“Sons of the Sun” “နေ၏သားများ”** ဟု ဖော်ပြခဲ့သည်။ နေရောင်ခြည်ကောင်းစွာမရရှိသည့် နိုင်ငံများကိုလည်း မဟာမိတ်အဖွဲ့တွင် ပါဝင်ခွင့်ပြုထားပြီး အခြားအဖွဲ့ဝင်များကဲ့သို့ အကျိုးခံစားခွင့် ရနိုင်သည်။ သို့သော် အစည်းအဝေးဆုံးဖြတ်ချက်များတွင် မဲပေးခွင့်ကို ရရှိမည်မဟုတ်ကြောင်း လေ့လာသိရှိရသည်။

ISA သည် နေစွမ်းအင်အသုံးချမှုမှတစ်ဆင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်လုံခြုံရေးတို့တွင် အရေးပါသောအခန်းကဏ္ဍမှ အကျိုးသက်ရောက်မှုများ ရရှိနေသည်။ **“နေစွမ်းအင်ဖြင့် အားလုံးအကျိုးတူစေခြင်း”** ဆိုသောရည်မှန်းချက်ဖြင့် ISA သည် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ပြဿနာများကို ဖြေရှင်းရန် ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း လေ့လာသိရှိခဲ့ရသည်။

**အာဆီယံ-အိန္ဒိယ ဂီတပွဲတော်**

ညနေပိုင်းတွင် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူနှင့် တွဲဖက်အတွင်းဝန် Mr. Randhir Jaiswal က တည်ခင်းဧည့်ခံသည့်ညစာစားပွဲသို့ တက်ရောက်ပြီး အာဆီယံ-အိန္ဒိယ ဂီတပွဲတော် (ASEAN–India Music Festival) ကို သွားရောက်ကြည့်ရှုကြသည်။ အာဆီယံ-အိန္ဒိယ ဂီတပွဲတော်ကို နယူးဒေလီမြို့ သမိုင်းဝင် ပူရာနာခီလာအဆောက်အအုံ၌ နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိကျင်းပခဲ့သည်။

ပွဲတော်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အနုပညာရှင်များနှင့် အိန္ဒိယနိုင်ငံမှ အနုပညာရှင်များက တေးသီချင်းများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ အိန္ဒိယနိုင်ငံမှ ဂီတအနုပညာကို ချစ်မြတ်နိုးကြသူများက တစ်ခဲနက် လာရောက်အားပေးကြည့်ရှုခဲ့ကြသည်။ အဆိုပါပွဲတော် ပထမနေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့က ခေတ်ပေါ်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။ အဆိုပါဂီတပွဲတော်ကို အိန္ဒိယပြည်ပရေးရာ ဝန်ကြီးဌာနက အိန္ဒိယအစိုးရ၏ အရှေ့တောင်အာရှနိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်မှုမူဝါဒ (၁၀)နှစ်ပြည့် အထိမ်းအမှတ်နှင့် အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့အကြား မဟာဗျူဟာမြောက် ဆက်ဆံရေးကို မြှင့်တင်ရန် စီစဉ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါပွဲတော်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့အကြား အနုပညာနှင့် ယဉ်ကျေးမှုပေါင်းစည်းဆက်နွှယ်မှုမှတစ်ဆင့် ရင်းနှီးချစ်ကြည်သောဆက်ဆံရေးကို တိုးတက်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း မှတ်သားခဲ့ရပါသည်။ ။

**“နိုင်ငံတကာနေစွမ်းအင် မဟာမိတ်အဖွဲ့၏ ရည်ရွယ်ချက်များမှာ နေစွမ်းအင်ကို ထိရောက်စွာ အသုံးပြုရန် လုပ်ဆောင်ခြင်းဖြင့် ရုပ်ကြွင်းလောင်စာ ဓာတ်ငွေ့များအပေါ် မှီခိုနေရမှုကို လျှော့နည်းစေရန်၊ နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် မူဝါဒဆိုင်ရာ ကူညီမှုများဖြင့် ကမ္ဘာတစ်ဝန်း နေစွမ်းအင် အသုံးချမှုတိုးတက်စေရန်၊ နိုင်ငံအများအပြားအကြား စွမ်းအင်ကွန်ရက်ဆက်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်စေရန်၊ နေစွမ်းအင်ပစ္စည်းများကို ဈေးနှုန်းချိုသာစေရန်၊ နည်းပညာများဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ထူထောင်ခဲ့ခြင်းဖြစ်”**





နယူးဒေလီမြို့ သမိုင်းဝင် ပူရာနာခီလာအဆောက်အအုံ၌ အာဆီယံ-အိန္ဒိယဂီတပွဲတော် ကျင်းပစဉ်။

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်မြို့ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**ပြည် ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ပြည်မြို့ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေးပြီး လူငယ့်အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့ အမှတ်(၆) တပ်မတော်ဆေးရုံ(ခုတင်-၁၀၀)၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားခဲ့ပြီး ဆေးရုံတက်ရောက်လူနာများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ နတ်တလင်းမြို့နယ် ပွတ်စုကျေးရွာရှိ လူငယ့်အလင်းရောင်စာကြည့်တိုက်အား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီး ဦးတင်ဆွေ၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး စာကြည့်တိုက်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြပြီး စာကြည့်တိုက်အတွက် သုတ/ရသ စာအုပ်စာစောင်များ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မိုင်းပျဉ်းမြို့၌ Grade-5 သင်ကြားသင်ယူမှု ထိရောက်ရေး အရည်အသွေးမြင့်ဆွေးနွေးပွဲကျင်းပ

**မိုင်းပျဉ်း ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် Grade-5 သင်ကြားသင်ယူမှု ထိရောက်ရေး အရည်အသွေးမြင့်ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

**ဆွေးနွေးကြမည်**

မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ပညာသင်ကြားလျက်ရှိသော Grade-5 ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတကြွယ်ဝစေပြီး အာရုံစူးစိုက်မှုစွမ်းအားနှင့် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်လာစေရန်ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် Grade-5 သင်ကြားသင်ယူမှု ထိရောက်ရေး အရည်အသွေးမြင့်ဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်လွင်က ကြီးကြပ်သူအဖြစ်ဆောင်ရွက်သည်။ ထို့ပြင် နည်းပြ ခြောက်ဦးတို့က သင်ကြားသင်ယူမှုများ၊ နမူနာမေးခွန်းများ၊ အမှတ်ပေးစည်းမျဉ်းများစသဖြင့် အသေးစိတ်ဆွေးနွေးကြမည်ဖြစ်ပြီး သင်တန်းဆွေးနွေးပွဲကာလမှာ ဇန်နဝါရီ ၁၈ ရက်မှ ၂၁ ရက်အထိ ငါးရက်ကြာ ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခြေခံပညာမူလတန်းဆင့် Grade-5 သင်ကြားသင်ယူမှု ထိရောက်ရေး အရည်အသွေးမြင့်ဆွေးနွေးပွဲသို့ ကျောင်းအုပ်ဆရာ ဆရာမများ၊ Grade-5 သင်ကြားနေသည့် ဆရာ ဆရာမများ စုစုပေါင်း သင်တန်းသား ၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**



# ပင်လောင်းမြို့နယ်၌ လေပြင်းဘေးကြိုတင်ကာကွယ်ရေး ရန်ပုံငွေလွှဲပြောင်းပေးအပ်

**ပင်လောင်း ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ လေပြင်းဘေးကြိုတင်ကာကွယ်ရေး ရန်ပုံငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ဘက်စုံသုံးခန်းမ၌ ပြုလုပ်သည်။



ဦးစွာ ရှမ်းပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ရှမ်းပြည်နယ်အတွင်း နှစ်အလိုက် လေပြင်းဘေးဒဏ်နှင့် မိုးသီးကြွေကျမှု ဘေးဒဏ်ခံစားရမှုများ၊ လေပြင်းဘေးကြိုတင်ကာကွယ်ရေး စီမံချက်ဆောင်ရွက်ခဲ့မှု စာရင်းများ၊ မြို့နယ်မှ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ လေပြင်းဘေးဒဏ်ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များဖြစ်စေရေး အားဖြည့်ပြင်ဆင်ရန်လိုအပ်သည်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဇော်ထက်က ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ မြေပြင်တွင် ကွင်းဆင်းစိစစ်ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးက လေပြင်းဘေးကြိုတင်ကာကွယ်ရေး ရန်ပုံငွေကျပ် ၁၂၆၀၀၀၀၀ အား ပေးအပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ က လက်ခံရယူသည်။ ပင်လောင်းမြို့နယ်တွင် လေပြင်းဘေးကြိုတင်ကာကွယ် ရေးစီမံချက် ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ အိမ်ခြေ ၂၀၀ ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြောက်ဥက္ကလာပမြို့နယ်၌ မျက်စိဝေဒနာရှင်များအား ကွင်းဆင်းဆေးကုသပေး

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်း ဒေသကြီး မြောက်ဥက္ကလာပ မြို့နယ်၌ တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မျက်စိဝေဒနာရှင် ပြည်သူများအတွက် "မရှိ၍ မလင်းသူ မရှိစေရ"ဆေးကုသပေးခြင်းကို ယနေ့နံနက် ၈ နာရီက ဆုတောင်းပြည့် မယ်လမုဘုရား ဝင်းသာသနာ့ဗိမာန်သုံးထပ်ဆောင်၌ ကွင်းဆင်းကုသမှုပြုလုပ်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စာရင်းများကောက်ယူခြင်း၊ ရန်ကုန်တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက သွေးပေါင်ချိန်တိုင်းတာခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးခြင်း၊ တီဘီရောဂါ ရှိ၊ မရှိ ဓာတ်မှန်ရိုက်စစ်ဆေးခြင်းများ ဆောင်ရွက်ကြသည်။ ဆရာဝန်ကြီးများက မျက်စိအဝေးမှုန်၊ အနီးမှုန် စနစ်တကျစစ်ဆေးခြင်းများ ဆောင်ရွက်ကာ မျက်မှန်တပ်ရန် လိုအပ်သော လူနာများအား မျက်မှန်တပ်ပေးခြင်းများကို ဆောင်ရွက်ပေးပြီး ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ Y.M.B.Aအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

မျက်စိ ဝေဒနာရှင်များအား "မရှိ၍ မလင်းသူမရှိစေရ" ကွင်းဆင်း ဆေးကုသပေးရာတွင် မြောက်ဥက္ကလာပ မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၉ ရပ်ကွက်မှ မျက်စိဝေဒနာရှင် စုစုပေါင်း ၄၀၀ ကျော် ဆေးကုသမှု ပေးခဲ့ကြကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# ပခုက္ကူမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

**ပခုက္ကူ ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်လေ့ကျင့်ခြင်းကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၁)ရပ်ကွက်ရှိ မြန်မာ့ဆက်သွယ်ရေးရုံး၌ ပြုလုပ်သည်။

**ရှင်းလင်းဟောပြော**

ထိုသို့ဆောင်ရွက်ရာတွင် ပခုက္ကူမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက အရေးပေါ် မီးလောင်မှုဖြစ်ပွားပါက စနစ်တကျ မီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူး စနစ်တကျ အသုံးပြုနည်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များအကြောင်း အသိပညာပေး ရှင်းလင်းဟောပြောကြရာ ပခုက္ကူမြို့ မြန်မာ့ဆက်သွယ်ရေးရုံးဝန်ထမ်းများက မီးသတ်ဆေးဘူးများအသုံးပြု၍ လက်တွေ့သရုပ်ပြမီးငြိမ်းသတ်စုပေါင်းလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



# ရုရှားနှင့် အီရန် နှစ်နိုင်ငံအကြား ပြီးပြည့်စုံသည့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံမှုစာချုပ် လက်မှတ်ရေးထိုး

**မော်စကို ဇန်နဝါရီ ၁၈**

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အီရန်သမ္မတ မာဆော့ ပီဇက်ရှ်တို့သည် အနောက်နိုင်ငံများနှင့် ထိပ်တိုက်ရင်ဆိုင်မှုများ ပိုမိုမြင့်တက်လျက်ရှိစဉ် နှစ်နိုင်ငံအကြား ပြီးပြည့်စုံသည့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံမှုစာချုပ်ကို ယမန်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် မော်စကိုမြို့တော်ရှိ ကရင်မလင်နန်းတော်၌ အဆိုပါ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် လုံခြုံရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပါဝင်သည်။

ယင်းသဘောတူညီချက်သည် ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်အားလုံးအတွက် ထပ်လောင်းတွန်းအားပေးမှုတစ်ရပ် ဖြစ်ကြောင်း လက်မှတ်မထိုးမီ ကျင်းပသည့် ထိပ်သီးအစည်းအဝေးတွင် ရုရှားသမ္မတ ပူတင်က ပြောကြားသည်။

နှစ်နိုင်ငံကြား ဆက်ဆံရေးသည် နေ့စဉ်နှင့်အမျှ ပိုမိုကောင်းမွန်လာပြီး သဘောတူညီမှုစာချုပ်သည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးတက်အောင် ကူညီပေးမည်ဖြစ်ကြောင်း အီရန်သမ္မတ မာဆော့ ပီဇက်ရှ်က ပြောကြားသည်။

နှစ်နိုင်ငံ စစ်ရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ပြီး စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခြင်းကဲ့သို့သော ပူးပေါင်းဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်လာမည်ဟုလည်း သဘောတူစာချုပ်တွင် ဖော်ပြထားသည်။

ထို့ပြင် နှစ်နိုင်ငံအနက် တစ်နိုင်ငံကို အခြားတစ်နိုင်ငံက ကျူးကျော်တိုက်ခိုက်လာပါက အခြားတစ်နိုင်ငံအနေဖြင့် ရန်သူ့နိုင်ငံအား စစ်ရေးအကူအညီပေးမည်မဟုတ်ကြောင်း ဖော်ပြထားသည်။

ရုရှားနှင့် အီရန်နှစ်နိုင်ငံကြား နက်ရှိုင်းသော ဆက်ဆံရေးနှင့် ပတ်သက်၍ အနောက်နိုင်ငံများက စိုးရိမ်လျက်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ပြောသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ ဘာသာပြန် – အောင်ကျော်ကျော်**



# ရက်သတ္တခြောက်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဟားမတ်စ်နှင့် သဘောတူညီချက်ကို အစ္စရေးအစိုးရက တရားဝင်အတည်ပြု

**ဂျေရုဆလင် ဇန်နဝါရီ ၁၈**

ဇန်နဝါရီ ၁၉ ရက်တွင် စတင်အသက်ဝင်မည့် ရက်သတ္တခြောက်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဟားမတ်စ်နှင့် သဘောတူညီချက်ကို အစ္စရေးအစိုးရက တရားဝင် အတည်ပြုခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။



**ထုတ်ပြန်**

ဟားမတ်စ်အဖွဲ့မှ ဖမ်းဆီးထားသော ဓားစာခံများ ပြန်လည်လက်ခံရေးဆိုင်ရာ မူဘောင်ကို အစ္စရေးအစိုးရက အတည်ပြုခဲ့ပြီး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီမှုသည် ဇန်နဝါရီ ၁၉ ရက်တွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏ရုံးက ဇန်နဝါရီ ၁၈ ရက် နံနက်အစောပိုင်းတွင် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ဟားမတ်စ်အဖွဲ့သည် ဓားစာခံ ၃၃ ဦးကို လွှတ်ပေးမည်ဖြစ်ပြီး အစ္စရေးက ပါလက်စတိုင်း အကျဉ်းသားများကို လွှတ်ပေးကာ ၎င်းတို့၏ တပ်ဖွဲ့ဝင်များကို ဂါဇာကမ်းမြောင်ဒေသမှ ဆုတ်ခွာပေးမည်ဖြစ်သည်။

ဇန်နဝါရီ ၁၇ ရက်တွင် ကျင်းပခဲ့သည့် အစ္စရေးအစိုးရအဖွဲ့ အစည်းအဝေးပြီးနောက်အစ္စရေးအစိုးရ၏ အပစ်အခတ် ရပ်စဲရေးဆိုင်ရာ ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အဆိုပါ အတည်ပြုချက်ကို ဇန်နဝါရီ ၁၆ ရက်တွင် ပြုလုပ်ရန် မျှော်လင့်ထားသော်လည်း နေတန်ယာဟု၏ ညွန့်ပေါင်းအစိုးရအဖွဲ့ လက်ယာစွန်းပါတီမှ ဝန်ကြီးတစ်ဦး၏ ငြင်းဆန်မှုကြောင့် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် ဝန်ကြီး ၂၄ ဦးအနက် ထောက်ခံမဲအများစုရရှိပြီး ကန့်ကွက်မဲ ရှစ်မဲဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို အတည်ပြုခဲ့ကြောင်း အစ္စရေးမီဒီယာတစ်ခုက ဖော်ပြသည်။

အစ္စရေး၏ လက်ယာယိမ်းနှင့် လက်ယာစွန်း ပါတီဝင်များသည် ဟားမတ်စ်နှင့် အပစ်အခတ်ရပ်စဲရေးကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ခဲ့သည်။ ၁၅ လကျော်ကြာ ကြာမြင့်ခဲ့သော တိုက်ပွဲများ ရပ်တန့်ရေး သဘောတူညီချက်ကို တည်ငြိမ်စွာ အကောင်အထည်ဖော်နိုင်မှု ရှိ၊ မရှိကိုမူ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

**ကိုးကား – အင်န်အိတ်ရှ်ကေ ဘာသာပြန် – အောင်ကျော်ကျော်**

# ဒေါ်နယ်ထရမ့်၏ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားကို ရာသီဥတုအအေးဒဏ်ကြောင့် အမေရိကန်လွှတ်တော်အဆောက်အအုံအတွင်း၌ ကျင်းပပြုလုပ်မည်

**ဝါရှင်တန် ဇန်နဝါရီ ၁၈**

ဒေါ်နယ်ထရမ့်၏ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားကို ရာသီဥတုအအေးဒဏ်ကြောင့် ဝါရှင်တန်မြို့တော်ရှိ အမေရိကန်လွှတ်တော်အဆောက်အအုံခန်းမအတွင်း၌ ကျင်းပပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

အခမ်းအနားကျင်းပမည့် ဇန်နဝါရီ ၂၀ ရက်တွင် အပူချိန် အနုတ် ၆ ဒီဂရီစင်တီဂရိတ်ရှိမည်ဟု ခန့်မှန်းရသည်။

**တိုက်ရိုက်ထုတ်လွှင့်မည်**

ထရမ့်သည် CAPITAL ONE ARENA အားကစားကွင်းအနီးတွင် ၎င်း၏ထောက်ခံသူများကို တွေ့ဆုံမည်ဖြစ်ပြီး အဆိုပါအခမ်းအနားအား ရုပ်သံလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်သည်။

အမေရိကန်သမိုင်းတွင် ရာသီဥတုဆိုးရွားမှုကြောင့် လွှတ်တော်အဆောက်အအုံခန်းမအတွင်း၌ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနား ကျင်းပခဲ့သည့် အမေရိကန်သမ္မတမှာ ရော်နယ်ရေဂင် (၁၉၈၅) ဖြစ်သည်။

သမ္မတ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ဂျပန်နိုင်ငံခြားရေးဝန်ကြီး အီဝါယာ တာကီရှီလည်း တက်ရောက်ရန် စီစဉ်ထားသည်။

အမေရိကန်–ဂျပန်ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်ရန်အတွက် လာမည့်အမေရိကန်အစိုးရသစ်နှင့် အနီးကပ်ဆက်သွယ်ဆွေးနွေးနိုင်ရန် မျှော်လင့်လျက်ရှိပါကြောင်း ဇန်နဝါရီ ၁၇ ရက်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီး အီဝါယာ တာကီရှီက ပြောကြားသည်။

ထို့ပြင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ရွေးချယ်ထားခြင်းခံရသည့် မာကိုရူဘီအို အပါအဝင် အဆင့်မြင့်အရာရှိများနှင့် တွေ့ဆုံရန်လည်း မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**



# အမေရိကန်နိုင်ငံ၌ တစ်တော့သုံးစွဲခြင်းကို ဇန်နဝါရီ ၁၉ ရက်မှစပြီး ပိတ်ပင်တော့မည်ဖြစ်ကြောင်း တစ်တော့ကုမ္ပဏီပြောကြား

**ဝါရှင်တန် ဇန်နဝါရီ ၁၈**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က နိုင်ငံအတွင်း တစ်တော့အက်ပလီကေးရှင်း ဝန်ဆောင်မှုပေးခြင်းနှင့်ပတ်သက်ပြီး တိကျသေချာသည့် အာမခံချက်ပေးမည်မဟုတ်ပါက အမေရိကန်၌ သုံးစွဲသူ သန်း ၁၇၀ ကျော်ရှိသည့် ၎င်း၏ဝန်ဆောင်မှုကို ဇန်နဝါရီ ၁၉ ရက်မှစပြီး ပိတ်ပင်တော့မည်ဖြစ်ကြောင်း တစ်တော့ကုမ္ပဏီက ယမန်နေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဂျိုးဘိုင်ဒင်အစိုးရသည် နိုင်ငံအတွင်း၌ ရေပန်းစားသော ဗီဒီယိုပလက်ဖောင်းဖြစ်သည့် တစ်တော့ကို တားမြစ်ရန် ရည်ရွယ်သည့် ဥပဒေတစ်ရပ်ကို ချက်ချင်းပြဋ္ဌာန်းမည် မဟုတ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သော်လည်း တစ်တော့ကုမ္ပဏီက အထက်ပါအတိုင်း ကြေညာခဲ့ခြင်းဖြစ်သည်။

တစ်တော့ ကုမ္ပဏီပိုင်ရှင် တရုတ်လူမျိုး ဘိုက်ဒန့်စ်အနေဖြင့် အဆိုပါအက်ပလီကေးရှင်းကို အမေရိကန် ကုမ္ပဏီတစ်ခုသို့ ရောင်းချရမည်ဖြစ်ကြောင်းနှင့် ရောင်းချခြင်းမရှိပါက ဒေါ်နယ်ထရမ့် သမ္မတ ကျမ်းသစ္စာကျိန်ဆိုမှုမတိုင်မီ တစ်ရက်အလိုဖြစ်သည့် ဇန်နဝါရီ ၁၉ ရက်မှ စတင်ပြီး နိုင်ငံတစ်ဝန်း၌ တစ်တော့အက်ပလီကေးရှင်းသုံးစွဲမှုကို ရပ်ဆိုင်းရမည်ဖြစ်ကြောင်း အမေရိကန်တရားရုံးချုပ်က ဇန်နဝါရီ ၁၇ ရက် အစောပိုင်းတွင် ပြောကြားသည်။

အဆိုပါဆုံးဖြတ်ချက်ချမှတ်ပြီးနောက် ပြည်သူများသည် တစ်တော့ပလက်ဖောင်းအား အသုံးပြုမှု ရပ်ဆိုင်းမည်ကို မလိုလားသည့်အတွက် ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

ထို့ပြင် တစ်တော့သုံးစွဲမှုရပ်ဆိုင်းခြင်းနှင့်ပတ်သက်ပြီး ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့က ဆက်လက်ဖြေရှင်းသွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ထုတ်ပြန်ကြေညာသည်။

၂၀၂၄ ခုနှစ် ဧပြီလတွင် ဂျိုးဘိုင်ဒင်သည် အခြေအမြစ်မရှိသော အမျိုးသားလုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများကို အကြောင်းပြကာ ရက်ပေါင်း ၂၇၀ အတွင်း တစ်တော့ကို ရောင်းချရမည်ဆိုသည့်ဥပဒေကြမ်းကို လက်မှတ်ရေးထိုးခဲ့သည်။

ယင်းသို့ လိုက်နာခြင်းမရှိပါက Apple နှင့် Google ကဲ့သို့သော အက်ပလီကေးရှင်းစတိုး အော်ပရေတာများသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက်မှစ၍ ၎င်းတို့၏ ပလက်ဖောင်းများမှ တစ်တော့ကို ဖယ်ရှားရန် ဥပဒေတွင် ပြဋ္ဌာန်းထားသည်။ **ကိုးကား – ဆင်ဟွာ ဘာသာပြန် – အောင်ကျော်ကျော်**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့်တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှု ဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၂၉၈၂၉၈) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၉၁၃၇၅၈၀)ကိုလည်း ကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇၇၄၃၅၈၇၈)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၇ ရက်တွင် ပဲခူး တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌မော်လမြိုင်မှ ရန်ကုန်သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yar Zar Min Bus တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၉၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ် စစ်ဆေးရေးစခန်း၌ ရန်ကုန်မှ ရွှေဘိုသို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၉၈၀၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ(ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၈၀၀၀၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၈၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့ အင်းလေးမြိုင်ရပ် မင်းဓမ္မလမ်းရှိ ဂိုဒေါင် တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၆၀၅၀၀၀) ကိုလည်းကောင်း၊ မြိတ်မြို့ အထက်ရေပုန်းရပ် စပါးရွှေဝါလမ်းရှိ ဂိုဒေါင် တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၀၀၀၀၀၀)ကိုလည်း ကောင်း၊ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ကမ်းသာယာလမ်း ကြက်ဒိုင်ဆိပ်အနီး မြစ်ကမ်းဘေး တစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း တစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၇၀၀၀၀၀) ကိုလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၃၀၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၈ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ် နောင်နွန်းပူးပေါင်းစစ်ဆေးရေးဂိတ် အနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းသုံးမျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၈၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၄၂၁၀၈၇၈) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေး ဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် တင်သွင်းမှုများ အားသက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**




သီလဝါဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။



တနင်္သာရီတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအားလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇန်နဝါရီ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “သန်းလှိုင်သန်းလှိုင်” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅၆)ရပ်ကွက်နေ သန်းဇော်အား နံနက် ၈ နာရီ ၁၀ မိနစ်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၁-၂၀၂၅ တနင်္ဂနွေနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | သန့်ရှင်းလတ်ဆတ်သော အာဟာရဓာတ်ပေး ပဲလပ်မုန့်လေး |
| ၀၉:၁၀ | ကာတွန်းအစီအစဉ် 'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း' (အပိုင်း-၂၃) |
| ၀၉:၅၅ | သတင်းသမားပြောတဲ့သတင်းစကား |
| ၁၀:၂၀ | 'ငအောက်ချင်းငှက်သစ္စာ' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ် |
| ၁၂:၃၀ | This Week's Special Interest |
| ၁၃:၁၅ | အသိပညာနှင့်အမှန်တရား |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | မြန်မာ့ဂန္ထဝင်ရုပ်ရှင် 'တွေးရခက်ကြီး' (မြင့်အောင်၊ ဖိုးပါကြီး၊ မေလွင်၊ မေချစ်၊ ခင်လေးဆွေ) |
| ၁၆:၄၅ | Sports Diary |
| ၁၇:၁၀ | ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ် |
| ၁၇:၄၀ | လေ့လာစရာစုံလင် အမိမြန်မာပြည်တစ်ခွင် 'မေခြမြစ်ထက် ရတနာဘယက် သွယ်ကာဆက်တန်းရီဒမ်း' |
| ၁၈:၃၅ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၈:၄၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၅၆) |
| ၂၀:၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ဘဝနှင့်အနုပညာ 'အကယ်ဒမီကျော်ကျော်ဖိုးနှင့် တွေ့ဆုံခြင်း' (အပိုင်း-၂) |
| ၂၁:၃၀ | ဆေးရောင်စုံရုပ်ရှင် 'အမြတ်နိုးဆုံးနှင်း' (ရန်အောင်၊ စိုးသူ၊ ဖိုးမြင့်အောင်) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Zambudipar (Shwe Yee Win) |
| 07:10 | Artistic Values & Aesthetic Traditions |
| 07:34 | Local Talents Show (8) |
| 07:39 | Sri Ksetra, Field of Fortune & Glory (Part-1) |
| 08:01 | News |
| 08:28 | Myanmar Big Circular Tray |
| 08:44 | The Tasty Creator |
| 09:01 | Shining Star (Ep-3) |
| 09:25 | Today Myanmar: Let's help youth read for brighter furture (Tamwe Township) |
| 09:40 | Myanmar-Korea Song (7) |
| 09:49 | Tea Export |
| 10:01 | News |
| 10:28 | Topics Potpourri; A Climate Crisis in the Kyrgyz Mountains |

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ခံတွင်းမြိန်စေမဲ့ကယားရိုးရာအစားအစာ

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဂန္ထဝင်ဆန်တဲ့အချစ်(အပိုင်း-၃)

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်ရိုးရာစောင်းတူရိယာ

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
မြေးအဖိုး(အပင်အကြောင်း)

**ချင်း (လိုင်းဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
အုံ့ပွယ်အစွမ်းထက်ချဉ်ပေါင်

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
မင်းတပ်မြို့ကိုအလှဆင်တဲ့တောင်တန်းပေါ်က ပန်းအလှများ

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၂၀)

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ခေါက်စားဟင်းလျာ

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၆)

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၄:၁၅ | News Desk |
| ၁၆:၀၀ | သတင်းမှန်ကမ္ဘာ(LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၈:၄၅ | ပညာရေးစကားဝိုင်း(အပိုင်း-၂) |
| ၁၉:၁၅ | Next Level |
| ၁၉:၄၅ | ကမ္ဘာတစ်လွှားအနုပညာသတင်းများ |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလဲ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ထိုင်းနိုင်ငံ' |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဗီယက်နမ်နိုင်ငံ' |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ကိုရီးယားနိုင်ငံ' (အပိုင်း-၁) |
| ၁၁:၃၀ | ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၄၅) |

### MRTV FARMERS' / HTV Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၁၅ | စိုက်ပျိုးရေးကိုအခြေတည် တန်ဖိုးရှိတဲ့မြန်မာ့ထုတ်ကုန်ဆီ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၃၅ | A Day in the Life as a Full Time Farming & Vlogging Flamily |
| ၁၈:၅၀ | Busy Day in the Farm |
| ၁၉:၄၅ | International Music Hits |
| ၂၂:၀၀ | ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ် (ဇာတ်လမ်း) |
| ၁၈:၀၀ | Hocus Pocus (နိုင်ငံခြားဇာတ်လမ်း) |

### MRTV SPORTS / HTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၀ | Weekly Sports Info |
| ၀၇:၄၅ | Weekend News |
| ၁၇:၀၀ | အားကစားသတင်း |
| ၂၀:၀၀ | Uni League Event Day (Replay) (KWTC Vs STI) |

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မြဝတီမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**မြဝတီ ဇန်နဝါရီ ၁၈**

ကရင်ပြည်နယ် မြဝတီမြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများသည် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းများကို ဇန်နဝါရီ ၁၇ ရက် ညပိုင်းက အမှတ်(၃)ရပ်ကွက် လမ်းမကြီးများနှင့် ရပ်ကွက်အတွင်း လမ်းသွယ်တို့၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်ဇင်ဟိန်း ဦးဆောင်သောတပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းအနေဖြင့် အိမ်တိုင်းတွင် မီးသတ်ဆေးဘူး၊ ရေပုံး၊ သဲအိတ်၊ မီးချိတ်၊ မီးကပ်များအဆင်သင့်ထားရှိရန်၊ လျှပ်စစ်မီး/ဆိုလာဘက်ထရီများသုံးစွဲရာတွင် လျှပ်စစ်ဝိုင်ယာမှတစ်ဆင့် မီးလောင်မှုများဖြစ်ပွားနိုင်သောကြောင့် စစ်ဆေးမှုများပြုလုပ်ထားရန်၊ ထင်း/မီးသွေးများသုံးစွဲရာတွင် မီးကြွင်းမီးကျန်များမကျန်ရှိစေရန်နှင့် အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)





# မြိတ်မြို့ အလယ်ကျွန်းရပ်ကွက်၌ မီးလောင်မှုကြောင့် တစ်ဦးသေဆုံးကာ နေအိမ်သုံးလုံး ပျက်စီးဆုံးရှုံး

**မြိတ် ဇန်နဝါရီ ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အလယ်ကျွန်းရပ်ကွက် မင်္ဂလာလမ်းသွယ် အလယ်ကျွန်းတောင်ပိုင်းမီးသတ်အနီးရှိ ဦးတင်ယု(ခ)သံချောင်း၏နေအိမ်မှစ၍ ယနေ့နံနက် ၃ နာရီ ၂၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးကာ နေအိမ်သုံးလုံးပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာနေရာသို့ မြိတ်ခရိုင်မီးသတ်ဦးစီးမှူး ဦးစန်းဦး ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးငြိမ်းသတ်ယာဉ်များ၊ ပြည်သူများနှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ ၃၈ မိနစ်ခန့်က မီးထိန်းနိုင်ခဲ့ပြီး နံနက် ၄ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဦးတင်ယု(ခ)သံချောင်း၏ နေအိမ်အပါအဝင် စုစုပေါင်းနေအိမ် သုံးလုံးမီးလောင်ပျက်စီးခဲ့ပြီး တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

# သာယာဝတီမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်

**သာယာဝတီ ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့၏ စီမံမှုဖြင့် မီးသတ်ဦးစီးဌာနနှင့် မြို့နယ် စည်ပင်သာယာရေး အဖွဲ့တို့ပူးပေါင်းကာ မြို့မဈေးကြီးနှင့် သုံးဆယ်မြို့မဈေးတို့၌ မီးသတိမူရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့မွန်းလွဲ ၂ နာရီက ပြုလုပ်သည်။



ဇာတ်တိုက် လေ့ကျင့်ရာတွင် မြို့နယ်မီးသတ် ဦးစီးမှူး ဦးခင်မောင်လတ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်ဦးနှင့် တာဝန်ရှိသူများက မီးလောင်မှုဖြစ်ပွားရာ၌ ကနဦး ဆောင်ရွက်ရမည့်အချက်များ၊ မီးသတ်ဆေးဘူး အသုံးပြုနည်းများ၊ လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် မီးလောင်မှုဖြစ်ပွားပြီး ရှာဖွေကယ်ဆယ်ခြင်း ကဏ္ဍတို့ကို ဈေးသူ ဈေးသားများ၊ သန္ဓေနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်တို့ဖြင့် သရုပ်ပြသ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သန့်ဇော်(ပြန်/ဆက်)

■


# ပိုလ်တထောင်မြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးလှည့်လည်နှိုးဆော်

**ပိုလ်တထောင် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ပိုလ်တထောင်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး လှည့်လည်နှိုးဆော်ခြင်းကို ယမန်နေ့ညနေ ၆ နာရီက ပိုလ်တထောင်မြို့နယ်အတွင်းသို့ လှည့်လည်နှိုးဆော်ခဲ့သည်။

နှိုးဆော်ရာတွင် တာမွေမြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးအာကာမင်းခင် ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်ငါးဦးတို့ဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ လှည့်လည်ကာ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသံချဲ့စက်ဖြင့် မီးသတိမူရေးနှင့် မီးလောင်မှုဖြစ်ပွားပါက ဆက်သွယ်ရန်ဖုန်းနံပါတ်များကို ကြေညာပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သောဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများမပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သောကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။



## ကလောမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် တောင်လား ကျေးရွာအုပ်စု မြင်းဒိုက်ကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသ ရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဖောင်တော်ဦး ကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံ ပြည်သူ ၁၉၈ ဦးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အထွေထွေ ရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်ရှိ သံဃာတော် ၇၉ ပါးနှင့် ဒေသခံပြည်သူ ၁၂၄ ဦးတို့ကို ကန်သာယာဓမ္မာရုံ၌ သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆောင်းရာသီတွင် ဖြစ်ပွားလေ့ရှိသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် အသိပေးနှိုးဆော်ချက် (၁၃-၁-၂၀၂၅)

ဆောင်းရာသီကာလတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေတတ်သော ရာသီတုပ်ကွေးရောဂါပိုးများ၊ ကိုဗစ် - ၁၉ ရောဂါပိုး၊ Human metapneumovirus(HMPV) ရောဂါပိုးစသည့် အဏုဇီဝရောဂါပိုးများ ကူးစက်ဖြစ်ပွားမှု မြင့်တက်လေ့ရှိပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကိုယ်ခံအားစနစ် ကျဆင်းနေသူများတွင် ရောဂါပိုမိုပြင်းထန်စွာ ခံစားရစေနိုင်သည်။

### ရောဂါကူးစက်ပုံ နည်းလမ်းများ

- ရောဂါပိုးကူးစက်ခံစားနေရသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှထွက်ရှိသည့် အစက်အမှုန်များ(Droplets) မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးကူးစက်ခံစားနေရသူနှင့် အနီးကပ်ထိတွေ့ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်းမှ တစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးကပ်တင်နေသည့် အရာဝတ္ထုပစ္စည်းများ၊ မျက်နှာပြင်များအား လက်ဖြင့်ထိမိပြီး ပါးစပ်၊နှာခေါင်းနှင့် မျက်စိတို့အား ထပ်ဆင့်ထိမိရာမှ တစ်ဆင့်ကူးစက်ခြင်း။

### ရောဂါလက္ခဏာများ

- ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာစေးနှာပိတ်ခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူကျပ်ခြင်း၊
- ရောဂါပြင်းထန်ပါက လေပြွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်း။

### ရောဂါကာကွယ်ရေးနည်းလမ်းများ

- ရောဂါသံသယလက္ခဏာများ ခံစားရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ဝတ်ဆင်ခြင်း၊ ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊ နှာချေ၊ ချောင်းဆိုးပါက နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ခြင်း၊ အခြားသူများနှင့် ခပ်ခွာခွာနေခြင်း။

**လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိသော ပြည်ပနိုင်ငံများသို့ သွားရောက်မည့်သူများအနေဖြင့် ရောဂါကူးစက်ခံရမှုမရှိစေရေး သတိပြုကာကွယ်ကြရန်နှင့် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် သံသယလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ စောစီးစွာ သွားရောက်ပြသ၍ ကုသမှုခံယူကြရန် ဖြစ်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မလိကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၈**

တနင်္သာရီကမ်းရိုးတန်းဒေသ တစ်လျှောက်မှ ဒေသခံပြည်သူများ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အနီး ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) သည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မလိကျွန်းတိုက်နယ် ဆေးရုံတွင်အခြေပြု၍ မလိကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူ ၃၁၁ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၅၇ ဦး၊ ခွဲစိတ်ရောဂါ ၁၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၉ ဦး၊ ကလေးရောဂါ ၄၅ ဦး၊ အရိုးရောဂါ ၃၃ ဦး၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ ၃၀၊ မျက်စိရောဂါ ၅၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၅၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ နှစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ သုံးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ခြောက်ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၀ နှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ်-

ဒီလိုမျိုး ရွာသူရွာသားတွေကို စေတနာရှိရှိ ချစ်တဲ့စိတ်နဲ့ ဆေးလာကုပေးတဲ့ ဆရာ ဆရာမတွေကို ကျေးဇူးတင်ပါတယ်။ တကယ်လို့များ မြို့မှာသွားရင် လမ်းစရိတ်တွေ အများကြီး ကုန်ပါတယ်။ တချို့ဆိုရင်သွားချင်ပေမယ့်ငွေကြေးမလုံလောက်တဲ့အတွက် မသွားနိုင်ပါဘူး။အခုစေတနာနဲ့ လာလုပ်ပေးတဲ့အတွက် ကြောင့်မလို့ ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**

*** မန်စီးတီးအသင်းမှ**

ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး အီတီဟက်ဒ်ကို ရောက်ရှိလာခဲ့ပြီးနောက်ပိုင်း ပွဲစဉ်စုစုပေါင်း ၁၂၆ ပွဲပါဝင်ကစားခဲ့ရာမှာ သွင်းဂိုးစုစုပေါင်း ၁၁၁ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူးဟာလန်းဟာ မန်စီးတီးအသင်းကို ရောက်ရှိလာခဲ့တဲ့ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီမှာ ပြိုင်ပွဲစုံ ၅၂ ဂိုးသွင်းယူနိုင်ခဲ့တဲ့အပြင် ပြီးခဲ့တဲ့ဘောလုံးရာသီကလည်း ပြိုင်ပွဲစုံသွင်းဂိုး ၃၈ ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

ပရီမီယာလိဂ်သွင်းဂိုး ၁၈၄ ဂိုးသွင်းယူထားတဲ့ တိုက်စစ်မှူး အဂူရိုက မန်စီးတီးအသင်း သမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံး ကစားသမားဖြစ်ပြီး ဒုတိယဂိုးသွင်းအများဆုံးကတော့ သွင်းဂိုး ၉၁ ဂိုး သွင်းယူထားတဲ့ တောင်ပံကစားသမား စတာလင်ဖြစ်ပါတယ်။

ဒါကြောင့် တိုက်စစ်မှူးဟာလန်းဟာ လက်ရှိအချိန်မှာ ပရီမီယာလိဂ်သွင်းဂိုး ၇၉ ဂိုးအထိသွင်းယူထားနိုင်ခဲ့ပြီဖြစ်တာကြောင့် မန်စီးတီးအသင်းနဲ့အတူ တတိယမြောက် သွင်းဂိုးအများဆုံးကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ထားတာဖြစ်ပါတယ်။

နော်ဝေတိုက်စစ်မှူး ဟာလန်းဟာ ဒေါ့မွန်အသင်းကနေ ပြောင်းရွှေ့လာခဲ့ပြီးနောက် မန်စီးတီးအသင်းနဲ့အတူ ပရီမီယာလိဂ်ဖလား နှစ်ကြိမ်၊ အက်ဖ်အေဖလား တစ်ကြိမ်၊ ချန်ပီယံလိဂ်ဖလား တစ်ကြိမ်နဲ့ ဥရောပစူပါဖလား တစ်ကြိမ်တို့ကို ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**



# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ မအူပင်မြို့နယ် ကျုံစုတ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျုံစုတ်ကျေးရွာ လောကသရဖူ သွန်းဘုရားကြီး ရာပြည့်နေသိဒ္ဓိ တန်ဆောင်းတော်တွင် အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၇၅ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၅၆ ဦး၊ ခွဲစိတ်ရောဂါ ၆၆ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၇ ဦး၊ ကလေးရောဂါ ၅၇ ဦး၊ အရိုးရောဂါ ၁၀၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၉၂ ဦး၊ မျက်စိရောဂါ ၉၃ ဦး၊ သွားရောဂါ ၇၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့အပြင် အထွေထွေခွဲစိတ်လူနာ ၁၇ ဦး၊ မျက်စိခွဲစိတ်လူနာ တစ်ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၂၃ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၀၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့် လူနာငါးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ်–





ကန်းနေတဲ့ လူတစ်ယောက်က ကောင်းသွားတော့ ပိုဝမ်းသာတာပေါ့။ အမေကြီးကို ခွဲစိတ်ကုသမယ်ဆိုကတည်းက ဝမ်းကိုသာသွားတာ။ အမေကြီးက နဂိုကဆို ကြောက်တယ်။ တစ်ခါ ဆေးရုံသွားပြတာလည်း သွေးပေါင်တွေကျပြီးတော့ ဂလူးကို့တွေ ဘာတွေ ချိတ်ရတယ်။ အခုဒီမှာ ဝမ်းသာအားရလည်းရှိတယ်။ အားလည်း





ပါတယ်။ အကုန်လုံးကျေးဇူးတင်ပါတယ်။ အဘွားကတော့ တာဝန်ရှိတဲ့လူတွေရောပါ အကုန်ကျေးဇူးတင်ပါတယ်။ အဲဒီလိုလာပြီးတော့ သတ္တဝါတွေကို ကယ်ဆယ်တာ အမေကြီးတို့ အကုန်လုံးကျေးဇူးတင်ပါတယ်။

ဒီကျုံစုတ် ကျေးရွာမှာ နယ်လှည့် ဆေးကုသရေးအဖွဲ့ ရောက်တယ်ကြားလို့ ကျွန်တော့် လက်မောင်းက အကြိတ်ကို လာပြတာပါ။ ဒီအကြိတ်က နှစ်နှစ်လောက်ရှိပါပြီ။ စာရေးတဲ့အခါမှာ လက်မောင်းက အကြိတ်က ခိုးလိုးခုလုနဲ့ ကိုက်လို့ပါ။ အဲ့ဒါကြောင့် ဒီမှာ လာရောက်ပြသရတာပါ။ ကျွန်တော် ဒီမှာလာပြီး ကုသတဲ့အချိန်မှာ ဆရာဝန်တွေကလည်း စိတ်ရှည်လက်ရှည်နဲ့ ကုသပေးပါတယ်။ အဖိုးအခလည်း လုံးဝမယူဘူးဆိုတော့ ကျွန်တော့်အတွက် အဆင်ပြေပါတယ်။ အခုလိုမျိုး အဖိုးအခမယူဘဲ လာရောက် ကုသပေးတဲ့ဆရာဝန်တွေအားလုံးကိုလည်း ကျေးဇူးအထူးပင် တင်ရှိပါတယ်။ နောက်ထပ်လည်း အခုလိုမျိုးနယ်လှည့်ဆေးကုသရေးအဖွဲ့တွေ ထပ်မံလာရောက်ကုသပေးဖို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံအပ်ပါတယ်။

**သတင်းစဉ်**


ကျန်းမာရေးဝန်ကြီးဌာန

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်မှ ၂၄ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့


## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၇၅ | ၃၁၉၀ | ၃၁၅၅ | ၃၀၉၀ | ၃၁၉၅ | ၃၂၁၀ | ၃၂၃၀ | ၃၁၄၅ | ၄၅၀၅ | ၃၄၄၀ | ၃၁၆၅ | ၃၁၆၅ | ၃၂၃၅ | ၃၂၀၀ | ၃၂၂၀ | ၃၄၈၀ | ၄၁၀၀ |
| 95 Ron | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | ၄၅၆၀ | ၃၅၀၀ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၀ | ၃၂၈၅ | ၃၅၄၀ | ၄၂၅၀ |
| HSD (500 ppm) | ၂၇၄၀ | ၂၈၅၅ | ၂၈၂၀ | ၂၇၅၅ | ၂၈၆၀ | ၂၈၇၅ | ၂၈၉၀ | ၂၈၁၀ | - | ၃၁၀၅ | ၂၈၂၅ | ၂၈၃၀ | ၂၉၀၀ | ၂၈၆၅ | ၂၈၈၅ | ၃၁၄၅ | ၄၁၀၀ |
| HSD (50 ppm) | ၃၃၆၅ | ၃၄၇၅ | ၃၄၄၅ | ၃၃၇၅ | ၃၄၈၅ | ၃၅၀၀ | ၃၅၁၅ | ၃၄၃၅ | ၄၈၃၀ | ၃၇၂၅ | ၃၄၅၀ | ၃၄၅၅ | ၃၅၂၀ | ၃၄၈၅ | ၃၅၁၀ | ၃၇၆၅ | - |
| HSD (10 ppm) | ၃၃၆၅ | ၃၄၇၅ | ၃၄၄၅ | ၃၃၇၅ | ၃၄၈၅ | ၃၅၀၀ | ၃၅၁၅ | ၃၄၃၅ | - | ၃၇၂၅ | ၃၄၅၀ | ၃၄၅၅ | ၃၅၂၀ | ၃၄၈၅ | ၃၅၁၀ | ၃၇၆၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၄ | ၂၉၉၆ |
| 95 Ron | ၂၉၆၅ | ၃၀၅၇ |
| HSD (500 ppm) | ၂၅၇၀ | ၂၆၅၉ |
| HSD (50 ppm) | ၃၁၈၂ | ၃၂၇၅ |
| HSD (10 ppm) | ၃၁၈၂ | ၃၂၇၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

☆ ကျောဖုံးမှ

ချန်ပီယံမျှော်လင့်ချက် နည်းသွားပြီဖြစ်သည်။

ပွဲအစတွင် ရှမ်းယူနိုက်တက်အသင်းက ဖိကစားခဲ့ပြီး ခုနစ်မိနစ်တွင် ကွင်းလယ်ကစားသမား မြတ်ကောင်းခန့်က ယခုပွဲ၏ တစ်လုံးတည်းသောအနိုင်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းခဲ့ရာ ဂိုးပြန်ရနိုင်သည့် အခွင့်အရေးများရသော်လည်း တိုင်ထိ၊ ဘားထိဖြစ်ခဲ့သဖြင့် ပထမပိုင်းအပြီးကတည်းက ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက ချေပဂိုးရရန် ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့သလို ရှမ်းယူနိုက်တက်အသင်းက အနိုင်ရလဒ်ကို ဦးတည်ကစားခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ချေပဂိုးရရှိအောင် မစွမ်းဆောင်နိုင်သဖြင့် ယခုရာသီ ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်အသင်းမှ ဟိန်းဖြိုးဝင်းက ရရှိသည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၆ ပွဲကစား ၄၆ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၆ ပွဲကစား ၃၅ မှတ် ရရှိထားသည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက ရခိုင်ယူနိုက်တက်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းအတွက် ဂိုးများကို ငါးမိနစ်တွင် စိုးမင်းဦး၊ ၅၆ မိနစ်တွင် ပြည်မိုး၊ ၇၂၊ ၈၃ မိနစ်တွင် ကြည်စိုးက သွင်းယူပြီး ရခိုင်ယူနိုက်တက်အသင်းအတွက် ဂိုးများကို ၁၅ မိနစ်တွင် မိုကာလူးနှင့် ၂၅ မိနစ်တွင် သန်းကျော်ဌေးတို့က သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရတနာပုံအသင်းမှ မိုးဆွေက ရရှိသည်။ ယခုပွဲအပြီးတွင် ရတနာပုံအသင်းက ၁၆ ပွဲကစား ၂၂ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၆ ပွဲကစား ခြောက်မှတ် ရရှိထားသည်။

ပွဲစဉ် (၁၆) တတိယနေ့ကို ဇန်နဝါရီ ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း–ကိုညီလေး၊ ဓာတ်ပုံ–MNL**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## သူမ၏ဘဝကောက်ကြောင်း အက်ဆေးစုစည်းမှု

စာရေးသူ အော်ကျူး၏ သူမ၏ ဘဝကောက်ကြောင်း အက်ဆေးစုစည်းမှု စာအုပ် ထွက်ရှိလာသည်။

သူမ၏ဘဝကောက်ကြောင်း၊ ခေတ်သစ်ကမ္ဘာဦးလူသား တစ်ယောက်၏ ဖွင့်ဟချက်၊ တိုးညင်းညင်သာ တိတ်ဆိတ်စွာသော၊ သူမနှင့်ရွာကလေး၊ ရန်ကုန်ဘတ်စ်ကား တောလား၊ ပေးစာလေးတစ်စောင်၊ ကျိန်စာသင့်လူသားများ၊ ဘဝပုံစံခွက်ထဲမှာ၊ မြို့ကလေးသို့ တမ်းချင်း၊ အစိမ်းရင့် လူဟောင်းတစ်ယောက်၏ ဒဿန၊ လမ်းကလေး၊ အဖြေရှာမရသော၊ တိုးတက်ပြောင်းလဲနေသည့် ခေတ်ကြီးအတွင်းက ဆုတ်ယုတ်ပြောင်းလဲနေကြသည့် လူသားများ၊ အမေ့ရဲ့ စက်အံဆွဲလေး၊ ပွဲကိုင်ခြင်းလား ကြိုးကိုင်ခြင်းလား၊ ဖွင့်ထားသော ပြတင်းပေါက်များ၊ အမှုမဲ့အမှတ်မဲ့ ပျောက်ဆုံးခဲ့ရသော၊ သံစဉ်ထာဝရချိုမြစေ၊ အသိသတိဖြင့် ကိုယ်တိုင်ပြုပြင် ဖန်တီးနိုင်သော၊ အတွေးတစ်စနှင့် အက်ဆေးမည်၏ မမည်၏ စသည့် အက်ဆေး ၂၁ ပုဒ်ပါရှိသည်။

အတွေးတစ်စဟူသော ခေါင်းစဉ်အောက်တွင် အတွေးများသည် လူ့ဘဝအတွက် အရေးပါသော၊ အဓိကကျသော အခြေခံအရင်းအမြစ်များပင် ဖြစ်သည်။ အတွေးလေးတစ်စသည် အောင်မြင်တိုးတက်စေခြင်း၏ အစေ့အညှောက်ပင်မ ပျိုးစိတ်ပင်ဖြစ်သည်။ သို့ဖြစ်၍ လူသားနှင့် တွေးခေါ်မြော်မြင်ခြင်းသည် အပြန်အလှန်ကြောင်းကျိုးဆက်စပ်၍ ခွဲခြားမရဖြစ်တည်နေသည်။ တစ်နေ့တာ လုပ်ငန်းခွင်အတွင်း အသိဉာဏ်ပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုဆိုင်ရာ တွေးခေါ်မြော်မြင်ခြင်းဖြင့်သာ မိမိ၏လုပ်ငန်းဆောင်တာအတွက် တိုးတက်ရာတိုးတက်ကြောင်း၊ အောင်မြင်ရာ အောင်မြင်ကြောင်းကို ဆောင်ရွက်ကြရမည်ဖြစ်သည်ဟု ဖော်ပြထားသည်။




စာအုပ်ကို ထုတ်ဝေသူမှာ ဦးကျော်ဇောဦး၊ (၁၂၉) သခင်စံရွှေလမ်း၊ (၁၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဖြစ်ပြီး တန်ဖိုးငွေကျပ် ၈၀၀၀ သတ်မှတ်ထားသည်။

## ကျွန်တော်ရှာဖွေခဲ့သော ရတနာသိုက်များ

ဇော်သူကျော် ရေးသားသည့် ကျွန်တော်ရှာဖွေခဲ့သော ရတနာသိုက်များစာအုပ် ထွက်ရှိလာသည်။

ကျွန်တော်ရှာဖွေခဲ့သော ရတနာသိုက်များစာအုပ်တွင် ပါရှိသည့် ဆောင်းပါးများသည် ဇော်သူကျော် ကလောင်အမည်အပြင် အခြားကလောင်အမည်များဖြင့် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များတွင် စာရေးသူရေးသားခဲ့သည့် ဆောင်းပါးများကို စုစည်းထုတ်ဝေထားခြင်းဖြစ်သည်။

စာအုပ်တွင် ခေတ်ရှေ့ရောက်ခဲ့သော၊ ခေတ်မီနေဆဲဖြစ်သော ရှေးမြန်မာတို့၏ နည်းပညာများ၊ မြန်မာတို့၏ယုံကြည်ကိုးကွယ်မှုနှင့် မျက်မှောက်အခြေအနေ၊ ယနေ့ကမ္ဘာကြီးနှင့် လူငယ်များ၏ အနာဂတ်၊ မြော်မြင်ပြင်ဆင်အောင်ပွဲဝင်ဖို့၊ လူငယ်နှင့် ဂိမ်း၊ ဆိုရှယ်မီဒီယာ လူမှုကွန်ရက်အကြောင်း တစေ့တစောင်း စသည့် ဆောင်းပါး ၁၅ ပုဒ်ပါရှိသည်။

လူငယ်နှင့် ဂိမ်းဟူသော ခေါင်းစဉ်အောက်တွင် ကလေးသူငယ် လူငယ်မောင်မယ်များ ဂိမ်းစွဲလမ်းစွာ အလွန်အကျွံကစားသဖြင့် အစားအသောက်မမှန်ခြင်း၊ အိပ်ချိန်မမှန်ခြင်းဖြစ်ကာ ကိုယ်ခန္ဓာဖွံ့ဖြိုးထွားကြိုင်းမှုကို ထိခိုက်ခြင်း၊ မျက်လုံးနှင့်နားများ ထိခိုက်လာခြင်း၊ လည်ပင်းနာခြင်း၊ ဇက်ကြောတက်ခြင်း၊ ခါးနာခြင်း၊ အာရုံကြောများနှင့် ဦးနှောက်ဆိုင်ရာများထိခိုက်ခြင်း၊ နှလုံးခုန်မြန်၍ စိတ်လှုပ်ရှားခြင်း၊ စိတ်ဖိစီးခြင်း၊ စိတ်တိုစိတ်ဆတ်လာခြင်း၊ အိပ်မပျော်ခြင်း စသည့် ကျန်းမာရေးပြဿနာများ ဖြစ်ပွားလာသည့်အပြင် ပညာရေးကိုပါ ထိခိုက်လာကြောင်း စာရေးသူက မီးမောင်းထိုးပြထားသည်။




စာအုပ်ကို ပပဝင်းစာပေ ဖုန်း- ၀၉-၂၅၄၃၄၇၇၆၆၊ အမှတ် (၃၇)၊ အနော်မာ (၁၉)လမ်းအနောက်၊ သာကေတမြို့နယ်မှ ထုတ်ဝေပြီး ဖုန်း- ၀၉-၄၂၉၅၈၇၉၇၅၊ ၀၉-၂၅၀၆၉၉၁၀၆ တို့မှ တန်ဖိုးငွေကျပ် ၇၀၀၀ ဖြင့် ဖြန့်ချိသည်။

## နျူကလီးယားဖြောင့်ကြောင်း တစေ့တစောင်း

စာရေးသူငကံ၏ နျူကလီးယားဖြောင့်ကြောင်း တစေ့တစောင်း စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အခန်း (၁) နျူကလီးယားအကြောင်း တစေ့တစောင်း၊ အခန်း (၂) နျူကလီးယားဓာတ်အားပေး စက်ရုံတစ်ရုံ ဘယ်လို အလုပ်လုပ်သလဲ ယခု၊ အခန်း (၃) ချာနိုဘိုင်းနျူကလီးယားဓာတ်အားပေး စက်ရုံပေါက်ကွဲမှု၊ အခန်း (၄) IAEA ဘာလုပ်သလဲ၊ အခန်း (၅) နျူကလီးယားပြိုကွဲဓာတ်ပြုခြင်း နည်းပညာအတွက် စိန်ခေါ်မှုတစ်ရပ်၊ အခန်း (၆) နျူကလီးယားစွမ်းအင်ရဲ့ အနာဂတ်ဟူ၍ အခန်းခြောက်ခန်းပါရှိသည်။

နျူကလီးယားဆိုသည့် အသံကြားလျှင် စိုးရိမ်ကြောက်ရွံ့ကြသူများသည်။ သို့သော် နျူကလီးယားသည် လူသားတို့အတွက် တန်ဖိုးမဖြတ်နိုင်အောင် အကျိုးကျေးဇူးများစွာရှိသည်။ ကမ္ဘာပေါ်တွင် နျူကလီးယားဖြင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံပေါင်း ၄၀၀ ကျော်ရှိသည်။ တိုးတက်သည့်နိုင်ငံများတွင် နျူကလီးယားဓာတ်ပေါင်းဖိုဖြင့် လျှပ်စစ်ဓာတ်အားပေးသည့်လုပ်ငန်းကို အဓိကထား လုပ်ဆောင်လျက်ရှိသည်။ နျူကလီးယားစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းသည် သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းထက် ၁ ဒသမ ၅ဆမှ နှစ်ဆခန့်အထိ ပိုမိုလုံခြုံစိတ်ချရကြောင်းကို သုတေသနတွေ့ရှိချက်များဖြင့် ဖော်ပြထားသည်။




စာအုပ်သည် နျူကလီးယားဓာတ်ပေါင်းဖိုနှင့် နျူကလီးယားနည်းပညာများကို နားလည်လိုသူများ၊ ဗဟုသုတရှာမှီးလိုသူများအတွက် အလွယ်တကူလေ့လာဖတ်ရှုနိုင်မည့် စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို အော်ကျူးမီဒီယာ ဖုန်း- ၀၉- ၅၁၇၆၉၃၆ မှ တန်ဖိုးငွေကျပ် ၁၂၀၀၀ ဖြင့် ဖြန့်ချိသည်။

## စာရေးဆရာကျင့်ဝတ်နှင့် စာရေးဆရာလက်စွဲ

အမျိုးသားစာပေဆုရ ရွှေဒါး မောင်မြင့်ထွန်း၏ စာရေးဆရာကျင့်ဝတ်နှင့် စာရေးဆရာလက်စွဲ စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အခန်းသုံးခန်းပါရှိပြီး အခန်း (၁) စာရေးဆရာကျင့်ဝတ်၊ အခန်း (၂) ကလောင်အမည်တူ၊ တိုက်ရိုက်ထပ်တူပေးသော ကလောင်အမည်များ၊ ကလောင်အမည်တူများ၊ အခန်း (၃) စာရေးဆရာလက်စွဲ၊ စာပေတာဝန်၊ ကျမ်းကိုးတို့ပါရှိသည်။




စာရေးဆရာဆိုသည်မှာ သုတ၊ ရသစာပေများကို အများပြည်သူများ ဖတ်ရှုနိုင်ရန် စာပေပုံစံအမျိုးမျိုးဖြင့် ရေးသားပြုစုနေကြသူများကို ဆိုသည်။ စာရေးဆရာသည် မိမိရေးသောစာပေဖြင့် ပြည်သူများကို မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရေးကို အကျိုးပြုနိုင်စွမ်း ရှိရမည်။ ဇာတိသွေး၊ ဇာတိမာန်တက်ကြွရေးကို အကျိုးပြုနိုင်စွမ်းရှိရမည်၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းလိုစိတ် ကိန်းအောင်းလာစေရေးကို အကျိုးပြုနိုင်စွမ်းရှိရမည်။

စာရေးဆရာတစ်ဦးသည် မိမိထင်ရှားနာမည်ကြီးစေရန် ဟူသော ရည်ရွယ်ချက်ဖြင့် ရှိပြီးသားထင်ရှားကျော်ကြားသည့် စာရေးဆရာကြီး/ငယ်တို့၏ ကလောင်အမည်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထင်ယောင်ထင်မှား တုပပြုလုပ်ခြင်းမပြုလုပ်ရပါ။

ဤစာစုသည် စာရေးဆရာများ၊ ကလောင်သစ်များ၊ စာပေနှင့် နီးနွယ်သူများ၊ စာတည်းများနှင့် စာပေဗဟုသုတရှာဖွေလိုသူများအတွက် တစ်နည်းတစ်ဖုံအထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။

စာအုပ်ကို ရွှေဒါးအောင်သပြေစာပေ ဖုန်း -၀၉ -၇၉၅၃၉၉၈၈ဖြင့် ၀၉-၇၈၅၁၇၅၃၉၀ အမှတ် (၅၀၃/၁)၊ စုမြတ်သရဖီလမ်း၊ မအူစုရပ်ကွက်၊ ဒါးပိန်မြို့၊ လှည်းကူးမြို့နယ် ရန်ကုန်တိုင်းဒေသကြီးမှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

## ကျေးရွာနေပြည်သူများအတွက် ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်း ဆောင်ရွက်နေမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် ကြည့်ရှုစစ်ဆေး

**မြိတ် ဇန်နဝါရီ ၁၈**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးဇော်မိုးဦးနှင့် ညွှန်ကြားရေးမှူး (မြို့ပြ) ဦးစိုးပြည်မှူး၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဝင်းထက်ဦးနှင့် တာဝန်ရှိသူများသည် မြိတ်မြို့နယ် ကျေးလက်နေပြည်သူများအတွက် ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ကျေးလက်နေပြည်သူများအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရန်ပုံငွေများဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကလွင်-ကရုက်-တောင်ပြိုလမ်း(မြို့ပတ်(၁)လမ်း)တွင် (၁/၃.၅-၂/၇.၅)မိုင်ကြား(၁/၄) မိုင်ကို မူလလမ်းအကျယ်မှ တစ်ဖက်လျှင် ငါးပေစီအကျယ်နှင့် မူလပျက်စီးနေသော လမ်းမျက်နှာပြင်၏ လမ်းအနိမ့်အမြင့်ဖြေညှိပြီး ကတ္တရာခင်းခြင်း၊ ရေပိတ်လွှာနှစ်ထပ်လောင်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကလွင်-ကရုက်-တောင်ပြိုလမ်း (၂/၇.၅-၃/၃.၅)မိုင်ကြား (၁/၄)မိုင်ကို မူလလမ်းအကျယ်မှ တစ်ဖက်လျှင် ငါးပေစီအကျယ်နှင့် မူလပျက်စီးနေသော လမ်းမျက်နှာပြင်၏ လမ်းအနိမ့်အမြင့်ဖြေညှိပြီး ကတ္တရာခင်းခြင်း၊ ရေပိတ်လွှာနှစ်ထပ်လောင်းခြင်းကို မြိတ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်နေမှုကို အင်ဂျင်နီယာချုပ် ဦးဇော်မိုးဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။



ခိုင်ထူး(ပြန်/ဆက်)

ဝတ္ထုတို

**စိမ်းလဲ့ဖြူ**




(၁)

“ဘွားထွေးရေ ဆရာစိုးထွန်းရော”

“ဆန်းမင်းတို့ အုပ်စုပါလား၊ မင်းတို့တွေ ဒီနေ့အလုပ်ရှိကြတာလား”

“ဟာ ဘွားထွေးရာ ဒီနေ့က တကယ့်အရေးကြီးတဲ့နေ့ဗျ၊ မြို့ထဲမှာ တိုက်ခန်းတွဲအတွက် ငါးထပ်တိုက်တောင် ဆောက်မှာလေ၊ အဲဒါ ဒီနေ့စာချုပ်ချုပ်ပြီး စရန်ငွေပါ တစ်ခါတည်းရမှာ”

“ဟေ ဟုတ်လား၊ ခဏစောင့်ကွယ် မင်းတို့ဆရာကတော့ ညကညဥ့်နက်မှ ပြန်လာတာမို့ သိတဲ့အတိုင်းပေါ့”

အသက် ၆၀ ကျော်အရွယ် ဘွားထွေးသည် အိမ်ထဲသို့အမြန်ဝင်သွား၏။ တစ်ဦးတည်းသားဖြစ်သူ ဦးစိုးထွန်းကို သွားနှိုးဟန်တူသည်။ ဦးစိုးထွန်းသည် နာမည်နှင့် လိုက်ဖက်အောင်ပင် ဆိုးသွမ်းသည့်နေရာတွင် ထွန်းပေါက်လွန်း၏။ ဘွားထွေးသည်လည်း တစ်ဦးတည်းသားဖြစ်သူကို ငယ်ငယ်ကပင် အလိုလိုက်ချစ်ခဲ့သောကြောင့် ယခု အသက် ၄၀ ရှိသည့်တိုင် လူပျိုကြီးဖြစ်နေသော်လည်း ဆိုးချင်တိုင်းဆိုးနေခဲ့သည်။ ဘွားထွေးက အတန်းပညာကို ဆုံးခန်းတိုင်အောင် ကျောင်းထားပေးချင်သော်လည်း ကျောင်းတွင် တစ်ဖုံ၊ ရပ်ကွက်ထဲတွင် တစ်မျိုး ရန်ပွဲဖြစ်နေတတ်သည်။ ရန်ဖြစ်သည့်အချိန်တိုင်း လက်ဦးမှုရယူကာ တွေ့ရာဖြင့် ကောက်ထုလျက် သွေးထွက်သံယိုဖြစ်လာခဲ့သည်။ ထို့ထက်ဆိုးသည်က ဓားမြှောင်ကလေးတစ်လက်ပင် ကျောင်းလွယ်အိတ်ထဲ ဆောင်ထားသောကြောင့် ကျောင်းအုပ်ဆရာမကြီးက ကျောင်းထုတ်သည်အထိ ဖြစ်ခဲ့သည်။

ကျောင်းထွက်လိုက်မှပင် ရပ်ကွက်ထဲတွင် ပို၍ပင်ဆိုးသွမ်းလာ၏။ ထို့ကြောင့် ပန်းရန်ဆရာဖြစ်သော ဖခင်က အလုပ်ထဲသို့ အမြဲခေါ်သွားကာ ချော့ခိုင်းရင်းဖြင့် ယခုချိန်တွင် ဖခင်ကွယ်လွန်သွားသော်လည်း ပန်းရန်ဆရာ ရာထူးကို ထိုက်ထိုက်တန်တန်ရရှိခဲ့သည်။ ဇနီး၊ သားနှင့်ဖြစ်လာလျှင် လိမ္မာသွားလေမလားဟု တွေးထင်လျက် အိမ်ထောင်ပြုပေးချင်သော်လည်း ဦးစိုးထွန်းအကြောင်း သိနေကြသော သမီးကညာတို့၏မိဘများက ဆွေမျိုးမတော်ချင်ကြပါ။ ထို့ကြောင့်လည်း ယခုချိန်ထိတိုင်အောင် လူပျိုကြီး ဦးစိုးထွန်းသည် မိခင်ဖြစ်သူ ဘွားထွေးနှင့်သာ အတူနေရသည်။

(၂)

“သားကြီးစိုးထွန်း အမူးပြေလို့ နိုးပြီလား”

မနေ့က လုပ်ငန်းညှိနှိုင်း အဆင်ပြေခဲ့သောကြောင့် စရန်ငွေများရခဲ့သည်။ ငွေဝင်များလျှင် မနေတတ်သော ဦးစိုးထွန်းလည်း ဖဲဝိုင်းနှင့် အရက်ဝိုင်းတွင် သောက်စားပျော်ပါး ဖြုန်းတီးခဲ့ဟန်တူ၏။ အမူးလွန်နေသော ဦးစိုးထွန်းကို တပည့်များဖြစ်ကြသော ဆန်းမင်းတို့အုပ်စုကပင် တွဲထူလာလျက် ညဥ့်နက်ချိန်မှ အိမ်ပြန်ရောက်လာခဲ့သည်။ ပန်းရန်ဆရာ ဖြစ်လာသည့်တိုင်အောင် ဦးစိုးထွန်း၏ ဝင်ငွေများကို ဘွားထွေးမသုံးခဲ့ဖူးပါ။ ဒီကြားထဲ အမူးလွန်ကာ ရန်ဖြစ်သည့်အချိန်တိုင်း အချုပ်ခန်းသို့ မကြာခဏ အလည်ရောက်တတ်၏။ ဘွားထွေးခမျာ စိုက်ခင်းထဲမှရရှိသော စုဆောင်းထားသည့် ငွေတို့ဖြင့် ပြန်ရွေးခဲ့ရသည်မှာလည်း အကြိမ်ကြိမ်အခါခါပင်။

“အမေ သားကို တိုင်ပင်စရာရှိလို့”

ဦးစိုးထွန်းက ဘာမျှမပြော။ မှုန်ကုပ်ကုပ်ဖြင့်သာ ငြိမ်လျက်ထိုင်နေ၏။

“အမေ့စိုက်ခင်းခြံကို ရောင်းလိုက်တော့မလို့”

“ဘယ်လောက်ရမှာလဲ”

“ဝယ်သမားနဲ့ သိန်း ၅၀ နဲ့တော့ စကားပြောထားပြီးပြီ”

“ရောင်းဖို့အတွက် စကားပြောထားပြီးပြီပဲ၊ ကျုပ်ကိုဘာတိုင်ပင်စရာရှိသေးလို့လဲ၊ ရောင်းပြီးရင်သာ ကျုပ်ကိုတစ်ဝက်ပေး”

“လောဘမကြီးပါနဲ့ သားကြီးရယ်၊ အခုနေတဲ့အိမ်နဲ့ခြံက သားကြီးအပိုင်ပဲလေ၊ စိုက်ခင်းခြံက ဘိုးဘွားပိုင်ခဲ့တာမို့ ပြန်ရောင်းပြီး လှူချင်တန်းချင်တယ်ကွယ်၊ ပြီးတော့အမေလည်း အသက်အရွယ်ရလာပြီဆိုတော့ ဘုရားတရားရိပ်မှာ အေးအေးချမ်းချမ်းနေချင်ပြီကွယ်၊ အဲဒါကြောင့် အမေခြံရောင်းပြီးလို့ အလှူပြုပြီးရင် ရာသက်ပန် သီလရှင်ဝတ်တော့မယ်ကွယ်”

“ဘာ… အမေက အေးအေးချမ်းချမ်း သီလရှင်သွားဝတ်မယ်ဟုတ်လား၊ ကျုပ်ကျတော့ ဖြစ်ချင်တိုင်းဖြစ် ဒီအိမ်ကြီးမှာ ထားခဲ့မယ်ပေါ့”

“အဲလိုလဲမဟုတ်ပါဘူး သားကြီးရယ်၊ အခုဆို သားကြီးမှာလည်း အမေအမွေပေးခဲ့တဲ့ ဒီအိမ်နဲ့ဒီခြံရှိနေပြီလေ၊ ပြီးတော့ သားအဖေအမွေပေးခဲ့တဲ့ ပန်းရန်ပညာကိုလည်းရခဲ့ပြီလေ၊ သားကြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ပြီပဲ၊ အမေ အေးအေးချမ်းချမ်း သီလရှင်ဝတ်ပါရစေကွယ်”

ဦးစိုးထွန်းသည် ဘာမျှပြန်မပြောတော့ပါ။ စိတ်ဆိုးဟန်ဖြင့် ဒေါသတကြီး အရက်ပုလင်းကိုင်ကာ အပြင်သို့ထွက်သွား၏။ ဘွားထွေးလည်း ဦးစိုးထွန်းကို ကြည့်လျက် ရင်မောမိသည်။ သို့သော် သူ့ဆုံးဖြတ်ချက်ကို ပြန်မပြင်နိုင်တော့ပါ။

(၃)

ဘွားထွေးသည် နဖူးမှချွေးများပင် ယိုစီးကျလာ၏။ သေတ္တာတစ်ခုလုံး သေချာနှံ့စပ်အောင် ရှာဖွေနေမိသည်။ ခဏငြိမ်ကာ အထားမှားလေသလားဟု ကိုယ့်ကိုယ်ကိုယ်ပြန်တွေးနေ၏။ သို့သော် မည်သို့ပင်စဉ်းစားစေကာမူ ဤနေရာ၌ သိမ်းထားကြောင်း ကောင်းစွာမှတ်မိနေသည်။ ထိုအချိန်၌ အရက်ပုလင်းနှင့်အမြည်းများကို အိတ်ဆွဲလျက် ဦးစိုးထွန်း ပြန်လာ၏။ သားဖြစ်သူကိုတွေ့သောအခါ အားကိုးတကြီးဖြင့် ဘွားထွေးမေးလိုက်သည်။

“သားကြီးရေ အမေ့ပိုက်ဆံတွေ ဒီသေတ္တာထဲမှာ ထည့်သိမ်းထားတာ ဘယ်ရောက်သွားတာလဲကွယ်”

“ကျုပ်ဘယ်သိမလဲ ခုတော့ ပျောက်ပြီမလား၊ အစကတည်းက ကျုပ်ကိုတစ်ဝက်ပေးပါလို့ ပြောခဲ့သားပဲ”

“ဟင်… သားကြီး”

ဘွားထွေးသည် အသားများပင် တဆတ်ဆတ်တုန်ယင်လာ၏။ မျက်ရည်များသည်လည်း တပေါက်ပေါက်စီးကျလာတော့သည်။ သူအချစ်ဆုံးသားကြီးသည် သူ့အပေါ် ဤကဲ့သို့ရက်စက်လိမ့်မည်မဟုတ်ဟု တွေးမထင်ခဲ့ပေ။

“သားကြီး အမေ့ကိုမှန်မှန်ပြောစမ်း၊ အဲဒီပိုက်ဆံတွေကို ဘာလုပ်လိုက်ပြီလဲ”

“အမေ့ပိုက်ဆံတွေက နည်းနေလို့ စေတနာနဲ့ ဖဲဝိုင်းမှာပွားပေးလိုက်တာ၊ ဒါပေမယ့်စိတ်ချပါ၊ ကျုပ်နှစ်ဆပြန်ယူပေးမယ်”

“ဟင်… ပြန်ယူပေးမယ်ဆိုတော့ အခုကုန်သွားပြီပေါ့၊ မိုက်လိုက်တာ သားကြီးရယ်”

ဦးစိုးထွန်းသည် ဘာမျှပြန်မပြော။ အရက်ရှိန်နှင့် မူးကာမှေးနေ၏။

“ဟင့် ရက်စက်လိုက်တာ သားကြီးရယ်၊ အဲဒီပိုက်ဆံတွေကို အဲလိုမလုပ်ကောင်းဘူးဆိုတာ မသိဘူးလား၊ အဲဒါ ဘိုးဘွားပိုင်စိုက်ခင်းကို ရောင်းခဲ့တဲ့ငွေလေ၊ အဲဒီငွေတွေကို ပြန်လှူပြီးရင် အမေသီလရှင်ဝတ်တော့မယ်လို့ ပြောခဲ့တယ်လေ သားမိုက်ကြီးရဲ့၊ မင်းဒီလိုလုပ်ရင် ငရဲကြီးမှာမကြောက်ဘူးလား”

“ဘာကိုငရဲကြီးရမှာလဲဗျာ၊ ကျုပ်ပြောပြီးပြီလေ၊ နောက်နေ့ကျ နှစ်ဆပြန်ယူခဲ့ပါ့မယ်ဆို၊ အလွန်စကားများတာပဲ၊ ခင်ဗျားဝေးဝေးသွားနေစမ်းပါဗျာ''

“သားမိုက် ကဲဟယ်”

ဘွားထွေးသည် ဦးစိုးထွန်းကို အားရှိသလောက် ရိုက်မိသည်။ သို့သော် မူးနေသော ဦးစိုးထွန်းသည် ပို၍ပင် ဒေါသထွက်လာလျက် အားပါပါဖြင့် ပြန်တွန်းထုတ်လိုက်သောကြောင့် အိမ်တိုင်နှင့် ဆောင့်မိသွား၏။

“ဒုန်း…”

“အား…”

ဘွားထွေးမှာ မူးကာ ခွေကျသွားသည်။ တော်ရုံနှင့် ပြန်မထနိုင်တော့ပေ။

“အဘွားကြီး ကျုပ်ကိုစကားလာများနေတယ် မှတ်ပြီလား၊ ဝေးဝေးသွားနေပါလို့ ပြောနေတာကို''

ထိုသို့ပြော၍ ဦးစိုးထွန်းသည် အရက်ပုလင်းကိုင်ကာ ဒယိမ်းဒယိုင်ဖြင့် အပြင်သို့ ပြန်ထွက်သွား၏။

(၄)

ဘွားထွေးသည် ဦးစိုးထွန်းကြောင့် စိတ်ဆင်းရဲကာ တစ်စတစ်စပိန်ချုံးလာသည်။ စိတ်ထောင်းကိုယ်ကြေဆိုသကဲ့သို့ နေမကောင်းခဏခဏဖြစ်ကာ အိပ်ရာထဲလဲရှာ၏။

“အဘွားကြီး ကျုပ်အလုပ်သွားပြီ၊ အိပ်ရာထဲပဲ အချိန်ပြည့်လှဲမနေနဲ့ဦး၊ ကျုပ်ပြန်လာရင် စားဖို့ထမင်းဟင်းလည်း ထချက်ဦး”

“အဟွတ်…အဟွတ်”

ဘွားထွေးက ဘာမျှ ပြန်မပြောနိုင်ရှာ။ အိပ်ရာထဲမှပြန်ကြည့်လျက် တဟွတ်ဟွတ်ဖြင့်သာ ချောင်းဆိုးနေသည်။

“ဆရာစိုးထွန်း ကျွန်တော်တို့လာပြီနော်”

ပြောပြောဆိုဆိုဖြင့် ဆန်းမင်းတို့ အုပ်စုက အိမ်ပေါ်သို့တက်လာကြသည်။

“ဆရာစိုးထွန်း ဘွားထွေး နေမကောင်းဘူးဆိုလို့ ကျွန်တော်တို့လာကြည့်တာ”

“ဘယ်က နေမကောင်းရမှာလဲကွာ၊ သက်သက်မဲ့ ထမင်းဟင်းမချက်ချင်လို့ အိပ်ရာထဲလှဲနေတာ”

“ဟုတ်လို့လား ဆရာစိုးထွန်းရယ်၊ ဘွားထွေးကို ဆေးခန်းရော လိုက်ပြပေးပြီးပြီလား”

“မင်း အတော်စကားများတာပဲ၊ ဒီချိန်က အလုပ်သွားရမယ့်အချိန် ဆေးခန်းပို့ချိန်မဟုတ်ဘူး”

ဦးစိုးထွန်းသည် တပည့်တစ်အုပ်နှင့် အိမ်ပြင်သို့ထွက်သွားကြောင်း ဘွားထွေးသိနေသည်။ အိပ်ရာထဲတွင်သာ မျက်ရည်တပေါက်ပေါက်ကျလာလျက် ဝမ်းနည်းနေမိသည်။

(၅)

“ဆရာစိုးထွန်း ကျွန်တော်တို့ ဒီနေ့ ပြတင်းပေါက်တွေ တပ်လိုက်မယ်နော်”

“မင်းတို့ အောက်ထပ်မှာ သွားတပ်ကွာ၊ ငါတစ်ယောက်တည်း အပေါ်ထပ်မှာ လုပ်လိုက်မယ်”

“ဟုတ်ကဲ့ ဆရာစိုးထွန်း”

ဦးစိုးထွန်းတို့ ငါးထပ်တိုက် ဆောက်နေသည်မှာ ပြီးခါနီးပြီဖြစ်သည်။ ယနေ့ တပည့်များကိုသာ ပြတင်းပေါက်တပ်ရန် စီမံကွပ်ကဲမည်ဟု ကြံရွယ်ထားသော်လည်း စိတ်တိုင်းမကျဖြစ်မည်စိုးသောကြောင့် အပေါ်ဆုံးထပ် ပြတင်းပေါက်များကို သူကိုယ်တိုင်တပ်ဆင်နေမိသည်။

“ဟ ဘာထောက်နေတာတုန်း”

မှန်တံခါးဖြစ်သောကြောင့် တံခါးဘောင်ထဲသို့ထည့်သွင်းသည့်ချိန် မည်သည့်အရာဖြင့် ထောက်နေမှန်းမသိ။ တံခါးက အံဝင်ခွင်ကျမဖြစ်ချေ။ ထို့ကြောင့် ဦးစိုးထွန်း ပြတင်းပေါက်မှ ခေါင်းပြူထွက်ကာ ထောက်နေသည့်နေရာသို့ သေချာရှာနေသည်။ သို့သော် ဦးစိုးထွန်းသည် ခြေချော်ကာ အရှိန်လွန်လျက် ပြတင်းပေါက်မှ အောက်သို့ဇောက်ထိုးကျသွားတော့သည်။

“အား… အမေရေ”

ခလုတ်ထိမှ အမိတ ဆိုသကဲ့သို့ ဦးစိုးထွန်းသည် မိခင်ကို တမ်းတအော်ခေါ်ရင်းဖြင့် ပြုတ်ကျသွား၏။ မာတာမိခင်အပေါ် ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးတို့ဖြင့် ပြစ်မှားကျူးလွန်ခဲ့ခြင်းတို့သည် ယခုဘဝတွင်သာမက နောင်သံသရာတွင်လည်း ပြန်လည်ပေးဆပ်ရပေဦးတော့မည်။ ။

**ခလုတ်ထိမှအမိတဆိုသကဲ့သို့ ဦးစိုးထွန်းသည် မိခင်ကို တမ်းတအော်ခေါ်ရင်းဖြင့် ပြုတ်ကျသွား၏။ မာတာမိခင် အပေါ် ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးတို့ဖြင့် ပြစ်မှား ကျူးလွန်ခဲ့ခြင်းတို့သည် ယခုဘဝတွင်သာမက နောင်သံသရာ တွင်လည်း ပြန်လည်ပေးဆပ်ရပေဦးတော့မည်။**

## မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာ အပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်း မရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## ပညာသင်ပါ

❖ ပညာသည် သင်ကြားပြု
အစဉ်တွေးရှု လေ့လာစရာ။
ပညာသည် မြတ်ရွှေအိုး
ကြိုးစားသင်ပါ။
လူများ၏ အလယ်မှာ
တင့်တယ်စွာ ဖြစ်ဖို့ရေး။
အဖိုးတန် ပညာအသိ
ဂုဏ်ရှိရဲ့လေး။
❖ ပညာတန်ဆောင် အလှစစ်
ဂုဏ်ရည်ဖြစ် အမှန်ပေ။
ပညာလို အိုသည်မရှိ
တတ်သိပါစေ။
ဝီရိယ အားစိုက်လေ
ပန်းတိုင်မြေ တွေ့ရ။
ပျင်းရိစွာ အကျင့်ဖျောက်
ဂုဏ်တောက်သာစွ။
❖ ငယ်စဉ်ခါ မှတ်ဉာဏ်ဖွင့်
သင်ယူသင့် ပညာကို။
အချိန်ကို မဖြုန်းတီး
စည်းကမ်းထားပို။
ပညာက ပျားသို့ချို
နေ့စဉ်လို အကျိုးများ။
အေးမြမည် ပညာလမ်း
ဂုဏ်လွှမ်းစေသား။ ။

ရွှေမြိုင်သူ(မြန်မာစာ)

---

## ဝီရိယရှေ့ဆောင် ကြံတိုင်းအောင်

❖ ကံကိုပင် ပုံချလို့
ကြံ့ကိုစ္စများ ဝမ်းနည်းစွာ။
ရုပ်သဏ္ဌာန် ဟန်ရေးမလှ
စိတ်ဓာတ်ကျကာ။
လမ်းမှားရောက် ဘေးအဖြာဖြာ
သောကပါ အဆစ်မွေး။
တွေ့ကြုံရာ အခက်အခဲ ရယ်က
ဒုက္ခမသေး။
❖ အကြောင်းအကျိုးကို သေချာမတွေး
ဆက်စပ်နှေး ပြုမူလျှင်။
လုပ်ငန်းမတွင် အခြေပျက်လို့
ခက်ရမည်ပင်။
ရှုံးနိမ့်မြဲ အရာမထင်
အားလျှော့ချင် မကြိုးစား။
ကံဆိုသည် အလုပ်ပေ့ ကိုလ
မေ့လျော့ကာထား။
❖ ဇွဲနှင့်ယှဉ် လုံ့လပွား
ဝီရိယထား အားမာန်ချီ။
လဲကျလျှင် ပြန်ထလို့
ကြိုးစားကြမည်။
ဉာဏလုပ်အား စွမ်းဆောင်ရည်
ပန်းတိုင်ဆီ အရောက်လှမ်း။
ကောင်းကျိုးဝေဖြာ တုနှိုင်းမရှိ
ကြံတိုင်းအောင်ပန်း။ ။

မောင်ချမ်းမြေ့(ပညာရေး)

ဆောင်းပါး

# ကိုယ်ကျင့်တရား အလေးထားတတ်ပါစေ

■ မောင်လွှား(ခင်ဘန်း)

လူအများစုသည် စာရိတ္တဟူသောအရာကို အလေးထားလိုက်နာမှုများ ပေါ့လျော့လာကြသည်။ ထိုအရာကို ပေါ့ပေါ့ဆဆ သဘောမထားသင့်ပေ။ စာရိတ္တဟူသော ကိုယ်ကျင့်တရားသည် အသက်ရှင်သန်နေသမျှ ကာလပတ်လုံး အလေးထားလိုက်နာစောင့်ထိန်းကြရမည့်အရာဖြစ်ပါသည်။ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးလုံးသည် စာရိတ္တဟူသော ခေါင်းစဉ်အောက်တွင် အကျုံးဝင်သည်ဟု ဆိုရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ကိုယ်၊ နှုတ်၊ စိတ် သုံးပါးလုံးသည် စာရိတ္တမှ ခွဲထွက်လာသော သွေးကြောများပင်ဖြစ်သည်။ စာရိတ္တဟူသောအရာသည် လူတစ်ဦးတစ်ယောက်၏ ဘဝတိုးတက်ရေးအတွက်သာမက ရွာတစ်ရွာ၊ မြို့တစ်မြို့၊ တိုင်းပြည်တစ်ပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း အရေးကြီးသောအခန်းတွင် ပါဝင်နေသည်။ စာရိတ္တကောင်းသောသူသည် လူအများကြားတွင် တင့်တယ်လှပေသည်။ ပညာဉာဏ်နှင့်ပြည့်စုံသောသူကို လေးစားကြသကဲ့သို့ စာရိတ္တပြည့်စုံသောသူကိုလည်း လူအများက လေးစားချစ်ခင်ကြသည်။ ဉာဏ်ပညာသည် ဦးနှောက်မှလာ၍ စာရိတ္တသည် နှလုံးသားမှပေါက်ဖွားလာသော စိတ်ဓာတ်ကောင်းပင်ဖြစ်သည်။ ထို့ကြောင့် စာရိတ္တကင်းမဲ့သော ပညာသည် အချည်းနှီးမျှသာဖြစ်လေသည်။ ဉာဏ်ပညာထက်မြက်ခြင်း၊ ပညာတတ်ခြင်းများသည် စာရိတ္တနှင့် မဆိုင်ပေ။ ပညာတတ်သဖြင့် စာရိတ္တများ ပို၍ခိုင်ခံ့လာမည်ဟု ဆို၍မရပေ။ ပညာများတိုးတတ်လာသည့်အလျောက် အမိုက်မျိုးစုံလင်စွာဖြင့် ကမ်းကုန်အောင် မိုက်မဲကြသူများလည်းရှိကြသည်။ ထို့ကြောင့် စိတ်ဓာတ်ကောင်းမှ စီးဆင်းလာသော ပညာသည်သာလျှင် အဖိုးတန်သောပညာဖြစ်သည်ဟု ဆိုရပေမည်။

စာရိတ္တကို လူတန်းစားမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ အချိန်အခါမရွေး လွယ်ကူစွာဖြည့်တင်းနိုင်သည့်အရာပင်ဖြစ်သည်။ လူ့လောကတွင် လူအချင်းချင်း ဘာသာအယူဝါဒ၊ ကျား၊ မ၊ ဆင်းရဲချမ်းသာ မခွဲခြားကြဘဲ အတူတူဟု ဆိုကြသော်လည်း စာရိတ္တယုတ်ညံ့သောသူကို မည်သူကမျှ အဖက်လုပ်၍ ဆက်ဆံမှုပြုလုပ်ကြမည် မဟုတ်ပေ။ စာရိတ္တပျက်စီးသောသူကိုလည်း မည်သူကမျှ နားလည်ခွင့်လွှတ်ပေးကြမည် မဟုတ်ပေ။ ကျွန်တော်တို့ နေ့စဉ်တွေးတောကြံစည် လုပ်ကိုင်နေကြသော အလုပ်များတွင် စာရိတ္တကို ထည့်သွင်းရောယှက်၍ လုပ်ဆောင်ပါမှ တိုးတက်မှုများ ရေရှည်တည်တံ့နိုင်မည်ဖြစ်သည်။ စာရိတ္တမပါသော လုပ်ဆောင်မှုမှန်သမျှ အဆိုးဘက်ကိုသာ ဦးတည်နေသော ပျက်စီးခြင်းများပင်ဖြစ်သည်။

တချို့သောသူများက စီးပွားဥစ္စာချမ်းသာသူတိုင်း စာရိတ္တကောင်းမွန်သည်ဟု ထင်မြင်ယူဆကြသည်။ ထို့အတူ ဆင်းရဲသောသူများကိုလည်း ဆင်းရဲသည့်အလျောက် စာရိတ္တပျက်စီးသူဟု ထင်မြင်ယူဆတတ်ကြသည်။ စာရိတ္တကို ဆင်းရဲခြင်း၊ ချမ်းသာခြင်းများဖြင့် တိုင်းတာ၍မရပေ။ တချို့သော ချမ်းသာသူများကလည်း သူတို့၏ လောဘ၊ အတ္တအလျောက် စာရိတ္တကို အခါအခွင့်ကြုံတိုင်း ချိုးဖျက်ပစ်တတ်ကြသည်။ တချို့သော ဆင်းရဲသူများသည်လည်း ဆင်းရဲသည်ဟူသောအကြောင်းပြချက်ဖြင့် စိတ်အလိုကို လိုက်ကာ လောဘ၊ အတ္တများကို ရှေ့တန်းတင်၍ စာရိတ္တများ ပျက်စီးလာကြသည်။ သို့သော် ထိုကဲ့သို့ စာရိတ္တပျက်စီးယိုယွင်းသူကို မည်သူကမျှ ခွင့်လွှတ်မည်မဟုတ်ပေ။ လောဘဟူသောအရာကြောင့် တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ရိုးသားမှုများကိုချနင်း၍ အလွှာအသီးသီး၊ နေရာဌာနအမျိုးမျိုးတွင် အဂတိလိုက်စားမှုများကို မိုက်မဲစွာကျူးလွန်နေကြသည်။ ပေးသောသူများကလည်း ပေးကြသည်။ ယူသောသူများကလည်း ယူကြသည်။ အလွယ်ရ၊ အချောင်ရသည်ဟုဆိုကာ မကောင်းသောအဂတိလိုက်စားမှုများကို ထမင်းစား၊ ရေသောက်လုပ်သကဲ့သို့ အလွယ်တကူ ပြုလုပ်လာကြသည်။ ထိုအရာသည် လူ့လောဘအလျောက် စတင်ပျက်စီးလာသော စာရိတ္တများပင်ဖြစ်သည်။ ထိုကဲ့သို့ပင် ကျွန်တော်တို့ လူမှုပတ်ဝန်းကျင်တွင် အမြဲလိုလိုမြင်တွေ့ ကြားသိနေရသည့် ဖြစ်ပေါ်လာသော တဒင်္ဂဒေါသစိတ်ကြောင့် တစ်ဦးနှင့်တစ်ဦး ယုတ်ညံ့သောစကားလုံးများဖြင့် ဆဲဆိုကြိမ်းမောင်း၍ ခိုက်ရန်များဖြစ်ပွားကြသည်။ လူကြီးမိဘများကို တစ်ခွန်းမကျန် ပြန်ပြောဆိုကြသည်။ မထီမဲ့မြင်ပြုကြသည်။ လူကြီးမိဘဆရာသမားများကို ကန့်လန့်တိုက်ကြသည်။ "ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား" ဟူသော ဆုံးမစကားကို ဒေါသအလျောက် ချိုးဖျက်၍ ပျက်စီးယိုယွင်းလာကြသော စာရိတ္တများပင်ဖြစ်သည်။ ထို့အတူပင် အတ္တစိတ်ကြောင့် စာရိတ္တများပျက်စီးနိုင်သည်။ အတ္တဟူသည် တစ်ကိုယ်ကောင်းဆန်မှုပင်ဖြစ်သည်။ အကောင်းဆုံးဟူသောအရာကို မိမိကိုယ်တိုင်ပဲ ရချင်လိုချင်သည်။ ထိုစိတ်ကြောင့်ပင် ထိုအရာကိုအရယူရန်ကြိုးစားရာနေရာတွင် အခြားသူများကို ထိခိုက်နစ်နာခြင်း၊ မနစ်နာခြင်းကို ဂရုမစိုက်အလေးမထားဘဲ မိမိလိုချင်ရာကိုသာ အရယူကြသည်။ မိမိအောင်မြင်လိုမှုတစ်ခုအတွက် အခြားသူများ၏ ဘဝများကို ချနင်း၍ အရယူကြခြင်းသည် အတ္တတည်းဟူသော မကောင်းသော စိတ်မိုက်စိတ်ရိုင်းကြောင့်ပင်ဖြစ်သည်။ အတ္တနှင့်ပတ်သက်၍ မှတ်သားခဲ့ဖူးသော ဖြစ်ရပ်တစ်ခုကို သတိရမိသည်။ မာဆာဘုမိဟိုဆိုနို ဟူသော ဂျပန်အမျိုးသားတစ်ယောက်က ရုရှားနိုင်ငံ မော်စကိုမြို့မှ ပညာတော်သင်၍ ပြန်သောအခါ ဂျပန်မပြန်ခင် လန်ဒန်သို့အရင်သွားခဲ့သည်။ လန်ဒန်တွင် ခဏနေခဲ့ပြီး နာမည်ကြီးတိုက်တန်းနစ်သင်္ဘောကြီးကို စီးနင်းလိုက်ပါခွင့်ရခဲ့သည်။ ကံမကောင်းအကြောင်းမလှစွာနှင့်ပင် တိုက်တန်းနစ်သင်္ဘောကြီးက ကျောက်ဆောင်နှင့် ပွတ်တိုက်ကာ ရေအောက်ကို တဖြည်းဖြည်းနစ်မြုပ်လာသည်။ တိုက်တန်းနစ်သင်္ဘောနစ်သောအခါ ကလေးငယ်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများကို ဦးစားပေး၍ အသက်ကယ်လှေများဖြင့် ကယ်ထုတ်ခဲ့ကြသည်။ ဟိုဆိုနိုသည် ဆံနွယ်ရှည်၍ ယောကျ်ားပီသသူတစ်ယောက်ဖြစ်သည်။ သို့သော် သင်္ဘောနစ်မြုပ်သောအခါ သူ့ဆံနွယ်ရှည်များကို အသုံးချ၍ မိန်းမအယောင်ဆောင်ကာ အသက်ကယ်လှေပေါ်သို့ တက်သွားလေသည်။ ထိုအဖြစ်အပျက်ကို ဘေးကလူက အစအဆုံးမြင်လေသည်။ ထိုလူသည် တခြားသူမဟုတ်ပေ။ အမေရိကန်စာရေးဆရာကြီး ဂရေစီဖိုးလ်ဖြစ်သည်။ သူသည် သင်္ဘောနစ်မြုပ်ရာ သေဘေးမှ လွတ်မြောက်လာခဲ့ပြီး နေရပ်သို့ပြန်ရောက်သောအခါ "တိုက်တန်းနစ်မှ လွတ်မြောက်ခြင်း"ဟူသောစာအုပ်ကို ရေးသားထုတ်ဝေခဲ့ရာ တစ်ကမ္ဘာလုံးက ဖတ်ကြသည်။ ထိုစာထဲတွင် ဆံနွယ်ရှည်ရှည်နှင့် ဂျပန်အမျိုးသားတစ်ယောက် အတင်းတိုးဝှေ့၍ အသက်ကယ်လှေပေါ်သို့ တက်သွားကြောင်းလည်း ပါဝင်လာသည်။ ထိုသူဟာ ဟိုဆိုနိုဖြစ်ကြောင်း ဂျပန်လူမျိုးအားလုံးက သိရှိကြလေသည်။ ဂျပန်အမျိုးသားတစ်ယောက်၏ အရှက်မဲ့သော အတ္တကို ရှေ့တန်းတင်မှုကြောင့် ဂျပန်တစ်မျိုးသားလုံးကို ကမ္ဘာ့အလယ်တွင် အရှက်ရစေခဲ့သည်။

ထိုအရာသည် တစ်ကိုယ်ကောင်းဆန်သော အတ္တစိတ်ကြောင့် ပျက်စီးလာသော စာရိတ္တပင်ဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကောင်းသော အကျင့်စာရိတ္တများကို ဆင်းရဲ၊ ချမ်းသာ လူတန်းစားမရွေး ဖြည့်ဆည်းရယူနိုင်သည်။ သို့သော် ထိုကောင်းသောအကျင့်စာရိတ္တများကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံအောင်စောင့်ထိန်းရန်လည်း အထူးလိုအပ်ပါသည်။ သည်နေရာတွင် ဖတ်မှတ်ဖူးခဲ့သော အမျိုးသားခေါင်းဆောင် လွတ်လပ်ရေးဖခင်ကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းက သူ၏ရဲဘော်များကို "မင်းတို့လူကောင်းဖြစ်ချင်ရင် အကျင့်သီလကောင်းအောင် နေထိုင်ကြ၊ အမှန်ကိုမြတ်နိုးတတ်အောင် နေထိုင်ကြ" ဟုဆုံးမခဲ့သည်ကို မှတ်သားဖူးသည်။ ထို့အတူ Titus ဟူသောပုဂ္ဂိုလ်ကလည်း "ယောမအင်ပါယာကြီး လျော့ကျပျက်စီးရတာဟာ အစာရေစာရှားပါးမှုကြောင့်လည်း မဟုတ်၊ ပြင်ပကရန်သူတွေ ဝင်ရောက်ကျူးကျော်တိုက်ခိုက်မှုကြောင့်လည်း မဟုတ်၊ တကယ့်အရင်းခံဟာ ပြည်သူပြည်သားတွေရဲ့ အကျင့်စာရိတ္တတွေပျက်စီးသွားကြလို့ပါပဲ"ဟု ပြောဆိုခဲ့သည်ကို ဖတ်မှတ်ခဲ့ဖူးသည်။

ထိုအရာများကို ကြည့်မြင်ခြင်းဖြင့် စာရိတ္တဟူသောအရာသည် လူသားတိုင်းအတွက် မည်မျှပင် အရေးကြီးကြောင်း ပေါ်လွင်ထင်ရှားပါသည်။ ထို့ကြောင့် စာရိတ္တဟူသောအရာကို တည်ဆောက်ရယူ၍ ထိန်းသိမ်းကြရမည်။ စာရိတ္တဟူသောအရာသည် လူသားတိုင်းအတွက် မရှိမဖြစ်လိုအပ်သော အရာဖြစ်သည့်အလျောက် မိမိတို့နေ့စဉ်လုပ်ဆောင်သော အရာမှန်သမျှကို အမှုမဲ့အမှတ်မဲ့ သတိလက်လွတ် မပြုလုပ်သင့်ပေ။ ဘယ်အရာကိုပြုလုပ်လျှင် အဘယ်သို့ ဖြစ်နိုင်ကြောင်း စသည်ဖြင့် တွေးတောဆင်ခြင်၍ မသင့်လျော်သော မကောင်းသောအရာများကို ရှောင်ရှား၍ စာရိတ္တကို စောင့်ထိန်းကြရမည်။

လူသားတိုင်း အလွယ်ရလျှင် အလွယ်လိုချင်လာကြသည်။ အချောင်ရလျှင် အချောင်လိုချင်လာကြသည်။ ထို့ကြောင့် စားသောက်မှု၊ နေထိုင်လုပ်ကိုင်မှုများကို စိတ်အလိုလိုက်ကာ လုပ်ဆောင်တတ်ကြသည်။ ထိုအရာများသည် စာရိတ္တပျက်စီးခြင်း၏ အစပင်ဖြစ်သည်။ ထို့ကြောင့် မည်သည့်အလုပ်များ၊ မည်သည့်အကြံများကိုမဆို လုပ်ကိုင်မှုပြုရာတွင် စည်းကမ်းတကျ လုပ်ကိုင်မှုပြုသင့်ပါသည်။ ထိုသို့ စည်းစနစ်ထားရှိ၍ စည်းကမ်းတကျပြုလုပ်ခြင်းဖြင့် စာရိတ္တကိုစောင့်ထိန်းနိုင်သည်။ ထို့ပြင် လောကကို စောင့်ရှောက်နေသော လောကပါလတရားနှစ်ပါးဖြစ်သည့် ဟိရီ- မကောင်းမှုပြုလုပ်ရမည်ကို ရှက်ခြင်း၊ ဩတ္တပ္ပ- မကောင်းမှုပြုလုပ်ရမည်ကို ကြောက်ခြင်း တည်းဟူသော တရားနှစ်ပါးကို လက်ကိုင်ပြု၍ လိုက်နာကျင့်သုံးခြင်းဖြင့် စာရိတ္တကိုလုံခြုံအောင် စောင့်ထိန်းကြရမည်။

ကောင်းသာအလုပ်ဟူသမျှ၏ အစပထမသည် ကောင်းသောစိတ်မှထွက်ပေါ်လာပေရာ အရင်ဦးစွာ စိတ်ကောင်းများမွေးမြူကြရမည်။ ထိုသို့ဖြင့် အကျင့်စာရိတ္တကောင်းများသည် လူတစ်ဦးတစ်ယောက်အတွက် သာမက မြို့တစ်မြို့၊ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသော အရာဖြစ်သောကြောင့် လူကြီး၊ လူငယ်၊ လူလတ်မရွေး လူသားတိုင်း ကောင်းသောအကျင့်စာရိတ္တများကို လက်ကိုင်ပြု၍ နေထိုင်လုပ်ကိုင်ကာ ခါးဝတ်ပုဆိုးကဲ့သို့လည်း မြဲမြံစွာ စောင့်ထိန်းနိုင်ကြပါစေဟု မေတ္တာရှေ့ထား၍ အကြံပြုရေးသားလိုက်ပါသည်။ ။

> ❝မည်သည့်အလုပ်များ၊ မည်သည့်အကြံများကိုမဆို လုပ်ကိုင်မှုပြုရာတွင် စည်းကမ်းတကျ လုပ်ကိုင်မှုပြုသင့်ပါသည်။ ထိုသို့ စည်းစနစ်ထားရှိ၍ စည်းကမ်းတကျပြုလုပ်ခြင်းဖြင့် စာရိတ္တကို စောင့်ထိန်းနိုင်သည်။ ထို့ပြင် လောကကိုစောင့်ရှောက်နေသော လောကပါလ တရားနှစ်ပါးဖြစ်သည့် ဟိရီ- မကောင်းမှုပြုလုပ်ရမည်ကိုရှက်ခြင်း၊ ဩတ္တပ္ပ- မကောင်းမှု ပြုလုပ်ရမည်ကို ကြောက်ခြင်းတည်းဟူသော တရားနှစ်ပါးကို လက်ကိုင်ပြု၍ လိုက်နာကျင့်သုံးခြင်းဖြင့် စာရိတ္တကို လုံခြုံအောင်စောင့်ထိန်းကြရမည်❞

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဇောင်ကြမ်းပင်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တကုမာရသိရီ ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အေးသာယာရပ်ကွက် ဇောင်ကြမ်းပင်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တကုမာရသိရီ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) သက်တော် ၆၇ နှစ်၊ သိက္ခာ ၄၇ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၆ ခုနှစ် ပြာသိုလပြည့်ကျော် ၄ ရက် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက် သောကြာနေ့ ည ၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

# ကျိုက်မရောခွဲ ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ကျိုက်မရော ဇန်နဝါရီ ၁၈

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အလက- ခွဲ(သက်န်းချောင်)



ကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ အလက(သက်န်းချောင်)မှ ကျောင်းသား ကျောင်းသူများက စုံညီပွဲတော်တို့နှဲ့ပျော်သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြို့နယ်ပညာရေးမှူး ဒေါ်စုစုဌေးက စုံညီပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဘက်စုံထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား အလက-ခွဲ(သက်န်းချောင်) ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဆွေနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

# ပြည်တက္ကသိုလ်၌ (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

ပြည် ဇန်နဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ပြည်တက္ကသိုလ်၏ (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ယင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင်နှင့် သဟာယအဖွဲ့ဝင်များ သတ်မှတ်နေရာယူကြသည်။



**ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ ဘွဲ့ရ ကျောင်းသား ကျောင်းသူများအား ပါမောက္ခချုပ်က ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ပြည်တက္ကသိုလ်၏ (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၁၈ ရက်မှ ၁၉ ရက်အထိ နှစ်ရက်ကြာ ကျင်းပခြင်းဖြစ်ပြီး အဆိုပါဘွဲ့နှင်းသဘင်တွင် အဝေးရောက် ဘွဲ့လျှောက်လွှာတင်ယူသူများအပါအဝင် ပြည်တက္ကသိုလ်၏ အထူးပြုဘာသာရပ်ပေါင်းစုံ (နေ့သင်တန်း)များမှ ဝိဇ္ဇာ/သိပ္ပံဘွဲ့ရ ကျောင်းသား ကျောင်းသူပေါင်း ၁၁၆၁ ဦးကို ပါမောက္ခချုပ်က ဘွဲ့လက်မှတ်များ အပ်နှင်းချီးမြှင့်ခြင်းဖြစ်သည်။

အလားတူ ဇန်နဝါရီ ၂၄၊ ၂၅ ရက်နှင့် ၂၇၊ ၂၈ ရက်တို့တွင်လည်း ပြည်တက္ကသိုလ်၏ (အဝေးသင်) ဘွဲ့ရ ကျောင်းသား ကျောင်းသူ ၂၇၇၆ ဦးအား ဘွဲ့လက်မှတ်များ ဆက်လက် အပ်နှင်းချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# ပင်လောင်းမြို့နယ်၌ Grade-5 နှင့် အလယ်တန်းအဆင့် Grade-9 သင်ကြားသင်ယူမှုထိရောက်ရေး အရည်အသွေးမြှင့်ဆွေးနွေးပွဲ ကျင်းပ

ပင်လောင်း ဇန်နဝါရီ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် Grade-5၊ အလယ်တန်းအဆင့် Grade-9 သင်ကြားသင်ယူမှုထိရောက်ရေး အရည်အသွေးမြှင့်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၁)၊ (၂) အခြေခံပညာအထက်တန်းကျောင်းတို့၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် Grade-5၊ အလယ်တန်းအဆင့် Grade-9 ကျောင်းသား ကျောင်းသူများအား အသိပညာဗဟုသုတကြွယ်ဝစေပြီး အာရုံစူးစိုက်မှု စွမ်းအားနှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာစေရန် ရည်ရွယ်၍ သင်ကြားသင်ယူမှုထိရောက်ရေး အရည်အသွေးမြှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၈ ရက်မှ ၂၁ ရက်အထိ ပြုလုပ်



မည်ဖြစ်ပြီး ဆွေးနွေးပွဲတွင် မူလတန်းအဆင့် ဆရာ ဆရာမ ၁၃၄၄ ဦး၊ နည်းပြ ၉၀၊ အလယ်တန်းအဆင့် ဆရာ ဆရာမ ၆၁၆ ဦး၊ နည်းပြ ၅၂ ဦး တက်ရောက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အေးသာယာရပ်ကွက် ဇောင်ကြမ်းပင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တကုမာရသိရီ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ပေါက်ပင်ဆိပ်ရွာ ခမည်းတော် ဦးတုတ် + မယ်တော် ဒေါ်လှသွယ်တို့မှ ၁၃၁၉ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက် တနင်္လာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၃၆ ခုနှစ် ပထမဝါဆိုလဆန်း ၉ ရက်နေ့တွင် မုံရွာမြို့ ဇောင်ကြမ်းပင်ကျောင်းဆရာတော် ဘဒ္ဒန္တသြဘာသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၃၉ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်နေ့တွင် အရာတော်မြို့နယ် ပေါက်ပင်ဆိပ်ရွာ ရွာဦးကျောင်း ခဏ္ဍသိမ်၌ မယ်ဇင်ပင်ကျောင်းဆရာတော် ဘဒ္ဒန္တဇဝနကို ဥပဇ္ဈာယ်ပြု၍ ပေါက်ပင်ဆိပ်ရွာ ဦးဘရှင်း + ဒေါ်ဝိုင်းကြည် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် အရာတော်မြို့နယ် ပေါက်ပင်ဆိပ်ရွာ မဟာဗောဓိကျောင်းဆရာတော် ဘဒ္ဒန္တသီလာစာရ၊ မုံရွာမြို့ ဇောင်ကြမ်းပင်ကျောင်းဆရာတော် ဘဒ္ဒန္တသြဘာသ၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး "သာသနဓဇ သိရီပဝရဓမ္မာစရိယ"ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဇောင်ကြမ်းပင်ကျောင်းတိုက်၌ ရဟန်း၊ သာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်း၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ၂၀၂၂ ခုနှစ်မှစ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ ပရိယတ္တိဝိသာရဒဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်၊ ခမာဇာဂရိယဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၂၀ ပြည့်နှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၂၅ ခုနှစ်တွင် "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၆၇ နှစ်၊ သိက္ခာ ၄၇ ဝါအရ ၁၃၈၆ ခုနှစ် ပြာသိုလပြည့်ကျော် ၄ ရက်၊ ၁၇-၁-၂၀၂၅ ရက် သောကြာနေ့ ည ၁၀ : ၀၀ အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

# မင်းဘူးမြို့ အထက်တန်းကျောင်း(ခွဲ) မြို့မကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

မင်းဘူး ဇန်နဝါရီ ၁၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မြို့မတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက မြို့မကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တူးတူးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝါဝါလှိုင်က အနာဂတ်လူငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂစသည့် ဗလငါးတန် ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ချိုချိုဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်၍ အထက(ခွဲ)(မြို့မကျောင်း) Grade-9 နှင့် Grade-10 မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်အင်တာနက်၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့် ယဉ်ကျေးမှု ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြား၍ ဆွေးနွေးပွဲအပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော အသိပညာပေး နံရံကပ်ဘုတ်များအား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

# ကြီးပွားတိုးတက်စေနိုင်သော အကြောင်းတရားများ

စောအောင်လင်း (မန္တလေး)

**လူတိုင်းဟာ ဘဝရှင်သန်နေရတဲ့အချိန်မှာ ကျန်းကျန်းမာမာနဲ့နေချင်တယ်၊ စည်းစိမ်ဥစ္စာတွေပြည့်စုံပြီး ချမ်းချမ်းသာသာနဲ့နေချင်တယ်။ အေးအေးချမ်းချမ်းနဲ့နေချင်တယ်။ ဒီအတွက် နေ့စဉ်လုပ်ကိုင်နေကြတဲ့ စားရေး၊ ဝတ်ရေး၊ နေထိုင်ရေးဆိုတဲ့ အလုပ်သုံးပါးကို ခွန်အား၊ ဖွဲ့ လုံ့လ ဝီရိယတွေ ရင်းနှီးလုပ်ကိုင်နေကြတယ်။ လူတိုင်း အလုပ်လုပ်နေကြတာမှန်ပေမယ့် ကြီးပွားတိုးတက်မှုတွေကိုတော့ တန်းတူမခံစားကြရပါဘူး။ ကြီးပွားတိုးတက်တဲ့သူတွေရှိသလို ဆင်းရဲနိမ့်ကျတဲ့သူတွေလည်း ရှိပါတယ်။ ဒီလိုကွဲပြားမှုတွေမဖြစ်ရအောင် လုပ်သင့်တာကိုလုပ်ပြီး မလုပ်သင့်တာကိုမလုပ်မိဖို့ အရေးကြီးပါတယ်။**

> **" လူ့ဘဝ ရှင်သန်ရပ်တည်နေရချိန်မှာ လူတိုင်းဟာ ကောင်းကျိုးလိုရာအဝဝကို ပြည့်စုံအောင် လုပ်ကိုင်နေထိုင်ကြတာဖြစ်ပါတယ်။ အလုပ်လုပ်နေကြသူတွေချင်းအတူတူ ကြီးပွားတိုးတက်သူနဲ့ ဆင်းရဲသူတွေဆိုပြီး ကွဲပြားခြားနားနေတာ မြင်တွေ့နေရပါတယ်။ ကြီးပွားတိုးတက်လိုသူတိုင်းဟာ သမ္ပဒါတရားလေးပါးနဲ့ ကြီးပွားတိုးတက်စေကြောင်း တရားငါးမျိုးကို လိုက်နာကျင့်သုံးခြင်းဖြင့် ကြီးပွားတိုးတက်အောင်မြင်မှုတွေ ပိုင်ဆိုင်ခံစားနိုင်မှာဖြစ် "**

တချို့က လုပ်သင့်တာကိုမလုပ်၊ မလုပ်သင့်တာတွေလုပ်နေကြလို့ ကောင်းကျိုးထက် ဆိုးကျိုးတွေကိုသာ ခံစားကြရတယ်။ တချို့ဆိုးကျိုးတွေက ကာယကံရှင်တစ်ဦးတည်းသာ ခံစားရတာမဟုတ်ဘဲ ပတ်ဝန်းကျင်ကိုပါ ထိခိုက်နစ်နာစေပါတယ်။ လူတွေက အတ္တကို အခြေခံပြီး လုပ်ကိုင်နေကြတာဖြစ်ပေမယ့် လွန်ကဲတဲ့အတ္တတွေ မသုံးမိအောင် သတိပြုဆင်ခြင်လုပ်ကိုင်သင့်ပါတယ်။

လူ့ဘဝရပ်တည်ရှင်သန်နေချိန်မှာ ကြီးပွားတိုးတက်စေနိုင်တဲ့ နည်းလမ်းတွေများစွာရှိပါတယ်။ အဲဒီနည်းလမ်းတွေထဲက ကိုယ်တိုင်လည်း ကြီးပွားတိုးတက်စေ၊ ပတ်ဝန်းကျင်အကျိုးကိုလည်း မထိခိုက်စေတဲ့ နည်းလမ်းတွေနဲ့လုပ်ကိုင်နိုင်တာက အကောင်းဆုံးဖြစ်ပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားက လူသားတွေ ကြီးပွားတိုးတက်စေနိုင်တဲ့ သမ္ပဒါ တရားလေးပါးကို ဟောကြားညွှန်ပြခဲ့ပါတယ်။ အဲဒါတွေကတော့ –

- ဥဋ္ဌာန သမ္ပဒါ = မပျင်းမရိ ထကြွလုံ့လဝီရိယရှိမှုနှင့် ပြည့်စုံခြင်း၊
- အာရက္ခ သမ္ပဒါ=ရရှိသည့် ပစ္စည်းဥစ္စာတို့ကို လိမ္မာကျွမ်းကျင်စွာ စောင့်ရှောက်ထိန်းသိမ်းတတ်မှုနှင့် ပြည့်စုံခြင်း၊
- ကလျာဏမိတ္တ သမ္ပဒါ = မှီခိုကိုးစား အားထားလောက်သည့် မိတ်ဆွေကောင်းရှိမှုနှင့်ပြည့်စုံခြင်း၊
- သမဇီဝိသမ္ပဒါ = စနစ်တကျ မျှတစွာ အသက်မွေးသုံးစွဲနေထိုင်တတ်မှုနှင့် ပြည့်စုံခြင်းတို့ ဖြစ်ပါတယ်။

သမ္ပဒါတရားလေးပါးနဲ့အညီ လိုက်နာကျင့်ကြံကြရင် ကြီးပွားတိုးတက်မှုတွေ မလွဲမသွေ ခံစားနိုင်ကြမှာဖြစ်ပါတယ်။ တချို့က လိုက်နာသင့်တယ်ဆိုတာသိပြီး လိုက်နာကျင့်ကြံကြတယ်။ တချို့က မသိလို့ မလိုက်နာမိကြဘူး၊ တချို့ကသိတော့သိတယ် မလိုက်နာကြဘူး၊ တချို့က သိသလိုလို မသိသလိုလိုနဲ့ ဖြစ်နေတတ်ပါတယ်။ အဆိုးဆုံးကတော့ သိပြီး မလိုက်နာတာက စားရအောင် စိုက်ထားတဲ့အပင်က အသီးတွေ မှည့်နေတာတောင် ခူးဆွတ်မစားဘဲ ပစ်ထားလို့အမှည့်လွန်ပုပ်ပြီး မြေမှာ ကြွေကျနေသလို ဖြစ်နေတတ်ပါတယ်။ သိထားရင် လိုက်နာပြီး မသိသေးရင် သိအောင်လုပ် ကျင့်ကြံအားထုတ်သင့်တဲ့ အကြောင်းတရားတွေ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ဗုဒ္ဓမြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေစဉ်က သူဌေးတစ်ဦးနဲ့ အသက်ခုနစ်နှစ်အရွယ် သားဖြစ်သူတို့က ဇေတဝန်ကျောင်းကို ရောက်ရှိလာပါတယ်။ အကြောင်းကတော့ သားဖြစ်သူက စီးပွားဥစ္စာတိုးတက်မှုရဲ့ အခြေခံအကြောင်းကို သိချင်လို့ ဖခင်ဖြစ်သူကိုမေးတဲ့အခါ မဖြေနိုင်လို့ မြတ်စွာဘုရားထံကို ခေါ်လာတာဖြစ်ပါတယ်။ မြတ်စွာဘုရားထံ လျှောက်ထားတဲ့အခါ ကြီးပွားတိုးတက်ဖို့အတွက် စီးပွားဥစ္စာဖြစ်ထွန်းစေနိုင်တဲ့ အခြေခံအကြောင်းတရားငါးမျိုးကို ဖြေကြားတော်မူခဲ့ပါတယ်။ အဲဒါတွေကတော့ (၁) ကျန်းမာရေးကောင်းမွန်မှု (၂) ကိုယ်ကျင့်သီလစောင့်ထိန်းမှု (၃) ပညာရှိတို့၏ အဆုံးအမဩဝါဒကို လိုက်နာမှု (၄) အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံမှု (၅) မပျင်းမရိ ကြိုးစားမှုတို့ ဖြစ်ပါတယ်။

**ကျန်းမာရေးကောင်းမွန်မှု**

လူတစ်ဦး အသက်ရှင်ရပ်တည်နေထိုင်နေစဉ်မှာ အရေးပါဆုံးအချက်ကတော့ ကျန်းမာနေဖို့ဖြစ်ပါတယ်။ တစ်ဦးကိုတစ်ဦး မေတ္တာပို့ဆုတောင်းတဲ့အခါ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးအန္တရာယ်ကင်းပါစေ၊ လိုရာဆန္ဒပြည့်ပါစေလို့ဆိုတဲ့အခါ ကျန်းမာရေးကို ရှေ့ဆုံးကထားပြီး မေတ္တာပို့ဆုတောင်းကြပါတယ်။ ကျန်းမာမှ အလုပ်လုပ်နိုင်မယ်။ အလုပ်လုပ်နိုင်မှ ဥစ္စာဓနတွေ ရှာဖွေနိုင်ပါတယ်။ စီးပွားဥစ္စာတွေ များများရှာဖွေနိုင်မှ ကြီးပွားတိုးတက်ကြမှာဖြစ်လို့ ကျန်းမာရေးဟာ အလွန်အရေးကြီးပါတယ်။

အာရောဂျံ ပရမံ လာဘံ = ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်တယ်ဆိုတဲ့စကားလို လူတိုင်း ကျန်းမာအောင်နေထိုင်ခြင်းက ဆုလာဘ်တစ်ခု ချီးမြှင့်တာကို ခံစားရသလိုပါပဲ။ ကျန်းမာဖို့အတွက် လမ်းလျှောက်တာမျိုးကအစ ကိုယ်လက်လှုပ်ရှားမှုတွေလုပ်တာ၊ ကျန်းမာရေးနဲ့ညီညွတ်အောင် နေထိုင်စားသောက်တာ၊ ဆေးလိပ်၊ ကွမ်း၊ အရက်၊ ဘီယာ၊ မူးယစ်ဆေးဝါးတွေကို ရှောင်ကြဉ်တာ၊ စိတ်ကို အမြဲတမ်း ကြည်လင်သန့်စင်အောင်နေထိုင်တာ၊ သောကဖြစ်စေတဲ့ တွေးတောကြံစည်မှုတွေ မပြုလုပ်တာ၊ ကိုယ်ချင်းစာစိတ်နဲ့ ပတ်ဝန်းကျင်ကို ဆက်ဆံတာတွေ စသဖြင့် ကျင့်ကြံနေထိုင်ကြရင် စိတ်ချမ်းသာမှုတွေ ခံစားရပါတယ်။ စိတ်ချမ်းချမ်းသာသာနဲ့ နေထိုင်ရခြင်းဟာ ကျန်းမာရေးကို အထောက်အကူပြုစေပါတယ်။

ကျန်းမာတယ်ဆိုရာမှာ ရုပ်ရော စိတ်ပါ ကျန်းမာဖို့လိုပါတယ်။ ကိုယ်ကတော့ ကျန်းမာပေမယ့် စိတ်ဆင်းရဲနေရရင်လည်း ကျန်းမာရေးကို ထိခိုက်စေပါတယ်။ မကျန်းမာရင် စီးပွားဥစ္စာတွေရှာဖွေဖို့ ခက်ခဲပြီး ရရှိပြီး စည်းစိမ်ဥစ္စာတွေ ဆုံးရှုံးပျက်စီးနိုင်တာမို့ ကြီးပွားတိုးတက်အောင် မလုပ်ဆောင်နိုင်ပါဘူး။

လူတိုင်းဟာ ရုပ်နဲ့နာမ်တွဲပြီး ရပ်တည်နေကြရတာ ဖြစ်ပါတယ်။ ရုပ်နဲ့စိတ်က အပြန်အလှန် အကျိုးပြုနေကြပါတယ်။ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာဖို့ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အကြောင်းတရားတွေ သဟဇာတဖြစ်အောင် နေထိုင်စားသောက်ကြဖို့လည်း လိုပါမယ်။ တစ်ခုခုဖောက်ပြန်ရင် ကျန်းမာရေးကို ထိခိုက်နိုင်တာမို့ ညီညွတ်မျှတအောင် နေထိုင်စားသောက်ဖို့ကိုတော့ ကိုယ်တိုင်ကျင့်ကြံအားထုတ်ကြရပါမယ်။ ကျန်းမာနေမှသာ ကိုယ်ဖြစ်ချင်တဲ့အလုပ်တွေကို နောက်ဆံမတင်းဘဲ လုပ်ကိုင်နိုင်မှာဖြစ်တဲ့အတွက် ကျန်းမာအောင်နေထိုင်ကြရမှာ ဖြစ်ပါတယ်။

**ကိုယ်ကျင့်သီလစောင့်ထိန်းမှု**

ကိုယ်ကျင့်တရား ကောင်းမွန်သူတွေဟာ စောင့်ထိန်းရမယ့် ကျင့်ဝတ်စည်းကမ်းတွေကို တိတိကျကျ လိုက်နာကျင့်သုံးကြပါတယ်။ ကိုယ်ကျင့်တရားကို ကိုယ်၊ နှုတ်၊ နှလုံးစောင့်စည်းမှု၊ အကျင့်သိက္ခာလို့ဆိုပါတယ်။ ကိုယ်ကျင့်တရားဆိုတာ သီလစောင့်ထိန်းခြင်းဖြစ်ပါတယ်။ သီလဆိုတာ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး စတဲ့စောင့်ထိန်းအပ်တဲ့ ကျင့်ဝတ်လို့အဓိပ္ပာယ်ရပါတယ်။ သီလဆိုတာ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတွေ စင်ကြယ်ခြင်းဖြစ်ပါတယ်။ အရှက်တရားနဲ့ အကြောက်တရားဖြစ်တဲ့ ဟိရိဩတ္တပ္ပတရားတွေဟာ သီလရဲ့ အနီးဆုံးသော အကြောင်းတရားဖြစ်ပါတယ်။ ကိုယ်ကျင့်တရားနဲ့ သီလကိုပေါင်းစပ်ပြီး ကိုယ်ကျင့်သီလလို့လည်း ပြောကြပါတယ်။

ကိုယ်ကျင့်သီလကို စာရိတ္တသီလနဲ့ ဝါရိတ္တသီလ အပါအဝင် သီလအမျိုးအစားပေါင်း ၅၇ မျိုး ထပ်မံခွဲခြားနိုင်တာကြောင့် သီလရဲ့အနက်အဓိပ္ပာယ်ဟာ နက်ရှိုင်းကျယ်ဝန်းလှသလို လိုက်နာစောင့်ထိန်းဖို့ သာမန်အားဖြင့် မလွယ်ကူပါ။ ကိုယ်ကျင့်တရားကောင်းမွန်သူတွေဟာ သီလကို စောင့်ထိန်းကြပါတယ်။

ကိုယ်ကျင့်သီလစောင့်ထိန်းသူတွေဟာ သုစရိုက်တရား ၁၀ ပါးကို လိုက်နာကျင့်ကြံကြပါတယ်။ သုစရိုက် ၁၀ ပါးဆိုတာ သူ့အသက်မသတ်ခြင်း၊ သူတစ်ပါးက ကိုယ်နှုတ်တို့နဲ့ မပေးအပ်တဲ့ဥစ္စာကို မခိုးယူခြင်း၊ ကာမဂုဏ်တို့မှာ ယုတ်ယုတ်မာမာမကျင့်ခြင်း၊ မဟုတ်မမှန် မပြောဆိုခြင်း၊ ချောပစ်ကုန်းမတိုက်ခြင်း၊ ကြမ်းကြမ်းတမ်းတမ်း အယုတ်တမာမဆဲဆိုခြင်း၊ သိမ်ဖျင်းတဲ့စကားမပြောဆိုခြင်း၊ သူတစ်ပါးစည်းစိမ်ကို မတရားမကြံစည်ခြင်း၊ သေကျေပျက်စီးသွားတာ ကောင်းလေစွလို့ သူတစ်ပါးကို မပြစ်မှားခြင်းနဲ့ အယူမမှားခြင်း၊ ကံကံ၏ အကျိုးကိုယုံကြည်ခြင်း၊ ကောင်းသောအယူကို ယူခြင်းတို့ဖြစ်ပါတယ်။ ကိုယ်ကျင့်သီလပျက်ယွင်းသူတွေကတော့ သုစရိုက်တရား ၁၀ ပါးရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ဒုစရိုက်တရား ၁၀ ပါးကို ကျူးလွန်ကြပါတယ်။ ဒါကြောင့် ဘဝတိုးတက်ကြီးပွားချင်ရင် ကိုယ်ကျင့်သီလကို စောင့်ထိန်းကျင့်ကြံသွားကြရမှာ ဖြစ်ပါတယ်။

**ပညာရှိတို့၏ အဆုံးအမ ဩဝါဒခံယူမှု**

လူတိုင်းဟာ အရာရာမှာ ပြီးပြည့်စုံမှုမရှိနိုင်သလို အမှားတွေလည်း မကင်းနိုင်ကြပါဘူး။ ဘဝခရီးကို ဖြတ်သန်းနေစဉ်ကာလတစ်လျှောက်မှာ ပညာရှိတို့ရဲ့ဆိုဆုံးမမှုတွေ၊ လက်ဦးဆရာဖြစ်တဲ့ မိဘတွေနဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေရဲ့ အဆုံးအမ ဩဝါဒတွေကို လိုက်နာကြဖို့လိုပါတယ်။ ပညာရှိတွေ၊ မိဘ၊ ဆရာတွေဟာ သူတို့ဖြတ်သန်းခဲ့တဲ့ဘဝထဲက အတွေ့အကြုံတွေနဲ့ရင်းနှီးပြီး မမှားသင့်တာ မမှားအောင်၊ မလုပ်သင့်တာတွေ မလုပ်အောင်၊ မပြောသင့်တာတွေမပြောအောင် ဆုံးမသွန်သင်ကြတာဖြစ်လို့ ခံယူကျင့်သုံးရပါမယ်။

ဒို့အပြင် စာပေတွေ ဖတ်ရှုလေ့လာတာ၊ တရားဒေသနာတွေ နာယူတာမျိုးတွေဆီကလည်း မှတ်သားလိုက်နာနိုင်ပါတယ်။ ပညာရှိတွေ၊ မိဘ၊ ဆရာတွေရဲ့ သွန်သင်ဆုံးမမှုအောက်မှာ လိုက်နာရှင်သန်ခဲ့ရတဲ့ သူတွေဟာ သာမန်လူတွေထက် အသိဉာဏ်ပညာတွေသုံးပြီး မိမိဘဝမှာ ကြီးပွားတိုးတက်မှု အသီးအပွင့်တွေကို ခံစားရပါတယ်။ ဒါကြောင့် ပညာရှိတွေ၊ မိဘ၊ ဆရာတွေရဲ့ ဆုံးမဩဝါဒတွေကို လိုက်နာကျင့်ကြံခြင်းဟာ တိုးတက်ကြီးပွားမှုတွေကို ခံစားရနိုင်ပါတယ်။

**အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံမှု**

လူချင်းတူကြပေမယ့် စရိုက်တွေကွဲပြားနေကြတာ ဓမ္မတာပါပဲ။ အကြားအမြင် ဗဟုသုတတွေနဲ့ ပြည့်စုံသူတွေဟာ တခြားသူတွေထက် အရည်အချင်း အရည်အသွေးတွေ မြင့်မားကြပါတယ်။ အဓိကအကြောင်းရင်းကတော့ ပညာတတ်မြောက်ဖို့ လိုပါတယ်။ ပညာဆိုတာ ခွဲခြားသိမြင်နိုင်တဲ့ အသိဉာဏ်၊ အတတ်လို့ဆိုပါတယ်။ ပညာကြောင့် လူနေမှုဘဝတွေ တိုးတက်ပြောင်းလဲခဲ့ပါတယ်။ ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုး၊ ပညာရဲရင့်ပွဲလယ်တင့်၊ ပညာရှိအမျက် အပြင်မထွက်၊ ပညာရှိသတိဖြစ်ခဲ၊ ပညာရွှေအိုးလူမခိုးဆိုတဲ့ မြန်မာစကားပုံတွေဟာ ရှေးပညာရှိကြီးတွေက ပညာရဲ့ အရေးပါပုံတွေကို ထုတ်ဖော်ဆုံးမခဲ့ကြတာ ဖြစ်ပါတယ်။

ပညာကို အသိပညာနဲ့ အတတ်ပညာဆိုပြီး ထပ်မံခွဲခြားနိုင်ပါတယ်။ အသိပညာတွေကို မွေးကင်းစအရွယ်ကစပြီး လူလားမြောက်တဲ့အထိ လက်ဦးဆရာ မိဘတွေဆီက သင်ယူကြရပါတယ်။ ကျောင်းနေအရွယ်မှာ ဆရာတွေဆီက ဆက်လက်သင်ယူကြရပါတယ်။ အရွယ်ရောက်လို့ စားဝတ်နေရေးအတွက် အတတ်ပညာတွေကို ဆက်လက်သင်ယူကြရပြန်ပါတယ်။ လုပ်ငန်းခွင်တွေထဲရောက်ကြတဲ့အခါမှာ အကြီးအကဲတွေ၊ ဝါရင့်တဲ့သူတွေနဲ့ လုပ်ငန်းခွင်အတွေ့အကြုံတွေကို လက်တွေ့ဆက်လက်သင်ယူကြရပါတယ်။ ဒို့အပြင် စာပေဖတ်ရှုလေ့လာတာ၊ နည်းပညာတွေသုံးပြီး သင်ယူလေ့လာတာ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ စကားဝိုင်းတွေ တက်ရောက်လေ့လာသင်ယူတာတွေကို လုပ်ဆောင်နိုင်ပါတယ်။

ပညာတတ်မြောက်မှသာ အကြားအမြင် ဗဟုသုတတွေ ပြည့်စုံပြီး အမှန်နဲ့အမှား၊ အကောင်းနဲ့အဆိုးတွေကို မှန်မှန်ကန်ကန် ဝေဖန်ဆုံးဖြတ်နိုင်ပါမယ်။ ဒါကြောင့် ပညာတတ်ဖို့၊ အကြားအမြင်ဗဟုသုတပြည့်စုံဖို့အတွက် ပညာရှိတွေရဲ့အဆုံးအမ ဩဝါဒတွေကို ခံယူကျင့်သုံးဖို့ လိုပါတယ်။

**စာမျက်နှာ ၂၄ သို့ ❍**

# ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)၏ ပညာရည်ချွန်ဆုပေးပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

မြစ်ကြီးနား ဇန်နဝါရီ ၁၈

ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)၏ ၂၀၂၄- ၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပထမနှစ်တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်နယ်သယံဇာတရေးရာဝန်ကြီးက ယနေ့အချိန်အခါသည် Information Technology (IT) ခေတ်ဖြစ်သည်နှင့်အညီ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးတိုးတက်မှုများအတွက် ကွန်ပျူတာအသိပညာရှင်၊ အတတ်ပညာရှင်များသည် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်နေပြီဖြစ်ကြောင်း၊ ယနေ့လူငယ်မောင်မယ်များအနေဖြင့် မိမိတို့၏ ပညာသင်ကာလတစ်လျှောက်လုံးတွင် ပညာရပ်ပိုင်းဆိုင်ရာ လေ့လာဆည်းပူးမှုများ ပြုလုပ်ကြရမည်ဖြစ်သကဲ့သို့ ဆန်းသစ်တီထွင်ကြံဆမှုများကိုလည်း လုပ်ဆောင်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်အေးအေးမော်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့က ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်နှင့် ပဉ္စမနှစ် စသည့်သင်တန်းနှစ်အလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရ ကျောင်းသား ကျောင်းသူများနှင့် (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရ ထူးချွန်ကျောင်းသားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများ၏ တိုင်းရင်းသားရိုးရာ တေးသရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို အားပေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# သရက်ချောင်းမြို့နယ်၌ ပြေးခုန်ပစ်ပြိုင်ပွဲဆုရရှိသည့် အားကစားသမားများအား ဆုချီးမြှင့်ပွဲကျင်းပ

သရက်ချောင်း ဇန်နဝါရီ ၁၈

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ၂၀၂၅ ခုနှစ် မြို့နယ်အဆင့် အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲများကို ယမန်နေ့ နံနက်ပိုင်း၌ ကျင်းပသည်။ အဆိုပါပြိုင်ပွဲများမှ အားကစားနည်းအလိုက် ဆုရရှိသည့်အားကစားသမားများအား သရက်ချောင်းမြို့ အထက(သရက်ချောင်း)ကျောင်းဝင်းကွင်းပြင်၌ ဆုချီးမြှင့်ခဲ့သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် သရက်ချောင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းစနစ်မှူး ဦးလင်းနိုင်ဦးနှင့် တာဝန်ရှိသူများ၊ သရက်ချောင်းမြို့ အထက(သရက်ချောင်း)ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာကြူနှင့် ဆရာ ဆရာမများက အမျိုးသား အမျိုးသမီး မီတာ ၅၀၊ သံလုံးပစ်၊ အမြင့်ခုန်၊ သံပြားပစ်၊ သုံးဆင့်ခုန်ပြိုင်ပွဲနှင့် အလျားခုန်ပြိုင်ပွဲများတွင် ဆုရရှိသောအားကစားသမားများအား လည်ဆွဲဆုများနှင့် ငွေသားဆုများကို ဆုချီးမြှင့်ပေးသည်။ မြို့နယ်အတွင်း ပြေးခုန်ပစ်ပြိုင်ပွဲများတွင် အားကစားနည်းများအလိုက် အမြင့်ဆုံးစံချိန်ရရှိသည့် အားကစားသမားအား တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲတွင် မြို့နယ်ကိုယ်စားပြုအားကစားသမားများအဖြစ် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြည့်ဖြိုးပိုင်(ပြန်/ဆက်)




# အေးသာယာမြို့၌ ဆိုလာစနစ်ဖြင့်လျှပ်စစ်မီးသုံးစွဲနိုင်ရေး ညှိနှိုင်းဆွေးနွေး

တောင်ကြီး ဇန်နဝါရီ ၁၈

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ စက်မှုဇုန်တွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးသုံးစွဲနိုင်ရေး Uni Energy Co.,Ltd. ၏ ပနာမကွင်းဆင်းလုပ်ငန်းညှိနှိုင်း ဆွေးနွေးခြင်းကို ယနေ့မွန်းလွဲ ၁ နာရီခွဲက အေးသာယာစက်မှုဇုန် စီမံခန့်ခွဲရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က အမှာစကား ပြောကြားရာတွင် အေးသာယာ စက်မှုဇုန်အတွက် လိုအပ်လျက်ရှိသော လျှပ်စစ်မီးဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးပေးနိုင်ရေးစီစဉ်လျက်ရှိကြောင်း၊ ကုမ္ပဏီက ဆောင်ရွက်မည့်အစီအစဉ်နှင့် မိမိတို့ဘက်မှ ဖြည့်ဆည်းပေးရမည့် အခြေအနေများကို တင်ပြစေလိုကြောင်း၊ တက်ရောက်လာသည့် ဌာနဆိုင်ရာများကလည်း ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးဖြည့်ဆည်းပေးနိုင်ရေး ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြရန် ပြောကြားပြီး Uni Energy Co.,Ltd. မှ မန်နေးဂျင်းဒါရိုက်တာ ဦးအောင်ကျော်နိုင်က လျှပ်စစ်မီးရရှိရေးအတွက် ဆိုလာနစ်ဖြင့် အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက်ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြပြီး ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက အေးသာယာစက်မှုဇုန်အတွင်း သင့်တော်သောဈေးနှုန်းဖြင့် ဆိုလာစနစ်လျှပ်စစ်မီးရရှိရေး ညှိနှိုင်းဆွေးနွေး ဆောင်ရွက်သည်။

ထို့နောက် ရှမ်းပြည်နယ် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိရေး တည်ဆောက်မည့် မြေနေရာကို ကွင်းဆင်းကြည့်ရှုရာ စက်မှုဇုန် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်နှင့် တာဝန်ရှိသူများက တည်ဆောက်မည့်မြေနေရာ လျာထားဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံပြသခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပျဉ်းမနားမြို့နယ်၌ လူငယ်စာဖတ်ဝိုင်း ကျင်းပ

ပျဉ်းမနား ဇန်နဝါရီ ၁၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ Youth Club အဖွဲ့ဝင်လူငယ်များ၏ လူငယ်စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

## ရှင်းလင်းပြောကြား

ဦးစွာ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က လူထုအခြေပြုဗဟိုဌာနလုပ်ငန်းများ ဆောင်ရွက်မှုနှင့် လူငယ်စာဖတ်ဝိုင်းဆွေးနွေးပွဲများဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်များက "အလုပ်ဆိုတာအင်အားပါ၊ အလုပ်တွင်ကျယ်စေချင်ရင် လူရောစိတ်ပါ ကျန်းမာစေဖို့လိုပါတယ်၊ အလုပ်လုပ်တဲ့နေရာမှာ စေတနာပါပါစေ၊ အလုပ်လုပ်တဲ့နေရာမှာ အဆိုးမြင်စိတ်မလွှမ်းကဲပါစေနဲ့၊ အလုပ်လုပ်တဲ့နေရာမှာ အောင်မြင်ချင်ရင် ဖွဲသတ္တိကို အထူးမွေးမြူပါ၊ အလုပ်ဆိုတာ လူ့စိတ်ကိုရင့်ကျက်စေနိုင်ပါတယ်၊ အလုပ်လုပ်တဲ့နေရာမှာလျော့ရဲရဲမဖြစ်စေနဲ့နှင့် အလုပ်လုပ်တဲ့နေရာမှာ ခြေသေ့စိတ်ထားပါ" စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ယင်းနောက် စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသော စာရေးဆရာ ဆရာမများက Youth Club အဖွဲ့ဝင်လူငယ်များ၏ ဆွေးနွေးမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မျိုးသီဟ(ပြန်/ဆက်)

❍ စာမျက်နှာ ၂၃ မှ

**မပျင်းမရိကြိုးစားမှု**

ဘဝတစ်ခုတည်ဆောက်ရာမှာ တိုးတက်အောင်မြင်ခြင်းရဲ့ အခြေခံလိုအပ်ချက်ဟာ ကြိုးစားအားထုတ်မှု၊ ဝီရိယစိုက်ထုတ်မှုဖြစ်ပါတယ်။ ကြိုးစားအားထုတ်မှုရဲ့ ဆန့်ကျင်ဘက်က ပျင်းရိခြင်းဖြစ်ပါတယ်။ ပျင်းရိခြင်းခြောက်ပါးဟာ တိုးတက်ကြီးပွားခြင်းရဲ့အတားအဆီးတွေ ဖြစ်ပါတယ်။

ပျင်းရိခြင်းက လွတ်ကင်းစေနိုင်တာကတော့ ဇွဲ၊ လုံ့လ၊ ဝီရိယတွေကို မွေးမြူနိုင်ခြင်းဖြစ်ပါတယ်။ အသုံးမလိုတော့တဲ့အခါ စွန့်ပစ်ရတဲ့ ပစ္စည်းကို အမှိုက်လို့ဆိုပါတယ်။ ပျင်းရိခြင်းကို စက်ဆုပ်ရွံရှာစရာ အမှိုက်လိုသဘောထားပြီး စွန့်ပစ်ကြရပါမယ်။ ပျင်းရိသူတွေဟာ တိုးတက်ကြီးပွားမှု အသီးအပွင့်တွေကို မစားသုံးနိုင်ပါဘူး။ ရှိထားပြီးသား စည်းစိမ်ဥစ္စာတွေကိုတောင် ဆုတ်ယုတ်ပျက်စီးစေတတ်ပါတယ်။

လောကီ လောကုတ္တရာအကျိုး ပျက်စီးကြောင်းအမှု ခြောက်ပါးဖြစ်တဲ့ နိဒ္ဒဆိုတဲ့ နေ့ညမစဲ အမြဲအိပ်ခြင်း၊ ဘန္တဆိုတဲ့ ထိုင်မိ လဲမိတဲ့ နေရာက မထချင်၊ မကြွချင်ခြင်း၊ ဘယဆိုတဲ့ မကြောက်တန်ဘဲ ကြောက်ရွံ့ခြင်း၊ ကောဓဆိုတဲ့ စိတ်မဆိုးတန်ဘဲ စိတ်ဆိုးခြင်း၊ အလဿဆိုတဲ့ လွန်စွာပျင်းရိခြင်း၊ ဒီဃသုတ္တာဆိုတဲ့ အလုပ်ကိစ္စကို နေ့ရက်ဆွဲငင်၍ ဖင့်နွှဲခြင်းဆိုတဲ့အထဲမှာ ပျင်းရိခြင်းရဲ့အကြောင်းတွေ ပါဝင်နေတာ မှတ်သားဖူးပါတယ်။ ပျင်းရိခြင်းဆိုတာ ထက်သန်တက်ကြွမှုမရှိတာကို ဆိုလိုပါတယ်။ ပညာရှိ သူတော်ကောင်းတွေက မပျင်းမရိကြိုးစားမှုကို စိတ်၏ မပျင်းရိခြင်း၊ မတွန့်တိုခြင်း၊ မဆုတ်မနစ်ခြင်း၊ မွန်မြတ်ခြင်း၊ တက်ကြွခြင်းလို့ ဆိုခဲ့ကြပါတယ်။ ကြီးပွားတိုးတက်အောင်မြင်နေသူတွေဟာ အလုပ်တွေကို ပျင်းရိခြင်းကင်းပြီး နိုးကြားတက်ကြွစွာနဲ့ အားသွန်ခွန်စိုက် ကြိုးစားလုပ်ကိုင်သူတွေဖြစ်ပါတယ်။ ဒါကြောင့် ကြီးပွားတိုးတက်ဖို့အတွက် ပျင်းရိမနေဘဲ ဇွဲ၊ လုံ့လ၊ ဝီရိယတွေ စိုက်ထုတ်ကြိုးစားဖို့လိုပါတယ်။

အချုပ်အားဖြင့် လူ့ဘဝ ရှင်သန်ရပ်တည်နေရချိန်မှာ လူတိုင်းဟာ ကောင်းကျိုးလိုရာအဝဝကို ပြည့်စုံအောင် လုပ်ကိုင်နေထိုင်ကြတာဖြစ်ပါတယ်။ အလုပ်လုပ်နေကြသူတွေချင်းအတူတူ ကြီးပွားတိုးတက်သူနဲ့ ဆင်းရဲသူတွေဆိုပြီး ကွဲပြားခြားနားနေတာ မြင်တွေ့နေရပါတယ်။ ကြီးပွားတိုးတက်လိုသူတိုင်းဟာ သမ္ဗုဒ္ဓတရားလေးပါးနဲ့ ကြီးပွားတိုးတက်စေကြောင်းတရားငါးမျိုးကို လိုက်နာကျင့်သုံးခြင်းဖြင့် ကြီးပွားတိုးတက်အောင်မြင်မှုတွေ ပိုင်ဆိုင်ခံစားနိုင်မှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

**ကိုးကား –**

- **မြန်မာအဘိဓာန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန**
- **ဗုဒ္ဓဘာသာကောင်းတစ်ယောက်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**
- **မှတ်အပ်၊ မှတ်ရာ မှတ်စုပဒေသာ သုခမှတ်စု၊ ဆဌမအကြိမ် (၂၀၁၈ ခုနှစ်)**
- **နေ့စဉ်ထုတ် သတင်းစာများ**

☆ **အာရှဖလားမှ**

ထို့ကြောင့် ဇန်နဝါရီ ၁၉ ရက် ကျင်းပမည့် အုပ်စုနောက်ဆုံးနေ့တွင် သုံးသင်းသာ ထွက်ပေါ်မည်ဖြစ်ပြီး အကောင်းဆုံးအုပ်စု တတိယနေရာရ တစ်သင်း ပါဝင်မည်ဖြစ်သည်။ ဇန်နဝါရီ ၁၇ ရက် ပွဲစဉ်များအပြီးတွင် အုပ်စု (A)၌ ထိုင်းအသင်းက သုံးပွဲကစား ကိုးမှတ်၊ ဘာရိန်းနှင့် ပါလက်စတိုင်းအသင်းက သုံးပွဲကစား လေးမှတ်စီ၊ အီရတ်အသင်းက ပွဲကုန်လေးပွဲကစား လေးမှတ်၊ လက်ဘနွန်အသင်းက သုံးပွဲကစား တစ်မှတ်၊ အုပ်စု (B)၌ အင်ဒိုနီးရှားအသင်းနှင့် ဟောင်ကောင်အသင်းက နှစ်ပွဲကစား ခြောက်မှတ်စီ၊ အိန္ဒိယအသင်းနှင့် ကာဂျစ္စတန်အသင်းက နှစ်ပွဲကစား အမှတ်မရသေး၊ အုပ်စု (C)၌ ဩစတြေးလျအသင်းက သုံးပွဲကစား ကိုးမှတ်၊ ဖိလစ်ပိုင်အသင်းက သုံးပွဲကစား ခုနစ်မှတ်၊ ဥဇဘက်ကစ္စတန်အသင်းက သုံးပွဲကစား လေးမှတ်၊ တာ့ခ်မင်နစ္စတန်အသင်းက သုံးပွဲကစား သုံးမှတ်၊ ကူဝိတ်အသင်းက ပွဲကုန်လေးပွဲကစား အမှတ်မရ၊ အုပ်စု (D)၌ ဗီယက်နမ်အသင်းနှင့် တရုတ်(တိုင်ပေ)အသင်းက နှစ်ပွဲကစား ခြောက်မှတ်စီ၊ မြန်မာနှင့် မကာအိုအသင်းက နှစ်ပွဲကစား အမှတ်မရသေးပေ။

နောက်ဆုံးနေ့ကို ဇန်နဝါရီ ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အုပ်စု(A) ပွဲစဉ်များအဖြစ် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် ဘာရိန်းအသင်းနှင့် ပါလက်စတိုင်းအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် ထိုင်းအသင်းနှင့် လက်ဘနွန်အသင်း၊ အုပ်စု(B) ပွဲစဉ်များအဖြစ် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် အိန္ဒိယအသင်းနှင့် ကာဂျစ္စတန် အသင်း၊ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် အင်ဒိုနီးရှားအသင်းနှင့် ဟောင်ကောင်အသင်း၊ အုပ်စု(C)ပွဲစဉ်များအဖြစ် မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ဩစတြေးလျအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ဥဇဘက်ကစ္စတန်အသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်း၊ အုပ်စု(D)ပွဲစဉ်များအဖြစ် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဗီယက်နမ်အသင်းနှင့် တရုတ်(တိုင်ပေ)အသင်း၊ မြန်မာစံတော်ချိန် ညနေ ၅ နာရီတွင် မြန်မာအသင်းနှင့် မကာအိုအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စု(D)ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေပြီး မြန်မာအသင်းသည် ဗီယက်နမ်အသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ကို နှစ်ပွဲဆက်ဂိုးပြတ်အရေးနိမ့်ခဲ့သဖြင့် အခွင့်အရေး နည်းနေပြီဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

**အမျိုးသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၁၀)ဟုခေါ်တွင်သော ၂-ခန်းတွဲ၊ (၅) ထပ်တိုက်၏ ဒုတိယထပ်၊ ၃-လွှာ၊ တိုက်ကိုမျက်နှာမူလျှင်(ဘယ်ဘက်ခြမ်း)၊ အလျား (၁၂ ၁/၂ x ၅၀) ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မိုးမျက်သွယ်[၁၂/ဗဟန(နိုင်)၁၀၃၉၁၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာ အကြောင်းရှိနိုင်သူမည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးမျိုးသူရအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၄၈)**
**အမှတ်(၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၁၁၃၂၁၁**

**မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားခြင်း**

မော်တော်ဆိုင်ကယ်အမှတ်၊ 13W/44409၊ ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင် [၁၀/ကထန(နိုင်) ၀၁၁၆၀၉]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ ခရိုင်ရုံး(သထုံ)**

**ဘင်္ဂလား ပင်လယ်အော် အခြေအနေ**

**နေပြည်တော် ဇန်နဝါရီ ၁၈**

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ အင်းဝအိမ်ရာ(TOSTA)၊ နီလာရတနာလမ်း၊ အမှတ် - A (၉၂)၊ A(၉၃)ဟုခေါ်တွင်သော အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်**

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၆၊ အင်းဝအိမ်ရာ၊ မြေကွက်အမှတ်-A (၉၂)၊ A(၉၃)၊ (အလျား- ၁၂၀ ပေx အနံ - ၈၀ ပေ)၊ ဧရိယာ(၀. ၂၂၀)ဧကအကျယ်ရှိ ဦးစိန်သစ် အမည်ပေါက် နှစ် (၆၀) ဂရန်မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ (၂) ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူဖြစ်သည့် ဦးစိန်သစ် [၁၂/လမတ(နိုင်)၀၂၂၀၉၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဦး၊ တရားလွှတ်တော်ရှေ့နေ(စဉ် - ၆၇၀၂)**
**အမှတ် - ၂၁၄၊ Min Ye Kyaw Swar Residence,**
**အခန်း-၂၀၂၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၄၂၈)ရှိ မြေရှင် ဒေါ်ခင်သန်းမြင့် ပိုင်ဆိုင်သော မြေကွက်ပေါ်တွင်ဆောက်လုပ်မည့် (၂)ခန်းတွဲ(၆)ထပ်တိုက် တိုက်ခန်းများထဲမှ ကန်ထရိုက်တာရရှိသည့် တတိယထပ်(၄)လွှာ (တိုက်ဘက်သို့မျက်နှာမူလျှင်ညာဘက်)(အလျား ၁၇ပေ x အနံ ၅၄ပေ) တိုက်ခန်း(၁)ခန်းနှင့် အသင့်တပ်ဆင်ထားမည့် ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် အဆိုပါတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်၊ အရပ်ရပ်စီမံခန့်ခွဲပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဘုန်းပြည့်လျှံ ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် ဦးဝင်းနိုင် [၁၂/ဥကမ(နိုင်)၂၆၃၀၁၁]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်မိုး [၁၄/လပတ(နိုင်)၁၆၆၂၂၈] နှင့် ဒေါ်စိမ်းမို့မို့ [၁၄/ဘကလ (နိုင်)၂၀၆၄၀၅] တို့က ကြိုပွိုင့်အရစ်ကျစနစ်ဖြင့် ငွေပေးချေ၍ ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာမာ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၈၆)**
**B.Econ, H.G.P, D.B.L, P.G.D.L, D.L.101,WIPO (Geneva).**
**အမှတ်(၁၀၂/က)၊ မဟာဗောဂလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၀၃၅၆၅၈၊ ၀၉-၇၆၆၁၇၉၃၉၇**

**ပတ်စ်ပို့ပျောက်**

မမြသီတာအေး [၉/ပဘန(နိုင်)၁၃၁၆၈၈] ၏ ပတ်စ်ပို့ (M-၀၈၂၁၉၁) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၄၅၆၃၃၈၀**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၅) ရပ်ကွက်၊ သီရိမင်္ဂလာပတ်လမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၂၃)၊ မြေကွက်အမှတ်(၄၈၅)၊ အကျယ်အဝန်း (၄၀x၆၀)ပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးသန်းထိုက်ဦး အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံး တို့အား အရောင်းအဝယ် ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း**

အထက်ပါမြေကွက်အား ဂရန်အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပြီး လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးခင်ဇော် [၁၂/အစန(နိုင်)၁၃၆၉၇၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ မြေကွက်ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို ဤမြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်လှလှနွယ်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငြိမ်းငြိမ်း(LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၉၇)**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၅၂၈၆၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆**

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ လူနေရပ်ကွက်အမှတ်(၁၉)၊ စွယ်တော်(၅)လမ်း၊ အမှတ်(၂၅၈/ခ)၊ အကျယ်ပေ(၂၀x ၆၀)ရှိ ဦးလှဦး အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသည့် မြေကွက်အနက်မှ(ခြေရင်းခြမ်း) အကျယ်ပေ(၁၀x ၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးအစုံပါ (၁)ထပ်အိမ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါလိပ်စာရှိ အိမ်မြေအား အဆင့်ဆင့်အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်မြင့်မာလာ [၁၂/လမန(နိုင်) ၀၈၄၇၀၀]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းထွေး[၁၄/ဘကလ(နိုင်)၀၀၆၃၀၅] ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်သောကြောင့် ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ဝင်းထွေး** | **ဒေါ်အေးသန္တာစိုး( LL.B )** |
| **[၁၄/ဘကလ(နိုင်)၀၀၆၃၀၅]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၀)** |
| | **အမှတ်-၃၇၄(ခ)၊ ကနောင်ပန်းခြံလမ်း၊ (၈)ရပ်ကွက်** |
| | **ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၂၀၂၀၄၆၅၄** |

**ကန့်ကွက်နိုင်ပါကြောင်း**

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၃)၊ မရမ်းကုန်း၊ ဦးပိုင်အမှတ်(၃၇/၄)၊ ဧရိယာ(၀.၀၄၈)ဧကရှိ ဘိုးဘွားပိုင်မြေကွက်အား ဒေါ်ဝင်းဝင်းကြည် အမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။ ဦးခင်ထွန်းသည် ဒေါ်ဝင်းဝင်းကြည်ထံမှ မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အိမ်နှင့်မြေအရောင်းအဝယ်စာချုပ်အမှတ်-၄၁/၂၀၂၄ဖြင့် ဝယ်ယူခဲ့ပြီး ၎င်းအမည်သို့ အမည်ပြောင်းလဲပေးပါရန် ဤရုံးသို့ တင်ပြလျှောက်ထားလာပါသဖြင့် ၎င်း၏ လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ သတင်းစာတွင် ကြေညာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀) ရက်အတွင်း မော်လမြိုင်မြို့၊ မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက ဦးခင်ထွန်းမှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲ ပေးရန် လျှောက်ထားလာခြင်းအပေါ် လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၆)ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ် (၅၃) ဟုခေါ်တွင်သော ဒေါ်တင်ကြည် အမည်ပေါက် နှစ် (၆၀)မြေငှားဂရန်အမျိုးအစား ပေ ၃၀ x ပေ ၅၀ မြေနှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်(၂)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမွေဆက်ခံရရှိပြီး ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများ ဖြစ်ကြောင်း ဝန်ခံကတိပြုကြသော ဦးစည်သူဝင်း [၁၂/ဥကမ(နိုင်) ၁၇၂၂၃၄]နှင့် ဒေါ်မေသန္တာစိုး [၁၂/ဥကမ(နိုင်) ၂၃၀၀၃၀] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ငုဝါခိုင် [၁၄/လမန(နိုင်)၀၇၈၁၂၅] က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ၃၀-၁၀-၂၀၂၄ ရက်နေ့က ပေးချေပြီး ကန့်ကွက်ကြော်ငြာထည့်သွင်းခဲ့ရာ ကန့်ကွက်ချက်မရှိ၍ ဥပဒေနှင့်အညီ အဆိုပါအရောင်းအဝယ်ကို ဆက်လက်လုပ်ကိုင်ဝယ်ယူပြီးစီးပြီးဖြစ်ကြောင်းနှင့် ကန့်ကွက်လိုသူများ (၂၆-၁-၂၀၂၅) နောက်ဆုံးထား၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို တိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အုန်းအုန်းတင့် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၃၉၅၆)**
**အောက်ဝါးနက်ချောင်း၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၄၆၀၆၀၆၀၁**

**အများသိရှိစေရန် ကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ရှမ်းကုန်းလမ်းသွယ်၊ အမှတ်(၃)၊ မြေညီထပ်(ခေါင်းရင်းခန်း)နေ ဒေါ်ယဉ်ယဉ်အေး [၇/သနပ(နိုင်) ၀၈၃၀၄၁]ကိုင်ဆောင်သူမှ အောက်ပါအတိုင်း အများသိရှိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ရှမ်းကုန်းလမ်းသွယ်၊ အမှတ်(၃)ရှိ အကျယ်အဝန်း(၄၀x၄၂x၅၃)ပေရှိ မြေကွက်အား အပိုင်ရောင်းချခွင့်ရှိသူ ဒေါ်ခင်မမကို [၁၂/အစန(နိုင်) ၁၁၇၆၇၇] ကိုင်ဆောင်သူထံမှ (၁၅-၆-၂၀၂၃)ရက်စွဲပါ “နှစ်ဦးသဘောတူ မြေကွက် အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်”ဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယဉ်ယဉ်အေး [၇/သနပ(နိုင်)၀၈၃၀၄၁] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူပြီး ပိုင်ဆိုင်နေထိုင်လျက်ရှိပြီး ဒေါ်ယဉ်ယဉ်အေးမှ ကန်ထရိုက်တာ ဒေါ်ခင်မာဇော် [၁၂/လမန(နိုင်)၀၆၁၁၅၇] ကိုင်ဆောင်သူနှင့် အခန်းပေးအခန်းယူ ကန်ထရိုက်တိုက် ဆောက်လုပ်ခဲ့ရာ ကန်ထရိုက်တာမှာ ၎င်းဆောက်လုပ်သည့်ကန်ထရိုက်၏ခြေရင်းခြမ်းအခန်းများကိုသာ ပိုင်ဆိုင်ခြင်းဖြစ်၍ မြေပို မြေပိုင်ဆိုင်မှုနှင့်ပတ်သက်သက်ဆိုင်ခြင်းမရှိကြောင်း ကန်ထရိုက်တာ ဒေါ်ခင်မာဇော်နှင့်အများသိရှိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးအောင်ဇော်မိုး(စဉ်- ၁၆၃၅၆)** | **ဒေါ်ခင်သန္တာ (စဉ်-၁၆၂၈၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၁၉၂)၊ ခ/၁လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၃၆၁၂၂၊ ၀၉-၅၀၈၃၈၈၆၊ ၀၉-၄၂၀၁၇၉၈၈၀**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ ပဲခူးစုလမ်း၊ အမှတ်(၂၉)ဟုခေါ်တွင်သော သန်လျင်မြို့၊ အကွက်အမှတ်(၁၇)၊ ပဲခူးစု မြောက်ကွက်၊ ဦးပိုင်အမှတ်(၂၅)၊ ဧရိယာ(၀.၀၉၄)ဧကအကျယ်ရှိသည့် ဂရန်မြေကွက်သည် ဂရန်အမှတ်တွဲအမှတ် - RPNO-၈၆V/၁၉၉၄-၁၉၉၅ အရ ဒေါ်သိန်းမြင့် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ ဒေါ်သိန်းမြင့်မှာ (၁၂-၁-၂၀၁၈)ရက်နေ့တွင်လည်းကောင်း၊ ၎င်း၏ခင်ပွန်း ဦးမြင့်အောင်သည် (၂၄-၁-၁၉၉၆)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ပါသည်။ အထက်ဖော်ပြပါ ဂရန်မြေကွက်နှင့်ပတ်သက်၍ အမွေစားအမွေခံ သားသမီးအရင်းအချာများဖြစ်ကြသော (၁)ဦးရဲမြင့်အောင်၊ (၂)ဒေါ်ခင်မျိုးနွယ်၊ (၃)ဒေါ်စန္ဒာသိန်း၊ (၄)ဦးမျိုးသီဟထွန်းတို့ ကျန်ရစ်ကြပါသည်။ အဆိုပါဂရန်မြေကွက်အား အမွေစားအမွေခံ သားသမီး (၄) ဦးတို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်ကို သန်လျင်မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ တရားဝင်ချုပ်ဆိုသွားမည်ဖြစ်သဖြင့် ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင် စာချုပ်စာတမ်း အထောက်အထား (မူရင်း)အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စောဝတ်ရည်မျိုး**
**LL.B., D.B.L., W.I.P.O (SwitzerLand)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၅/၂၀၁၆)**
**အမှတ်(၁၉)၊ မြို့ပါတ်လမ်း၊ ၁၅-နယ်မြေ၊ ဗိုလ်ချုပ်ကျေးရွာ၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၇၉၉၄၃၉၉၀၃**

**ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၂၁-ဇ)ကိုးလုံးတောင်ကွင်း၊ ဦးပိုင်အမှတ်(၁၅/၁)၊ အတွင်းထိန်စွန်း (၈)လမ်း၊ အမှတ်-၁၈၊ ဧရိယာမျက်နှာစာ (၄၁)ပေ၊ အနောက် (၄၁)ပေ၊ ညာဘက် (၆၂)ပေ၊ ဘယ်ဘက် (၅၂) ပေရှိ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်ကေသီလှိုင် [၁၂/မကန(နိုင်) ၀၀၀၉၀၀] နှင့် ဦးတင့်ဝေစိုး [၁၂/သကတ(နိုင်) ၁၂၁၁၀၉]တို့က ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်း၍ ကျွန်မမှဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်မထံသို့ကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စရန်ငွေပေးချေထားသူ**
**ဒေါ်အေးအေးမွန် [၁၂/လမတ(နိုင်)၀၀၀၈၂၃]**
**အမှတ်(၆၉)၊ (၇)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ Ph:09-795413884**

**“ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း”**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေး အဖွဲ့မှ မြေစည်ပင်ခလက်ခံပြေစာဖြင့် ဦးစိန်ထွန်း (ISN-၀၉၈၀၀၄)အမည်ဖြင့် နေရာချထားပေးသော သာသနာ့ရိပ်သာရပ်ကွက်၊ (၁/န)၊ မေဃဝတီတိုးချဲ့ (၁၃)လမ်း၊ မြေကွက်ကြီးအမှတ်-(၁/န)၊ အိမ်ရာကွက်ငယ် အမှတ်-(၉၁၈)၊ ဧရိယာ-(၄၀x၆၀) ပေအကျယ်အဝန်းရှိ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဒေါ်မြတ်မိုးဦး (ဘ)ဦးညဏ်ထွန်း [၇/တငန(နိုင်) ၂၂၉၁၈၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်အေမီကျော် [၁၂/ဒဂမ(နိုင်) ၀၃၈၄၈၁]က အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ် ပြုလုပ်မှုကို အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်အေမီကျော် ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဆွေဇင်ဝင်း ( LL.B ) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၂၄)**
**(၁/ရ-၁၂၃)၊ ၁/ရ(၅)လမ်း၊ မေဃဝတီတိုးချဲ့၊ သာသနာ့ရိပ်သာရပ်ကွက် ၊ လှည်းကူးမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၀၃၀၆၈၇၊ ၀၉-၇၉၅၄၈၅၄၃၈**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
## နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ ဝန်ကြီးဌာနကိုယ်စားပြုခရိုင်ရုံးအသီးသီးတွင် လစ်လပ်လျက်ရှိသော အမှုထမ်းရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားပြုခရိုင်ရုံးအသီးသီးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်မြေစာရင်းဦးစီးဌာန ရုံးများနှင့် ယင်းတို့အောက်ရှိ ခရိုင်၊ မြို့နယ်ရုံးများတွင် လျှောက်လွှာ တင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး(စိုက်ပျိုးရေး) (လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀ -၂၂၆၀၀၀) | (၂၇)နေရာ | B.Agri.Sc |
| (ခ) | ဒုတိယဦးစီးမှူး(ဆည်မြောင်း) (လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀ -၂၂၆၀၀၀) | (၁)နေရာ | B.E(Civil) |
| (ဂ) | ဒုတိယဦးစီးမှူး(ရေအရင်းအမြစ်) (လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀ -၂၂၆၀၀၀) | (၇)နေရာ | B.E(Civil/Mech) |
| (ဃ) | ဒုတိယဦးစီးမှူး(စက်မှုလယ်ယာ) (လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀ -၂၂၆၀၀၀) | (၁၇)နေရာ | B.E(Mech) |
| (င) | ဒုတိယဦးစီးမှူး(မွေးကု) (လစာနှုန်း၊၂၁၆၀၀၀-၂၀၀၀ -၂၂၆၀၀၀) | (၃၃)နေရာ | B.V.Sc/D.V.M |
| (စ) | ဒု-လက်ထောက်ဦးစီးမှူး (စိုက်ပျိုးရေး) (လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀ -၁၉၀၀၀၀) | (၆၅)နေရာ | Dip.Agri |
| (ဆ) | ဒု-လက်ထောက်ဦးစီးမှူး (ဆည်မြောင်း) (လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀ -၁၉၀၀၀၀) | (၄)နေရာ | A.G.T.I(Civil)/ E.G.T.I(Civil) |
| (ဇ) | ဒု-လက်ထောက်ဦးစီးမှူး (ရေအရင်းအမြစ်) (လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀ -၁၉၀၀၀၀) | (၁၄)နေရာ | A.G.T.I(Civil/ Mech)/ E.G.T.I(Civil/ Mech) |
| (ဈ) | ဒု-လက်ထောက်ဦးစီးမှူး (စက်မှုလယ်ယာ) (လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀ -၁၉၀၀၀၀) | (၄၆)နေရာ | A.G.T.I(Mech)/ E.G.T.I(Mech) |
| (ည) | ဒု-လက်ထောက်ဦးစီးမှူး (မွေးကု) (လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀ -၁၉၀၀၀၀) | (၆၄)နေရာ | သိပ္ပံဘွဲ့တစ်ခုခု (သို့မဟုတ်) တိရစ္ဆာန်ဆေးကု ဒီပလိုမာ ရရှိပြီးသူ |
| (ဋ) | ဒု-လက်ထောက်ဦးစီးမှူး (ငါးလုပ်ငန်း) (လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀ -၁၉၀၀၀၀) | (၄၂)နေရာ | B.Sc(Zoology) သို့မဟုတ် Diploma in Fisheries and aquaculture ရရှိပြီးသူ |

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်-
(က) လျှောက်ထားသည့်ရာထူးအမည်၊
(သတ်မှတ်ပညာအရည်အချင်းနှင့် ကိုက်ညီသဖြင့် ရာထူးနေရာ (၁)ခုထက်ပို၍ လျှောက်ထားပါက ပထမဦးစားပေးသည့်ရာထူး၊ ဒုတိယဦးစားပေးသည့်ရာထူး ခွဲခြားဖော်ပြရပါမည်။)
(ခ) အမည်
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ဃ) မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်)
(င) လူမျိုး/ကိုးကွယ်သည့်ဘာသာ
(စ) အဖအမည်/ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ဆ) ရရှိသည့်ဘွဲ့/ဒီပလိုမာ၊ ခုနှစ်၊ တက္ကသိုလ်
(ဇ) အမြဲတမ်းနေရပ်လိပ်စာ
(ဈ) ဆက်သွယ်ရန်လိပ်စာ
(ည) ဖုန်းနံပါတ်

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ပြည့်စုံစွာပူးတွဲ ပေးပို့ရမည်-
(က) ပညာအရည်အချင်းထောက်ခံချက်
(၁) အမှတ်စဉ်၁။(က)မှ(င)အထိအတွက် ဘွဲ့လက်မှတ် ထောက်ခံချက်မိတ္တူ၊ အမှတ်စာရင်းမိတ္တူနှင့် အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ။
(၂) အမှတ်စဉ်၁။(စ) မှ (ဋ)အတွက် ဘွဲ့/ ဒီပလိုမာလက်မှတ်မိတ္တူနှင့် အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ (သို့မဟုတ်) သက်ဆိုင်ရာ အထက်တန်းကျောင်းအောင်လက်မှတ်မိတ္တူ။
(ခ) တာဝန်ကျရာ မည်သည့်ဒေသတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြု ဝန်ခံချက်၊
(ဂ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ကိုယ်တိုင်ကတိဝန်ခံချက်၊
(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်) နှင့် လွန်ခဲ့သော(၁)လအတွင်းရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်း၊
(င) (၁)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ၊ ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်ရေးသားရန်၊
(စ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ (၁)လအတွင်း ရယူထားသော ကျန်းမာကြောင်း ဆေးထောက်ခံချက်မူရင်း၊
